မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၉၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်   ၂၀၁၃ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း လှိုင်သာယာမြို့နယ် စက်မှုဇုန်၌ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အခြေခံအလုပ်သမားများနှင့် လယ်သမားများအတွက် အလေးထားဆောင်ရွက်

နေပြည်တော် ဧပြီ ၂၀

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်စက်မှုဇုန် ကနောင်ခန်းမ၌ အသေးစား ငွေစုငွေချေးလုပ်ငန်း (Microfinance) များ ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံအလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာတစ်နိုင်ငံလုံး၌ အခြေခံအလုပ်သမားအဖွဲ့အစည်း ၄၆၄ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၁ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်တစ်ဖွဲ့စုစုပေါင်း ၄၇၆ ဖွဲ့ရှိပြီး အလုပ်ရှင်အဖွဲ့အစည်းအနေဖြင့် အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၁၁ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့ စုစုပေါင်း ၁၉ ဖွဲ့အပါအဝင် ၄၉၅ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အသွင်ကူးပြောင်းနေချိန်၌ အခြေခံပြည်သူများဖြစ်သော အလုပ်သမားများနှင့် လယ်သမားများအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အများဆုံး ဖန်တီးပေးနိုင်သည့် (CMP) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုကို ဝမ်းမြောက်ဖွယ် တွေ့ရှိရကြောင်း၊ အသေးစား ငွေစုငွေချေး(Microfinance)လုပ်ငန်း

စာမျက်နှာ ၈ ကော်လံ ၁ ❍

ဟိုတစ်ချိန်တုန်းက မြန်မာ့အားကစား

ပရိသတ်တောင်းဆိုမှုကြောင့် ဗိုလ်လုပွဲကို နှစ်ခါပြန်ကစားပေးခဲ့ရသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း

ဖေ မြင့် ဦး

မြန်မာ့အားကစားသည် တစ်ခေတ်တစ်ချိန်က အာရှအဆင့်အထိ ဂုဏ်ရည်ကြွယ်ဝခဲ့ဖူးသည်။ အာရှအဆင့်အထိ ထိုးဖောက်နိုင်ခဲ့သည်။ ကမ္ဘာ့အိုလံပစ်အဆင့်အထိ ခြေချခွင့်ရခဲ့ဖူးသည်ဟုဆိုလျှင် ယနေ့ခေတ်လူငယ်လူရွယ်များအနေဖြင့် ယုံတမ်းစကားပြောသည်ဟု ထင်ကြမလားမသိပါ။ ယုံတမ်းစကားလည်း မဟုတ်ပါ။ ကယောင်ကတမ်း နိုးတစ်ဝက်အိပ်မက်လည်း မဟုတ်ပါ။ အမှန်တကယ်ပင် ထိုအတိုင်းဖြစ်ခဲ့ပါသည်။ ရှိခဲ့ပါသည်။

ဤတွင် ဟိုတစ်ချိန် ဘောလုံးရွှေခေတ်က အကြောင်းအရာဖြစ်စဉ်အချို့ထဲမှ ရွှေခေတ်ဘောလုံးသမားဟောင်းကြီးတစ်ဦးဖြစ်သည့် ဦးရဲညွန့် ပြောပြသည့်အကြောင်းအရာတစ်ခုကို ပြောပြချင်သည်။ ယနေ့ကမ္ဘာ့ဘောလုံး မျက်နှာစာရှေ့သို့ ထိုးထွက်နေသော တောင်ကိုရီးယားမှာ မြန်မာ့ဘောလုံးရွှေခေတ်အချိန်အခါက သူတင်ကိုယ်တင် ပြိုင်ဘက်များ ဖြစ်ခဲ့ကြသည်။ တောင်ကိုရီးယားဘောလုံးအဆင့်သည် မြန်မာထက်သာလွန်သော အဆင့်မဟုတ်ပေ။ သူတို့နိုင်ငံတွင် ပတ်ချ်ပါးသမ္မတဖလားပြိုင်ပွဲ ကျင်းပသည်။ ထိုပြိုင်ပွဲဝင်ရန် မြန်မာအသင်းကို တောင်ကိုရီးယား

စာမျက်နှာ ၇ ကော်လံ ၁ ●

မြန်မာနိုင်ငံတွင်ပြုပြင်ပြောင်းလဲမှုများ အားထုတ်လုပ်ဆောင်မှုကြောင့် တိုးတက်မှုများဖြစ်ပေါ်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး John Kerry

နေပြည်တော် ဧပြီ ၂၀

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကိုဦးတည်သော ပြုပြင်ပြောင်းလဲမှုများ အားထုတ်လုပ်ဆောင်မှုနှင့်အတူ လူ့အခွင့်အရေးဆိုင်ရာများကိုလည်း ယခင်ကထက် လေးစားစွာ လုပ်ဆောင်ခဲ့မှုကြောင့် သိသိသာသာတိုးတက်မှုများရှိလာခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး John Kerry က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဧပြီ ၁၉ ရက်က ပြုလုပ်ခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ရာတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး John Kerry

ထို့အပြင် John Kerry က "နိုင်ငံတကာမှစံထားတဲ့ လူ့အခွင့်အရေးဆိုင်ရာတွေကို မြန်မာနိုင်ငံက ကျင့်သုံး လုပ်ဆောင်ခဲ့တာဖြစ်လို့ နိုင်ငံတကာနဲ့ ဆက်ဆံရေးပိုမိုကောင်းမွန်အောင် လမ်းဖွင့်ပေးရာရောက်စေပါတယ်။ ပြည်သူတွေရဲ့ အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်နိုင်ပြီး စိန်ခေါ်မှုတွေလည်း ရှိနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

၎င်းအပြင် အမေရိကန်နိုင်ငံ ယာယီလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Uzra Zeya ကလည်း "ပြီးခဲ့တဲ့နှစ်များအတွင်း မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေဟာ အားတက်ဖွယ်ရာဖြစ်ခဲ့ပါတယ်။ အဲ့ဒီအချက်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးခဲ့တာ၊ လွတ်လပ်မျှတပြီးကျယ်ပြန့်တဲ့ ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်နိုင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တွေ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာခဲ့တာ၊ သတင်းလွတ်လပ်ခွင့် လျှော့ပေါ့ပယ်ဖျက်ပေးခဲ့တာတွေကို ဥပမာပေးလိုပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် လူ့အခွင့်အရေးအစီရင်ခံစာတွင် နိုင်ငံပေါင်း ၁၉၉ နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများရေးသားထားပြီး ၎င်းတွင်

စာမျက်နှာ ၇ ကော်လံ ၁ ▲

ပြည်တွင်း

အငှားယာဉ်(တက္ကစီ)များ လက်ရှိပြေးဆွဲနေမှု အမှုအကျင့်များ ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီ

သတင်းစာမျက်နှာ ➤ ၂

နိုင်ငံတကာ

ဘော့စ်တွန်မာရသွန် ဗုံးဖောက်ခွဲမှု သံသယရှိသူအား လက်ရဖမ်းမိ

သတင်းစာမျက်နှာ ➤ ၄

အားကစား

ဗန်ပါစီနဲ့ ဂါရက်ဘေးလ် အကောင်းဆုံးဆု ဘယ်သူဆွတ်ခူးမလဲ

သတင်းစာမျက်နှာ ➤ ၁၄

ရွှေရန်နံ့ဒက်ကျေလိမ်းဆေးကို လိမ်းပေးခြင်းဖြင့် ထုံကျဉ်ကိုက်ခဲ၊ ညောင်းညာခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ရွှေရန်နံ့ အကြောပြေ ဒက်ကျေလိမ်းဆေး

ဒက်ကျေလိမ်းဆေး၏ ထူးခြားချက်

ရွှေရန်နံ့လိမ်းဆေးသည် စိတ်ကိုတက်ကြွလန်းဆန်းစေပြီး ပျော့ဆိမ့်ရန်နှင့်စိတ်အာရုံကိုကြည်လင်စေမည့် သင်းပျံ့သော ရနံ့တို့ပါရှိသောကြောင့် ရန်နံ့နစ်မျိုးကိုခံစားရမည့် လိမ်းဆေးဖြစ်ပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လမ်းသာခြင်းမှ လူမှုဆက်ဆံရေးတိုးတက်ခိုင်မာ

ခရီးလမ်းပန်းခက်ခဲမှုသည် လူမှုဆက်ဆံရေးကို ထိခိုက်နိုင်သည်။ ထိုခက်ခဲမှုကြောင့် တစ်ဦးနှင့်တစ်ဦး အထိအတွေ့နည်းပြီး တစ်ဦးနှင့်တစ်ဦး သက်ာမကင်းများဖြစ်ကြရသည်။ တစ်ဦး၏စရိုက်ကို တစ်ဦးကမသိကြ၍ အခက်အခဲနှင့် ရင်ဆိုင်ကြရသည်။ လမ်းခရီးခက်ခဲမှုကို မလိုလားကြ။ ခရီးလမ်းချောမောလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုရှိလာ၍ နားလည်မှုများရရှိကြသည်။ လမ်းသာသည်နှင့်အညီ ဆက်သွယ်မှုလည်း ကောင်းလာပေသည်။

လမ်းတို့မည်သည် ဆက်သွယ်မှု၊ ကူးသန်းသွားလာမှု၊ ရောင်းဝယ်ဖောက်ကားမှုကို အထောက်အကူပြုလျက်ရှိသည်။ လမ်းထောက်လျှင် ဆက်သွယ်မှုနည်းပါးသည်။ နိုင်ငံ၏ပထဝီအနေအထားအရ အရှေ့အနောက်၊ တောင်မြောက်တို့တွင် တောင်တန်းတောင်စွယ်များ၊ မြစ်ကြီးများတားဆီးနေမှုကြောင့် ယခင်က ဆက်သွယ်မှုနည်းပါးခဲ့သည်။ ယနေ့အချိန်တွင် ကားလမ်း၊ မီးရထားလမ်းများ၊ တံတားကြီးများကို တောင်တန်းတောင်စွယ်များ၊ မြစ်ကြီးများ တားဆီးနေစေကာမူ ဖြတ်ကျော်၍ ဖောက်လုပ်ထားသဖြင့် ဆက်သွယ်သွားလာမှုများ ပြုလုပ်နိုင်နေပြီဖြစ်သည်။

ပုသိမ်-မုံရွာ လမ်းမကြီးဆိုလျှင် စစ်ကိုင်း၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး လေးခုကို တစ်ဆက်တစ်စပ်တည်းဖြစ်စေခဲ့သည်။ ယင်းလမ်းမကြီးကို ဗဟိုပြု၍ ဒေသခံပြည်သူတို့ လူမှုစီးပွားဖွံ့ဖြိုးစေခဲ့သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံးကို ချိတ်ဆက် ဆက်သွယ်သွားလာနိုင်ရန် ကားလမ်း၊ ရထားလမ်းများ၊ တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိပေသည်။

လမ်းသာခြင်းသည် ပြည်တွင်းမှာသာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှု၊ ကူးလူးဆက်သွယ်မှုများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းမှ ဖြတ်သန်းမည့် အာရှလမ်းမကြီးလေးခုရှိရာ အာရှလမ်းမကြီး အမှတ်(၁)သည် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှစ၍ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့အထိဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်က နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံရာတွင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းဖောက်လုပ်မှု၌ မြန်မာဘက်မှ များစွာဆောင်ရွက်ပြီးဖြစ်၍ အမြန်ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရေး၊ မိုရေး-တမူး-ကလေး-ကလေးဝ-မန္တလေး လမ်းပြုပြင်မှုအား ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သော လီဒိုလမ်းမကြီး ပြန် လည်ပေါ်ထွန်းလာခြင်းအားဖြင့် အိန္ဒိယ၊ မြန်မာ၊ တရုတ် ကုန်သွယ်မှု ပိုမိုဖြစ်ထွန်းလာမည်ဖြစ်၍ ပြန်လည်အကောင်အထည်ဖော်ရန် စဉ်းစားသုံးသပ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပထဝီအနေအထားအရ သဘာဝအတားအဆီးများ မည်သို့ပင် ကာဆီးနေစေကာမူ ပညာရှင်များ၏ တွေးတောကြံဆမှု၊ နည်းပညာများ၊ ခေတ်မီစက်ပစ္စည်းကိရိယာများ၊ ရင်းနှီးစိုက်ထုတ်မှုအားတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်းသာမက အိမ်နီးချင်းနိုင်ငံများနှင့်ပါ တစ်ဆက်တစ်စပ်တည်း မကြာသောကာလတွင် သွားလာနိုင်မည်ဖြစ်သည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ရာ လမ်းသာမှုကြောင့်ရရှိလာမည့် လူမှုဆက်ဆံရေးများ တိုးတက်ခိုင်မာလာမည် ဖြစ်ပါကြောင်း။ ။

ဖခင်အမည်မှန်

မမာမာဆွေ ၁၄/ကပန(နိုင်)၁၄၃၂၅၈၏ ဖခင်အမည်မှန်မှာ ဦးချစ်ဦးမောင် ၁၄/ကပန(နိုင်)၀၇၈၅၃၃ ဖြစ်ပါသည်။

ပြည်တွင်းသတင်း

အငှားယာဉ်(တက္ကစီ)များ လက်ရှိပြေးဆွဲနေမှု အမူအကျင့်များ ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီ

ရန်ကုန် ဧပြီ ၂၀

၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ အာဆီယံဥက္ကဋ္ဌ အိမ်ရှင်တာဝန်ထမ်းဆောင်ခြင်းတို့အတွက် နိုင်ငံခြားသားအများအပြား ပြည်တွင်းသို့ ဝင်ရောက်လာနိုင်ရာ နိုင်ငံ့ဂုဏ်ရည် အဆင့်အတန်း မြှင့်တင်ပြသနိုင်ရန် မြို့တွင်းခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန် လိုအပ်လာကြောင်း၊ အထူးသဖြင့် နိုင်ငံခြားသားများ စီးနင်းမှုများနိုင်သည့် စီးလုံးအငှားယာဉ်(တက္ကစီ)များအနေဖြင့် လက်ရှိပြေးဆွဲနေမှု အမူအကျင့်များ ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း အငှားယာဉ်စီးနင်းသွားလာနေသူများကဆိုသည်။

သက်ဆိုင်ရာမှ နိုင်ငံခြားတိုင်းပြည်များကဲ့သို့ စီးနင်းသူခရီးသွားနှင့် ယာဉ်မောင်းအကြား ဈေးနှုန်းစကားပြောရန်မလိုဘဲ စီးနင်းရန် တက္ကစီမီတာများကို တစ်လုံးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် တပ်ဆင်ရန်စီစဉ်ပေးခဲ့သော်လည်း ယနေ့ထိ အောင်မြင်မှုမရသဖြင့် ဈေးနှုန်းပြောဆိုဈေးဆစ်စီးနင်းနေရဆဲဖြစ်သည်။ စီးလုံးငှားစီးနင်းရာတွင် အချိန်ကုန်သက်သာရန်၊ သက်သောင့်သက်သာစီးနင်းရန် ငွေကြေးအကုန်အကျခံ၍ ခရီးသည်များမှ ငှားရမ်းသော်လည်း အချို့သောတက္ကစီမောင်းသူများ၏ ခရီးသည်များစုပေါင်းတင်ဆောင်မှုဒဏ်ကို လူအများအပြား ဝင်ထွက်ရာ ကားဂိတ်၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံများတွင် ခရီးသွားများ တွေ့ကြုံခံစားနေကြရာ မြန်မာလူမျိုးတို့၏ အားနာမှု၊ သည်းခံမှုတို့အပေါ် အခွင့်အရေးယူလုပ်ဆောင်နေခြင်းဖြစ်သည်ဟု သင်္ကြန်ရက်ပိုင်းအတွင်း နယ်မြို့များမှ ပြန်လာသော ရန်ကုန်မြို့လယ်နေ ခရီးသည်များကဆိုသည်။

ကြုံတွေ့ရ

နယ်စုံမှ ခရီးသည်အများအပြား ဝင်ရောက်ရာ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ လေဆိပ်တို့တွင် ခရီးသည်များအား ကားခဈေးနှုန်းပြော အလုအယက် ဆွဲငင်ယူပြီး တက္ကစီအတွင်းသို့ ဝင်ရောက်ခိုင်းသော်လည်း ချက်ချင်းမထွက်သေးဘဲ လမ်းကြောင်းတူ ခရီးသည်များ ထပ်မံရှာဖွေပြီး ရမှထွက်လေ့ရှိကြောင်း၊ ရှာဖွေမရလျှင် အခြားတက္ကစီတစ်စီးသို့ ခရီးသည်ကို လွှဲပြောင်းတင်လေ့ရှိရာ ခရီးသည်အဖို့ အချိန်ကုန် ငွေပိုကုန်ပြီး သက်သောင့်သက်သာမဖြစ်ဘဲ စိတ်ညစ်ညူးမှုနှင့် ကြုံတွေ့ရသည်ဟု ဆိုသည်။

လိုအပ်နေ

ခရီးသည်များ သက်သောင့်သက်သာ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ဘူတာ၊ ကားဂိတ်များတွင် တံဆိပ်တပ်အသင်းပုံစံ အငှားယာဉ်အစုအဖွဲ့များ တွေ့မြင်ရပြီး ခရီးသည်ကျေနပ်မှု အုပ်စုဖွဲ့တင်သည်ဆိုသော စာသားများ ဖတ်ရှုရသော်လည်း လက်တွေ့တွင် ခရီးသည်ဆန္ဒသဘောတူညီချက်မပါဘဲ တင်လေ့ရှိသည်ကို တွေ့မြင်နေရသည်။ သက်ဆိုင်ရာမှ ရန်ကုန်မြို့တွင် အငှားယာဉ်ကားခနှုန်းထားများ အများပြည်သူသိသာနိုင်ရန် ယခင်က စိုက်ထူခဲ့သော်လည်း လိုက်နာမှုမရှိခဲ့။ ယခုအခါ စီးလုံးငှားအငှားယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်း၊ ခရီးသည်တင်ဆောင်ခြင်းတို့အပြင် စုပေါင်းခရီးသည်တင်ယာဉ်များသဖွယ် ဖြစ်နေခြင်းကို အရေးယူရန်လိုအပ်လာသည်။ ခရီးသည်များအပေါ် ငဲ့ညှာမှုမရှိဘဲ မိမိကိုယ်ကျိုးအတွက်သာ ရှာဖွေနေသော စုပေါင်းစပ်တင်တက္ကစီယာဉ်များကို လူအများဝင်ထွက်ရာ ကားဂိတ်-သင်္ဘောဆိပ်-ဘူတာရုံ-လေဆိပ်တို့တွင် စစ်ဆေးအရေးယူရန် လိုအပ်နေပြီဖြစ်သည်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် အထူးကားများ၊ တက္ကစီယာဉ်များသည် မိမိတို့၏ အမည်နာမများ သတ်မှတ်ချက်နှင့်အညီ နိုင်ငံ့ဂုဏ်ဆောင်ယာဉ်များအဖြစ် လိုက်လျောညီထွေစွာဖြစ်ရန် သက်ဆိုင်ရာမှ အမြန်ဆုံးစစ်ဆေးပြုပြင်ရန် လိုအပ်နေပြီဟု ရန်ကုန်မြို့တွင်း လမ်းအသုံးပြုသူများကဆိုသည်။

ခင်ဆိုင်

စက်လှေလမ်းကြောင်းဖော်ပေးပါ

ထင်သာမြင်သာ ပြုပြင်စရာ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်ရှိ ဖယ်ခုံအင်းရေပြင်သည် ညောင်ရွှေမြို့နယ် အင်းလေးဒေသနှင့် တစ်ဆက်တစ်စပ်တည်းရှိသည်။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ပြည်သူများ သွားလာရေး အဆင်ပြေစေရန် ရေလမ်းခရီး ညောင်ရွှေ-ဖယ်ခုံ စက်လှေယာဉ်လိုင်းတွင် လူတစ်ဦးလျှင် စက်လှေ ယာဉ်စီးခနှုန်းထား ငွေကျပ် ၃၅၀၀ ဖြင့် နေ့စဉ် အချိန်မှန်ပြေးဆွဲပေးလျက်ရှိသည်။

မကြာသောကာလတွင် အင်းလေးဒေသ ဟိုတယ်ဇုန်ကြီးလည်း ပေါ်ထွန်းလာတော့မည်ဖြစ်ရာ ညောင်ရွှေ-ဖယ်ခုံသို့ နိုင်ငံခြားသားဧည့်သည်များ သွားရောက်လည်ပတ်စရာဒေသတစ်ခုဖြစ်လာမည်ဖြစ်သည်။ စာရေးသူသည် ဧပြီ ၃ ရက်က ဖယ်ခုံမြို့မှ ညောင်ရွှေမြို့သို့ ရေလမ်းခရီးစက်လှေဖြင့် ခရီးနှင်ခဲ့ရာ စကားအင်း(ကုန်းပြင်ရွာ) အနီးတွင် အင်းရေတိမ်ကောပြီး ဗေဒါပင်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် စက်လှေမှာ ရှေ့ဆက်လို့မရတော့ဘဲ လူအင်အားဖြင့် စက်လှေကို ဆင်းတွန်းရသည်။ **(အပေါ်ယာပုံ)** ဒေသခံများကလည်း မိမိတို့၏ အင်အားဖြင့် စက်လှေလမ်းကြောင်းဖောက်ကြသော်လည်း ခက်ခက်ခဲခဲနှင့်ကျော်လွှားခဲ့ရသည်။ စာရေးသူအတွက်တော့ မေ့မရနိုင်သည့် အမှတ်တရဖြစ်သည်။ သို့သော်လည်း ခရီးသွားပြည်သူများအတွက် အခက်အခဲများဖြင့် ရင်ဆိုင်ရသောကြောင့် သက်ဆိုင်ရာမှ စက်အင်အားဖြင့် စက်လှေလမ်းကြောင်းပေါ်အောင် ဖော်ပေးနိုင်ပါရန် ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

ခရီးသွားပြည်သူတစ်ဦး

စုပေါင်းဒုလ္လဘသီလရှင်ဝတ်ပွဲ ကျင်းပ

မိုးညှင်း ဧပြီ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ သမိဒ္ဓေါဒယ သာသနာပြုသီလရှင်ကျောင်းတိုက်၌ မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက စတုတ္ထအကြိမ်မြောက် စုပေါင်းဒုလ္လဘသီလရှင်ဝတ်ပွဲအခမ်းအနား ကျင်းပရာ သီလရှင်လောင်းကျောင်းသူများက ငါးတို့ဘုရားကဗျာကို ရွတ်ဆိုပူဇော်ပြီး ဆီမီး ပန်း ရေချမ်းကပ်လှူပူဇော်ခြင်း၊ သီလရှင်ဆရာမကြီးများထံ အပ်နှံခြင်း၊ သီလရှင်လောင်းများ ဝတ်စုံတောင်းခံခြင်း၊ သီလရှင်လောင်းများကို ဆံချပေးခြင်းတို့ကို ပြုလုပ်သည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များနှင့် ဆုံးမဩဝါဒကို နာယူကြည်ညိုကြပြီး အလှူရှင်များ၏ လှူဒါန်းမှုအစုစုတို့ကို ရေစက်ချ အမျှပေးဝေခဲ့ကြသည်။

(၁၄၉)

နှစ်ထပ်တိုက်သစ်ရောင်းမည်

တောင်ဥက္ကလာ၊ ၁၀ ရပ်ကွက်၊ မေတ္တာလမ်းကျောကပ် ပေ(၄၀×၇၀) (ဂရန်မြေ)၊ RC နှစ်ထပ်တိုက်သစ် ရေချိုးခန်းအိမ်သာတွဲလျက် အိပ်ခန်းတစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ တစ်အိမ်လုံး (ပါကေးခင်း+လျှာထိုးခင်း) ရေချိုးခန်းအိမ်သာကြွေပြားကပ်ပြီး၊ ဂျိုးဖြူရေ၊ မော်တာ+မီး၊ ကားထားရန် နေရာအသင့်နှင့် တစ်ခြံလုံး ကွန်ကရစ်ခင်းပြီး တံခါးများအားလုံး သံပန်းတပ်ပြီး။

(ညှိနှိုင်းဈေး)

ဖုန်း-၀၉-၅၁၆၀၀၀၁၊ ၀၉-၈၅၃၄၁၅၁

မသုံးတတ်က
မီးရန်က
ဒုက္ခပေးလိမ့်မည်

ပြည်တွင်းသတင်း

နိုင်ငံရေးပါတီ ငါးပါတီမှ ကိုယ်စားလှယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

ရန်ကုန် ဧပြီ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုပြည်ပဆက်သွယ်ရေးဌာန၏ ဖိတ်ကြားချက်အရ နိုင်ငံရေးပါတီ ငါးပါတီမှ ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာသွားကြသည်။

လေ့လာရေးကိုယ်စားလှယ်များမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးခင်မောင်ဆွေ၊ ဦးစိန်လှဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဟန်ရွှေ၊ ဦးသိန်းထွန်း၊ ဦးဖေလိန်းမောင်၊ ရခိုင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဒေါက်တာအေးမောင်၊ ဦးဇော်အေးမောင်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ နိုင်ခင်မောင်ဆင့်၊ မင်းချမ်းနွန်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးစောသန်းမြင့်၊ ဦးတင်ဆန်းတို့ဖြစ်ပြီး ဧပြီ ၂၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၊ ကူမင်းမြို့နှင့် အခြားမြို့များသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ကြမည့် နိုင်ငံရေးပါတီ ငါးပါတီမှ ကိုယ်စားလှယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (သတင်းစဉ်)

မိတ္ထီလာယာယီကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်မိသားစုများအတွက် အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိ

မိတ္ထီလာ ဧပြီ ၂၀

မိတ္ထီလာမြို့တွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည် မိသားစုများအတွက် စေတနာရှင်ပြည်သူများက စဉ်ဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၁၈ ရက်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ စောင် ၁၃၆၆ ထည်၊ ခြင်ထောင် ၁၃၃၆ လုံး၊ မန္တလေးမြို့ (မြို့/မြို့ကွက်သစ်) တိုက်၊ အိမ်၊ ခြံမြေရောင်းဝယ်ရေးနှင့် အကျိုးတော်ဆောင်အလှူရှင် မိသားစုက ငွေကျပ် ၁၀ သိန်း **(အောက်ဝဲပုံ)**နှင့် တန်ဖိုးငွေကျပ် ၁၁၇၃၁၀၀၀ ရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ ပျော်ဘွယ်မြို့ လူငယ်အဖွဲ့မှ ကြက်သွန်နီပိဿာ ၆၀၀၊ ခရမ်းချဉ်သီး ပိဿာ ၁၅၀ တို့ကို လာရောက် လှူဒါန်းခဲ့ကြသည်။

လာရောက်လှူဒါန်း

အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်းမှုလက်ခံရာ ဆက်သွယ်ရေးဧည့်ရိပ်သာသို့ ဧပြီ ၁၈ ရက်အထိ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၃၂၄၅၆၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများ တန်ဖိုးငွေကျပ် ၄၆၂၇၉၀၇၉၀ ခန့်ကို စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းပြီးဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

❖*ကျောဖုံးမှ*

ဆောင်ရွက်နေသော ဌာနခွဲတစ်ခုဖြစ်သည်။ ယခုအခါ မိမိနိုင်ငံမှထုတ်ပြန်သော လေကြောင်းသတင်းများ (out going messages)နှင့် နိုင်ငံတကာမှ လေကြောင်းသတင်းများ (in coming messages)ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ စံချိန်စံညွှန်းမီစွာ ထုတ်ပြန်လျက်ရှိသည်။ လေကြောင်းသတင်း ပြန်ကြားရေးဌာနခွဲသည် လာမည့် ၂၀၁၆ ခုနှစ်မှ စတင်ကာ လေကြောင်းသတင်းပြန်ကြားရေးလုပ်ငန်းမှ လေကြောင်းသတင်း စီမံခန့်ခွဲမှု စနစ်သို့ ကူးပြောင်းရန် စီစဉ်နေပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

သတင်းပြန်ကြားရေး ဌာနခွဲအား ဗြိတိန်နိုင်ငံအခြေစိုက် International Standard Organization မှ လာရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် စံချိန်စံညွှန်းပြည့်မီညီညွတ်သဖြင့် အိုင်အက်စ်အို လက်မှတ် လာရောက်ချီးမြှင့်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ပြည် ဧပြီ ၂၀

ဧပြီ ၁၆ ရက် ညနေ ၅ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နဝင်းရပ်ကွက် ချောင်းနားတမ်းအပါအဝင် သစ်ချီတင်ကျေးရွာအုပ်စု၊ ဇီးအုပ်ကျေးရွာအုပ်စုတို့မှ အိမ်ခြေ ၃၇ လုံးခန့် လေဘေးသင့်၍ ပြိုကျ ပျက်စီးခဲ့ပြီး အိမ် ၁၃၅ လုံးမှာ အမိုးများလန် ပြုတ်ထွက်ပြီး အသေးစား ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သော အိမ်ခြေ ၃၇ လုံးမှ လေဘေးသင့် ပြည်သူများအား ဧပြီ ၁၉ ရက် နံနက် ၉ နာရီတွင် ဇီးအုပ်အုပ်စုနှင့် မြောင်းငယ်လှရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်း၍ လေဘေးသင့်အိမ် ၃၇ လုံးအတွက် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်ဆောက်ပစ္စည်းများ၊ ခေါက်ဆွဲခြောက်ထုပ်များအား ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)**

လေဘေးသင့် ပြည်သူများအား ထောက်ပံ့လှူဒါန်းခဲ့သော ပစ္စည်းတန်ဖိုးမှာ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၂၀၀၀ ခန့်နှင့် အိမ်ထောင်စု ၃၇စုအတွက် စုစုပေါင်းငွေ ၃၇၈၈၅၆၆ ကျပ်ကျော်ခန့်ရှိကြောင်း သိရသည်။ **ကျော်ကျော် (ပြည်)**

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်ပါ။

(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီဆောင်ရွက်ပါ။

(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက် စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

မြန်မာ့ရုပ်မြင်သံကြား

၂၁-၄-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၅၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ/အက
- ၇:၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
- ၇:၀၀ **မဟော်သဓာ** (အပိုင်း-၇)
- ၈:၀၀ ပြည်တွင်းသတင်း
- ၉:၂၀ ဖန်တီးမှုရဲ့လျှို့ဝှက်ချက်
- ၉:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ် နေ့ရက်များ** (အပိုင်း-၃၈)
- ၁၀:၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

- ၁၂:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၁၂:၂၅ မြန်မာဗီဒီယိုဇာတ်လမ်း **မြားနတ်မောင်ရဲ့ ငှက်ကလေး** (ပထမပိုင်း) ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-အောင်ဩဘာ)
- ၁၃:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း **မြားနတ်မောင်ရဲ့ ငှက်ကလေး** (ဒုတိယပိုင်း)
- ၁၄:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း **မြားနတ်မောင်ရဲ့ ငှက်ကလေး** (တတိယပိုင်း)

ညပိုင်း

- ၁၅:၀၀ ပြည်တွင်းသတင်း
- ၁၅:၁၅ **ရွှေအတိတ်မှသည်ရွှေအောင်ပွဲဆီသို့**
- ၁၅:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **အလုပ်ဟူသမျှ ဂုဏ်ရှိစွ** (အပိုင်း-၁)
- ၁၆:၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၈:၂၀ ပြည်တွင်းသတင်း၊မိုးလေဝသသတင်း
- ၁၈:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ် နေ့ရက်များ** (အပိုင်း-၃၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
- ၂၀:၃၅ ပြည်သူ့နီတိ **နှင်းယှဉ်၍မရသော** နေအောင်၊ သိင်္ဂီထွန်း၊ နွဲ့နွဲ့စန်း၊ စနိုးစံ (ဒါရိုက်တာ-မိုးဇော်ကို)
- ၂၁:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **အလုပ်ဟူသမျှဂုဏ်ရှိစွ** (ဇာတ်သိမ်း) ရင်ခုန်လက်ကမ်းတေးသစ်လမ်း

ခြေစမ်းပွဲတွင် ဂျပန်အသင်း အနိုင်ရ

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ကစားရန်ရောက်ရှိနေသည့် ဂျပန်ယူ-၁၅ လူငယ်လက်ရွေးစင်အသင်းနှင့် မြန်မာလူငယ် ယူ-၁၈(ခ)အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂျပန်လူငယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဂျပန်ယူ-၁၅- တစ်ဂိုး(အီကီမာ)
မြန်မာယူ-၁၈(ခ)-ဂိုးမရှိ

ဂျပန်ယူ-၁၅ အသင်း၏ မြန်မာခြေစမ်းခရီးစဉ် ပထမဆုံးပွဲမှာ အနိုင်ရလဒ်ဖြင့် စတင်နိုင်ခဲ့သည်။ ဂျပန်ယူ-၁၅ အသင်းမှာ ရာသီဥတုပူပြင်းမှုကြောင့် ထင်သလောက် ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်ခြင်းမရှိသော်လည်း ဘောလုံးအခြေခံနှင့် နည်းစနစ်ပိုင်းကို ကျွမ်းကျင်စွာ ကစားနိုင်ခဲ့သည်။ ပွဲအစ မိနစ် ၂၀ လောက်သာ ဂျပန်ယူ-၁၅ အသင်းမှာ လျင်လျင်မြန်မြန်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကြံ့ခိုင်မှု တူသွားခဲ့သည်။

အနိုင်ဂိုး

ဒုတိယပိုင်းတွင် ဂျပန်အသင်း၏ ကစားအားကျသွားမှုကို မြန်မာအသင်း အခွင့်ကောင်းယူကာ ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း သေချာပေါက်ဂိုးအချို့ကို ဂျပန်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ဂျပန်အသင်းအတွက် အနိုင်ဂိုးကို ၇၅ မိနစ်တွင် အီကီမာက သွင်းယူခဲ့သည်။

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
မြန်မာယူ-၁၆ -ဂျပန်ယူ-၁၅

သတင်း-ညီမြတ်သော်တာ

ကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်းအတွက် ငွေဖြည့်ကတ်သီးသန့်ထွက်ရှိမည်

ရန်ကုန် ဧပြီ ၂၀

ပြည်သူများ၏ လိုလားတောင့်တမှုဖြင့် ဧပြီ ၂၄ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချပေးတော့မည့် တန်ဖိုးနည်း ကျပ် ၁၅၀၀ တန်ဖုန်း ဝယ်ယူအသုံးပြုသူများအတွက် ငွေဖြည့်ကတ်များကို သီးသန့်ရောင်းချပေးမည့်ဆိုင်များ၌သာ သွားရောက်ဝယ်ယူအသုံးပြု၍ ရမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ငွေဖြည့်ကတ်

ဧပြီ ၂၄ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းဖုန်းများအဖြစ် စတင်ရောင်းချပေးတော့မည့် CDMA -800 MHz ကျပ် ၁၅၀၀တန်ဖုန်းများသည် ငွေဖြည့်ကတ် ထည့်သွင်းအသုံးပြုရာတွင် MECTel စာတန်းပါ ငွေဖြည့်ကတ်ကိုသာ ထည့်သွင်းအသုံးပြု၍ ရမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူအသုံးပြု

အဆိုပါ ဖုန်းတွင် ငွေဖြည့်ကတ်သည် ယခင်ဖုန်းများကဲ့သို့ မည်သည့် ငွေဖြည့်ကတ်မဆို ထည့်သွင်းအသုံးပြုလို့မရဘဲ သတ်မှတ်ထားသည့် ငွေဖြည့်ကတ်ဖြင့်သာ ထည့်သွင်း အသုံးပြု၍ ရမည်ဖြစ်သည်။ ငွေဖြည့်ကတ်အရောင်းဆိုင်များကိုလည်း သတ်မှတ်ဆိုင်များတွင်သာ ဝယ်ယူအသုံးပြု၍ရမည်ဟု သိရသည်။

"အခုလို ငွေဖြည့်ကတ်ကို သတ်မှတ်ရောင်းချလိုက်တော့ တန်ဖိုးနည်းဖုန်း ဝယ်ယူအသုံးပြုသူတွေအတွက် အတော့်ကို အခက်အခဲဖြစ်သွားမှာပါ။ တကယ်လို့ ဒီငွေဖြည့်ကတ်ကို ဝယ်လို့မရတဲ့နေရာ ရောက်နေတဲ့သူတွေဆိုရင် ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ပါဘူး" ဟု ကုမ္ပဏီဝန်ထမ်းတစ်ဦးက သူ၏အမြင်ကို သုံးသပ်ပြောပြသည်။

ရောင်းချပေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အဆိုပါ တန်ဖိုးနည်းဖုန်းအသုံးပြုသူများအတွက် ငွေဖြည့်ကတ်ဝယ်ယူရရှိနိုင်သော ဆိုင်များမှာ TMHC-ZK ကမာရွတ်မြို့နယ်၊ MTS စမ်းချောင်းမြို့နယ်၊ Best One လသာမြို့နယ်၊ Mobile လသာမြို့နယ်၊ MTC မင်္ဂလာတောင်ညွန့်မြို့နယ်၊ 09 မရမ်းကုန်းမြို့နယ်၊ လူကြီးမင်း သင်္ဃန်းကျွန်းမြို့နယ်၊ Mobile King တာမွေမြို့နယ်၊ Mobile Bank ကြည့်မြင်တိုင်မြို့နယ်၊ ISN Net အင်းစိန်မြို့နယ်၊ Missed- Call ဒေါပုံမြို့နယ်၊ ကိုညီ-မဆွေ လှိုင်သာယာမြို့နယ်တို့၌သာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

" ဒီငွေဖြည့်ကတ်တွေကို ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှာ ၁၂ ဆိုင်သာ ဝယ်ယူအသုံးပြု ငွေဖြည့်လို့ရမယ်လို့ သိရတယ်၊ အဲဒါက ကျွန်တော်တို့အတွက် လုံးဝအခက်အခဲပဲ၊ အရင်ဖုန်းတွေဆိုရင် ငွေကုန်တာနဲ့ ငွေဖြည့်ကတ်ရောင်းတဲ့ ဆိုင်မှန်သမျှ ဘယ်ဆိုင်မဆို ဝယ်ယူ ထည့်သွင်းအသုံးပြုလို့ရတယ်။ အခုလို ကန့်သတ်လိုက်တော့ ဝယ်မယ်လို့ စိတ်ကူးတဲ့လူတွေ တော်တော့်ကို စဉ်းစားရတော့မယ်" ဟု ဗဟန်းမြို့နယ် နတ်မောက်ရပ်ကွက်တွင် နေထိုင်သည့် ဦးမောင်မြင့်က ပြောပြသည်။

မောင်စိန်လွင် (မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

ဗင်နီဇွဲလားသမ္မတသစ်အဖြစ် နီကိုလပ်စ်မာဒူရို ကျမ်းသစ္စာကျိန်ဆို

ကာရာကာ့စ် ဧပြီ ၂၀

နီကိုလပ်စ်မာဒူရိုသည် ပြီးခဲ့သည့် မတ်လက ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့သူ ခေါင်းဆောင်ဟောင်း ဟူဂိုချာဗက်၏ အရိုက်အရာကို ဆက်ခံသည့် ဗင်နီဇွဲလားနိုင်ငံ၏သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဧပြီ ၂၀ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ သမ္မတတာသစ်ရာထူး အပ်နှင်းသည့် အခမ်းအနားကို ဧပြီ ၁၉ ရက်က အမျိုးသားလွှတ်တော်ခန်းမအတွင်း ကျင်းပခဲ့ပြီး ယင်းအခမ်းအနားသို့ ဒေသတစ်ဝန်းနိုင်ငံများဖြစ်သည့် ဘရာဇီး၊ ကျူးဘားနှင့် ကိုလံဘီယာတို့အပါအဝင် အီရန်နှင့်အာရပ်နိုင်ငံအချို့တို့မှ ခေါင်းဆောင်များစွာတို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သမ္မတမာဒူရိုသည် သူ၏ဇနီးသည် ဆီလီယာဖလိုးရက်စ်နှင့်အတူ ဥပဒေပြုနန်းတော်အတွင်းသို့ လမ်းလျှောက်မသွားမီ ပါလီမန် အဆောက်အအုံအပြင်ဘက်တွင် စောင့်နေကြသည့် ပြည်သူများစွာကို ကြိုဆိုနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

မာဒူရိုအားထောက်ခံမှုကို ပြသရန် ကာရာကာ့စ်မြို့လမ်းများပေါ်တွင် ပြည်သူထောင်ပေါင်းများစွာတို့ စုစည်းခဲ့ပြီး ယခင်ကွယ်လွန်သွားသူ စတင်ခဲ့သည့်ဆိုရှယ်လစ်ဝါဒစနစ်ကို သမ္မတအသစ်အနေဖြင့် ဆက်လက်ကျင့်သုံးလုပ်ဆောင်သွားရန် တောင်းဆိုကြသည်။

ဆိုရှယ်လစ် ဝါဒီနီကိုလပ်စ်မာဒူရိုသည် ဧပြီ ၁၄ ရက်က ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် ကာပရီလက်စ်အား ထောက်ခံမဲပေါင်း ၅၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် နှာတဖျားသာ အနိုင်ရရှိကာ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

ဘော့စ်တွန်မာရသွန်ပုံးဖောက်ခွဲမှု သံသယရှိသူအား ရဲတပ်ဖွဲ့က နေအိမ်ခြံဝင်းအတွင်း လက်ရဖမ်းမိ

ဝါရှင်တန် ဧပြီ ၂၀

ဘော့စ်တွန် မာရသွန်ပုံးဖောက်ခွဲတိုက်ခိုက်သူဟု သံသယရှိသူတစ်ဦးအား လက်ရဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဒေသအာဏာပိုင်များက ဧပြီ ၁၉ ရက် ညပိုင်းတွင် ကြေညာလိုက်သည်။

ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးစားအားထုတ်မှုကြောင့် အသက် ၁၉ နှစ်အရွယ်ရှိ ဒိုခါဆာနေးအား လက်ရဖမ်းဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။ သို့သော် များပြားလှသော မေးခွန်းများကို ဖြေဆိုရန် ကျန်ရှိနေသေးကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။

သံသယရှိချေချင်း ညာလူမျိုးအား လက်ပူးလက်ကျပ် ဖမ်းဆီးနိုင်ခဲ့ပြီဖြစ်၍ ဘော့စ်တွန်ဒေသခံများ စိတ်အေးလက်အေးဖြစ်သွားကြောင်းလည်း ၎င်းကပြောသည်။ သံသယရှိသူအား ဖမ်းမိပြီဖြစ်ကြောင်း သက်ဆိုင်ရာက ကြေညာလိုက်သည်နှင့် ဒေသခံပြည်သူများ လမ်းများပေါ် ထွက်လာ၍ ကခုန်အောင်ပွဲခံခဲ့ကြသည်။ အချို့က ကားခေါင်မိုးပေါ်တက်ကခဲ့ကြသည်။

ယင်းကဲ့သို့ အောင်ပွဲမခံမီ မန်ဆာချူးဆက် ပြည်နယ်ရဲအရာရှိ ဗိုလ်မှူးကြီး တီမိုတီအော်ဘင်က "ဒီနေ့ဆုဟာဖြင့် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ဆုတစ်ဆုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ သံသယရှိနေတဲ့ လူတစ်ယောက်ကို လက်ရဖမ်းဆီးထားနိုင်လို့ပါပဲ" ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်၍ ပြောကြားခဲ့သည်။

အဆိုပါ သံသယရှိသူအား ဘော့စ်တွန် တစ်မြို့လုံးအိမ်များ သော့ပိတ်ပြီး တစ်အိမ်တက်ဆင်းရှာဖွေပြီးနောက် ဖမ်းဆီးခဲ့မိခြင်းဖြစ်သည်။ ဘော့စ်တွန်ဆင်ခြေဖုံးဝါးတားတောင်းနေ ဒေသခံတစ်ဦးက သော့ခလောက်ကို ဖွင့်နေစဉ်မှာပင် ဒေသအာဏာပိုင်များက အဆိုပါ သံသယရှိသူအား ၎င်းအိမ်၏ ခြံဝင်းအတွင်း စက်လှေတစ်စင်းပေါ်တွင် သွေးသံများဖြင့် ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။ နေအိမ်ခြံဝင်းအတွင်း စက်လှေပေါ်တွင် တွေ့လိုက်စဉ်မှာပင် ရဲတပ်ဖွဲ့နှင့်သံသယရှိသူတို့ အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း ဘော့စ်တွန်ရဲမင်းကြီးအက်ဒေးဗစ်က ပြောသည်။

ရဲအရာရှိများနှင့် အက်ဖ်ဘီအိုင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် အဆိုပါတွေ့ရှိရာ နေရာသို့ အပြေးအလွှားသွားရောက်ကြပြီး သံသယရှိသူအား ဝိုင်းဝန်းဖမ်းဆီးလိုက်ကြသည်ဟုဆိုသည်။ သံသယရှိသူ ဒိုခါဆာနေး၏ အစ်ကိုဖြစ်သူ တာမာလန်ဆာနေးသည် ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်စဉ် ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားပြီ ဖြစ်သည်။

အက်ဖ်ဘီအိုင် ထောက်လှမ်းရေးအဖွဲ့က ဧပြီ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဓာတ်ပုံများသည် ဘော့စ်တွန်မာရသွန် ပုံးဖောက်ခွဲသူများ၏ အမှတ် (၁)နှင့် အမှတ် (၂) သံသယရှိသူများ ဖြစ်ကြသည်ဟု ဆိုသည်။ ယင်းတို့နှစ်ဦးအားရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးစဉ် မန်ဆာချူးဆက် နည်းပညာတက္ကသိုလ်တွင် ရဲအရာရှိတစ်ဦး သေနတ်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသည်။ **ဆင်ဟွာ**

ဘော့စ်တွန်မြို့ ပုံးပေါက်ကွဲမှုအား ဝမ်းနည်းကြောင်းသမ္မတ ပူတင်ပြောကြား

ဝါရှင်တန် ဧပြီ ၂၀

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဘော့စ်တွန်မြို့ မာရသွန်ပုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ဧပြီ ၁၉ ရက်ညနေပိုင်းက ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြသည်ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရ တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း ဧပြီ ၂၀ ရက်က ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

သမ္မတပူတင်က ဘော့စ်တွန် ပုံးပေါက်ကွဲမှုအတွင်း အသက်ဆုံးရှုံးခဲ့ရသူများအတွက် ရုရှားပြည်သူများကိုယ်စား ဝမ်းနည်းမိပါကြောင်း ပြောကြားခဲ့သည်ဟု ရေးသားဖော်ပြထားသည်။

ဖမ်းဆီးဖော်ထုတ်

ဘော့စ်တွန် ပုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်အစိုးရအနေဖြင့် အကြမ်းဖက်သမားများအား အချိန်မီ ရှာဖွေဖမ်းဆီးဖော်ထုတ်ခြင်းများနှင့် အလျင်အမြန်ဆောင်ရွက်နိုင်ခဲ့ခြင်းအပေါ် သမ္မတပူတင်က ချီးကျူးစကားပြောကြားခဲ့ပြီး သမ္မတအိုဘားမားက အဆိုပါ ချီးကျူးမှုအပေါ် ကျေးဇူးတင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံ အနောက်ပိုင်း စီချွမ်တွင် အားပြင်းငလျင်လှုပ် အနည်းဆုံး ၁၅၆ ဦး သေဆုံး၊ ၅၅၀၀ ခန့် ဒဏ်ရာရ

စီချွမ် ဧပြီ ၂၀

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း၌ အားပြင်းငလျင်လှုပ်ခဲ့ရာ ၁၅၆ ဦး သေဆုံးပြီး ၅၅၀၀ ခန့်ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ပြောကြား

အဆိုပါ ငလျင်သည် လင်ကျင်းမြို့ အနောက်ဘက် ၃၁ မိုင် အကွာကိုဗဟိုပြုလျက် အင်အား ၆ ဒသမ ၇ ဖြင့် လှုပ်သွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒ လေ့လာရေးအဖွဲ့(ယူအက်စ်ဂျီအက်စ်) က ပြောကြားသည်။ ၎င်းမြေငလျင်သည် မြေအောက်အနက် ၇ ဒသမ ၂ မိုင်အကွာတွင် ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒ လေ့လာရေးအဖွဲ့က ပြောကြားသည်။

၂၀၀၈ ခုနှစ်က စီချွမ်ပြည်နယ်၌ အင်အား ၈ အဆင့်ရှိငလျင်လှုပ်မှုကြောင့် လူပေါင်း ၉၀၀၀၀ နီးပါး သေဆုံးခဲ့သည်။ ယခုနောက်ဆုံးလှုပ်သည့် ငလျင်သည် ကနဦးတိုင်းတာချက်အရ ၇ ဒသမ ၀ ရစ်ချ်တာစကေးရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဘရာဇီး၌ ရေယာဉ်နစ်မြုပ်

ရီယိုဒီဂျနေးရိုး ဧပြီ ၂၀

ဘရာဇီးနိုင်ငံ အမေဇုံးနီးယားဒေသ၏ အဓိကအချက်အချာတစ်ခုဖြစ်သော အရီရီမြစ်အတွင်း ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်မှုကြောင့် အနည်း ၁၂ ဦးသေဆုံးကာ အခြား ၂၀ ပျောက်ဆုံးနေလျက်ရှိကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦး၏ ပြောကြားချက်ကို ဧပြီ ၂၀ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါကူးတို့ရေယာဉ်သည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါရာပြည်နယ် ကာချိအီရာဒိုအရာရီ ဆိပ်ကမ်းမှ မီတာ ၅၀၀ ခန့်အကွာတွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ထိုသို့ မတော်တဆမှု ဖြစ်ပွားချိန်၌ ကူးတို့ရေယာဉ်ပေါ်တွင် လူပေါင်း ၈၀ ကျော်ရှိနေကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ သေဆုံးသူများအနက် ငါးဦးမှာ ကလေးငယ်များဖြစ်ကြောင်း၊ အဆိုပါဖြစ်ပွားမှုကို ဘရာဇီးရေတပ်မှ ကင်းလှည့်ရေယာဉ်နှစ်စင်း၊ စပိဘုတ်နှစ်စင်းနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဒီဇယ်ဓာတ်အားပေးမီးစက်ကြီးများ ဝယ်ယူရန် အလိုရှိသည်

၁။ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၁၁-၁၂-၂၀၁၃ရက်နှင့် ၂၂-၁၂-၂၀၁၃ရက်တို့တွင် ကျင်းပပြုလုပ်မည့် 27th SEA Games ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကြီးအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အား ၅၀၀၀ ကီလိုဝပ် သုံးစွဲမည်ဖြစ်ရာ ၁၀၀၀ KVA နှင့် ၅၀၀ KVA မီးစက်ကြီးများကို ဝယ်ယူလို၍ ရောင်းချပေးလိုသူ(သို့မဟုတ်) ဝယ်ယူပေးလိုသူများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်သွင်းလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၂၃-၄-၂၀၁၃ရက်မှ ၃၀-၄-၂၀၁၃ရက်အတွင်း မှတ်ပုံတင်စာရင်းသွင်းရန်နှင့် လျှောက်လွှာပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်ထားမှုကို ၁၀-၅-၂၀၁၃ရက် နောက်ဆုံးထားလျက် ဝယ်ယူရာဌာနသို့ ပေးပို့လျှောက်ထားရမည်-

(က) ရောင်းချလိုသည့်ပစ္စည်း၏ကုန်အမှတ်တံဆိပ်၊ အမည်၊ အမျိုးအစား၊ စက်စွမ်းရည်စသည်တို့နှင့်ပတ်သက်၍ ခိုင်မာပြည့်စုံကောင်းမွန်မှုရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကဖြစ်စေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) က ဖြစ်စေ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(ခ) ရွေးချယ်ခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး ၁၄ရက်အတွင်း ကုန်ပစ္စည်းတန်ဖိုး၏ ၁၀ရာခိုင်နှုန်းနှင့်ညီမျှသော ငွေအတွက် ခိုင်မာသော ဘဏ်အာမခံတောင်းလျှင် တင်ပြနိုင်ရမည်။

(ဂ) ပေးသွင်းမည့်ကုန်ပစ္စည်းကို ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပမည့် အားကစားကွင်းသို့ အရောက်ပေးပို့ရမည်။

(ဃ) ပေးသွင်းလာသောကုန်ပစ္စည်းများသည် မူလမှာကြားသည့်အရေအတွက်နှင့် မကိုက်ညီခြင်း၊ ထုတ်လုပ်သည့်နိုင်ငံ မကိုက်ညီခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် မကိုက်ညီခြင်း၊ အပြစ်အနာအဆာနှင့် ချို့ယွင်းပျက်စီးမှုများရှိပါက အစားထိုးလဲလှယ် ပေးသွင်းရမည်ဖြစ်ပြီး ၎င်းအတွက် ကုန်ကျစရိတ်အားလုံးကို ရောင်းချသူမှ ကျခံရမည်။

၂။ အသေးစိတ်သိရှိလိုပါက ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ဆီးရီးယားကို အမေရိကန်ဝင်တော့မှာလား

ဆီးရီးယားနိုင်ငံအတွင်း အစိုးရတပ်တွေနဲ့ ပြည်ပကျောထောက်နောက်ခံပြုတဲ့တပ်တွေအကြား တိုက်ပွဲတွေဖြစ်နေတာတော့ နှစ်နှစ်ကျော်ခဲ့ပါပြီ။ အခုဆိုရင် နှစ်ဖက်တပ်တွေဟာ ဓာတုလက်နက်တွေသုံးစွဲနေတယ်လို့ အပြန်အလှန်စွပ်စွဲပြီးခဲ့ကြတဲ့နောက် အမေရိကန်က ဆီးရီးယားနိုင်ငံရဲ့ ဓာတုလက်နက်တွေ ဘေးကင်းလုံခြုံအောင်လုပ်ရမယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ဆီးရီးယားကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ဖို့စီစဉ်နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဒီအတော အတွင်းမှာပဲ အမေရိကန်ထောက်လှမ်းရေး ထိပ်တန်းတာဝန်ရှိသူများက ဆီးရီးယားအစိုးရပြိုလဲခြင်းဟာ အီရန်ကို အထိနာစေတဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်တယ်လို့ အလေးအနက်ထားပြောကြားလိုက်ပါတယ်။

မောင်နွေသစ်

အမေရိကန် အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်တဲ့ ဂျိမ်းစ်ကလပ်ဗာကတော့ ဆီးရီးယားနိုင်ငံမှာ ဓာတုလက်နက်တွေအသုံးပြုခဲ့မှုနဲ့ပတ်သက်ပြီး ဗြိတိန်နဲ့ ပြင်သစ်တို့က ပြည်သူကိုချပြဖို့ တောင်းဆိုရာမှာ ငြင်းဆိုထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒမတ်စကတ်အစိုးရကတော့ သူ့ပြည်သူတွေကို ဒီလိုလက်နက်ဆန်းတွေနဲ့ မတိုက်ဘူးလို့ ပြောဆိုထားတာရှိပါတယ်။

သို့ပေမယ့်လည်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ချွတ်ဟာဂဲကတော့ ဆီးရီးယားအကြမ်းဖက်မှုတွေအပေါ် ကူညီပေးဖို့ ဂျော်ဒန်ကို အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀ စေလွှတ်ထားပြီလို့ ဧပြီ ၁၇ ရက်က ဝါရှင်တန်မှာ ပြောကြားလိုက်ပါတယ်။ ပင်တဂွန်မှ မကြာသေးမီက ဆီးရီးယားကို စစ်ရေးအရကျူးကျော်ရေး အခွင့်အလမ်းများနဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်ဆွေးနွေးပြီးတဲ့နောက် ဂျော်ဒန်ကို အမေရိကန်တပ်တွေ ဖြန့်ကြက်ဖို့ အစီအစဉ် ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင် ဒါဇင်အချို့ ပြီးခဲ့တဲ့နှစ်ကတည်းက ဂျော်ဒန်ကိုရောက်ရှိနေကြပါတယ်။ အများစုကတော့အထူးတပ်ဖွဲ့ဝင်တွေဖြစ်ပါတယ်။

ဆီးရီးယားကို အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ နဲ့ ဝင်တိုက်ဖို့ ရှေ့ပြေးတပ်အဖြစ် ဂျော်ဒန်မှာ တပ်ဖွဲ့ဝင် ၂၀၀ ပါတဲ့ တပ်တစ်တပ် စေလွှတ်လိုက်တာဖြစ်တဲ့အကြောင်း ဒေးလီးဖားသားသတင်းစာက ဧပြီ ၁၈ ရက်တွင် သတင်းဖော်ပြခဲ့ပါတယ်။

ဂျော်ဒန်နယ်စပ်၌ စစ်ရေးလေ့ကျင့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ

ဒီလုပ်ရပ်နဲ့ပတ်သက်ပြီး ဆီးရီးယားရဲ့ မဟာမိတ်ဖြစ်တဲ့ ရုရှားကတော့ အမေရိကန်ကို အပြင်းအထန်ဝေဖန်လိုက်ပါတယ်။ ဒီလုပ်ရပ်က ပဋိပက္ခကို ကြီးထွားစေပြီး အပြုသဘောဆောင်တဲ့လုပ်ရပ်မဟုတ်ဘူးလို့ ရုရှားကဝေဖန်လိုက်ပါတယ်။ ဂျော်ဒန်မှာ အမေရိကန်တပ်တွေ ဖြန့်ကြက်တာဟာ ဆီးရီးယားအကျပ်အတည်းကို စေ့စပ်ဆွေးနွေးမှုများနဲ့ အဆုံးသတ်ရမယ်ဆိုတဲ့ နိုင်ငံတကာက သဘောတူညီထားတဲ့ မူဘောင်တွေနဲ့ ဆန့်ကျင်နေတယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အလက်ဇန္ဒားလူကာ ရှီဗစ်က ဧပြီ ၁၉ ရက်တွင် ပြောဆိုလိုက်ပါတယ်။

ဒီအတောအတွင်း ဂျော်ဒန်အတိုက်အခံပါတီကလည်း အမေရိကန်တပ်တွေ ဂျော်ဒန်မှာ ဖြန့်ကြက်ထားတာနဲ့ပတ်သက်ပြီး ဝေဖန်ရှုတ်ချလိုက်ပါတယ်။ ဂျော်ဒန်အစိုးရအနေနဲ့ အမေရိကန်တပ်တွေ လက်ခံထားတာနဲ့ပတ်သက်ပြီး ပြန်လည်သုံးသပ်သင့်ပြီလို့ ၎င်းတို့က ပြောဆိုလိုက်ပါတယ်။

ဆီးရီးယားနိုင်ငံ၌ ၂၀၁၁ ခုနှစ်မှာ မတ်လကတည်းက သမ္မတအာဆတ်ကို ဖြုတ်ချဖို့တောင်းဆိုရင်း ပဋိပက္ခဟာ ကြီးမားလာခဲ့ပါတယ်။ ဒီအတောအတွင်းမှာ ဆီးရီးယားပြည်သူအများအပြား သေဆုံးခဲ့ရပြီ။ ဒီလိုမငြိမ်မသက်ဖြစ်အောင် ပြည်ပနိုင်ငံတွေက မီးထိုးပေးနေတယ်လို့ ဆီးရီးယားအစိုးရကဆိုပါတယ်။ ဆီးရီးယားနိုင်ငံအတွင်းမှာရှိတဲ့ စစ်သွေးကြွအများစုဟာ နိုင်ငံခြားသားတွေဖြစ်ကြတယ်လို့ သိရပါတယ်။ အနောက်အုပ်စုနဲ့ ၎င်းတို့ရဲ့ ဒေသတွင်း မဟာမိတ်တွေဖြစ်တဲ့ ကာတာ၊ ဆော်ဒီအာရေဗျနဲ့ တူရကီနိုင်ငံတို့က စစ်သွေးကြွတွေကို ထောက်ခံအားပေးနေတယ်လို့ ဒမတ်စကတ်အစိုးရက စွပ်စွဲထားပါတယ်။

ယခုဆိုရင် ဆီးရီးယားပြည်နယ် ၁၄ ခုရှိတဲ့အနက် ၁၃ ခုမှာ အယ်လ်ခိုင်ဒါနဲ့ ဆက်နွှယ်နေတဲ့ စစ်သွေးကြွတွေ ပျံ့နှံ့နေတယ်လို့ဆိုပါတယ်။ ဆီးရီးယားအရေးနဲ့ ပတ်သက်ပြီး အမေရိကန်ရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် ဆီးရီးယား အကြမ်းဖက်မှုတွေကို ဖြေရှင်းဖို့ဆိုပြီး ဂျော်ဒန်မှာတပ်တွေ စဖြန့်နေပြီလို့ သိရကြောင်းပါခင်ဗျာ။ ॥

ယောဂကျင့်စဉ်က စိတ်ကျန်းမာရေးအတွက် ဆေးတစ်လက်ဖြစ်

ယောဂကျင့်စဉ်အား ပုံမှန်ပြုလုပ်ပေးခြင်းက စိတ်တည်ငြိမ်အေးချမ်းမှုကို ဖြစ်ပေါ်စေပြီး စိတ်ဖိစီးမှု၊ စိတ်ကျဝေဒနာ၊ စိတ်သောကရောက်မှု စသည့် စိတ်ဝေဒနာများအား လျင်မြန်စွာလျော့ကျစေနိုင်စွမ်းရှိသည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

စိုးရိမ်ပူပန်မှု၊ စိတ်သောကတစ်ခုနှင့် ကြုံတွေ့ရပါက ၎င်းစိုးရိမ်ပူပန်မှုအား အာရုံစူးစိုက်ပြီး အသက်ရှုသွင်း၊ ရှူထုတ်ပြုလုပ်ပေးပါ။ ထိုသို့ပြုလုပ်ပေးနေစဉ် တံကောက်ကြောများ ဆန့်ထုတ်ထားပြီး ခါးမတ်မတ်ထား၍ အသက်ဝဝရှူပါ။ ယင်းသို့ပြုလုပ်ပေးခြင်းသည် ဦးနှောက်အတွက် ကြည်လင်

ကောင်းမွန်စေသကဲ့သို့ ဖြစ်ပေါ်နေသော ပြဿနာများအား တွန်းလှန် ဖယ်ရှားပေးနိုင်ပြီး စိတ်သက်သာရာရစေနိုင်ပါသည်။ တစ်နည်းအားဖြင့် စိတ်ကျဝေဒနာ၊ စိတ်သောကဝေဒနာများအား လျော့ကျစေနိုင်ပါသည်ဟု ရေးသားဖော်ပြထားသည်။ ယောဂကျင့်စဉ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော အာရုံငါးပါး၌ တပ်မက်မှုများအပေါ် ဆင်ခြင်တုံတရားရှိစေနိုင်စွမ်းလည်းရှိသည်ဟု ဘော့တွန်မြို့ရှိ ဟားဘတ်ဆေးကျောင်းမှ ဦးနှောက်အာရုံကြောသိပ္ပံပညာရှင် ဆက်ဘာကယ်ဆာက ဆိုသည်။

ယောဂကျင့်စဉ်သည် နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်ခြင်း၊ သွေးဖိအားများခြင်း အစရှိသည်တို့အားလျော့ကျစေပြီး ပတ်ဝန်းကျင်အပေါ် ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်သောစိတ်အား တည်ကြည်အေးချမ်းစေနိုင်စွမ်းသည်ဟုလည်း ဖော်ပြထားသည်။ ပုံမှန်လေ့ကျင့်ပေးပါက နှလုံးရောဂါ ဖြစ်ပွားမှုကျဆင်း စေပြီး နှလုံးသွေးကြောပိတ်ခြင်း၊ သွေးတွင်းအဆီများခြင်းတို့ကိုပါ လျော့နည်းစေသည်ဟု ဆိုထားသည်။

စိတ်ဖိစီးမှု၊ စိတ်သောကရောက်မှု၊ စိတ်ကျဝေဒနာစသော စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် ယောဂကျင့်စဉ်က ဆေးဝါးကုသမှုထက်ပင် ပို၍အစွမ်းထက်ပါသည်ဟု ဒူကေးဆေးတက္ကသိုလ်မှ ဒေါက်တာမူရာလီ ဒိုရာဆွာမီက အကြံပြုထားသည်။

မြတ်မွန်ထွေး-ရေးသားသည်

အာကာသခရီးသွားကြွက်များ

ရုရှားသိပ္ပံပညာရှင်များသည် နှစ်ရှည်ကြာ အာကာသခရီးသွားများအတွက် ရည်ရွယ်ကာ အာကာသတွင်း သက်ရှိများ၏ ရှင်သန်နေထိုင်မှု စမ်းသပ်ချက်တစ်ခု ပြုလုပ်ရန်သက်ရှိသတ္တဝါများလိုက်ပါသော ဂြိုဟ်တုတစ်လုံးအား ကမ္ဘာမြေအထက်ဂြိုဟ်တုပတ်လမ်းကြောင်းထဲသို့ ဧပြီ ၁၉ ရက်က လွှတ်တင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

ရုရှားအာကာသအေဂျင်စီ ရော့စ်ကိုမော့စ်နှင့် အမေရိကန်အာကာသအေဂျင်စီနာဆာတို့မှ ပူးပေါင်းကာ သက်ရှိတိရစ္ဆာန်များ တင်ဆောင်ထားသော ရုရှားဆိုယုဇ် ဒုံးပျံယာဉ်အား ယူနိုက်တက်ကင်းဒမ်း ဒေသစံတော်ချိန် နံနက် ၁၁နာရီက ကာဇက်စတန်မြို့မှ အာကာသထဲသို့ လွှတ်တင်လိုက်သည်။ ၎င်းခရီးစဉ်တွင် ကြွက် ၄၅ ကောင်၊ မွန်ဂိုလီးယား အိမ်မွေးကြွက် ရှစ်ကောင်၊ တောက်တဲ့ ၁၅ကောင်နှင့် ခရု၊ ငါး၊ အလွန့်အလွန်သေးငယ်သော သက်ရှိများ လိုက်ပါသွားကြသည်ဟု သိရသည်။

တစ်လကြာမည်ဖြစ်သော ယင်းခရီးစဉ်သည် အာကာသတွင်း သက်ရှိများ၏ အသက်ရှင်ခံနိုင်ရည်ရှိမှုကို စမ်းသပ်သော ယခင်ခရီးစဉ်များထက် ကာလပိုရှည်ကြာသော ခရီးစဉ်ဖြစ်သည်။

လေ့လာ

Bion-M1 အမည်ရှိယာဉ်ပေါ်မှ လှည့်ပတ်မည်ဖြစ်ပြီး အဆိုပါ ဒုံးပျံယာဉ်မြေပြင်သို့ပြန်မရောက်မီ အချိန်တွင်း သိပ္ပံပညာရှင်များက စောင့်ကြည့်လေ့လာမှတ်သားမှုများ ပြုလုပ်ကြမည်ဖြစ်သည်။ ထို့အပြင် ၎င်းတိရစ္ဆာန်များသည် အာကာသတွင်း မည်သို့ အသက်ရှင်နေထိုင်ကြသည်၊ အာကာသတွင်းနေထိုင်ခြင်းက ၎င်းတို့အပေါ် မည်မျှ လွှမ်းမိုးမှုရှိသည်တို့ကိုပါ လေ့လာမည်ဖြစ်သည်ဟု ဆိုသည်။

အကယ်၍၎င်းတိရစ္ဆာန်များသည် အာကာသခရီးစဉ်မှ သေကံမရောက် သက်မပျောက် ပြန်လာနိုင်မည်ဆိုပါက ကျွမ်းကျင်ပညာရှင်များက ၎င်းတို့အား စမ်းသပ်စစ်ဆေးမှုများ ထပ်မံပြုလုပ်ကြဦးမည်ဖြစ်သည်။

နေခြည်-ရေးသားသည်

နိုင်ငံတကာသတင်း

လက်ဘနွန်စစ်သွေးကြွများအား ဆီးရီးယားတပ်များမောင်းထုတ်

လက်ဘနွန်နယ်စပ်မှ ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်ရန် ကြိုးစားခဲ့သော စစ်သွေးကြွအုပ်စုတစ်စုအား ဆီးရီးယားစစ်တပ်က ပြန်လည်မောင်းထုတ်ခဲ့ကြောင်း ဧပြီ ၁၉ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ သေနတ်သမားများက ဧပြီ ၁၉ ရက်တွင် ဒမတ်စကတ်မြို့အနောက်မြောက်ဘက် ၉၃ မိုင်အကွာ တော်ခါလက်မြို့မှတစ်ဆင့် ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်ရန်ကြိုးစားခဲ့ကြောင်း၊ ဆီးရီးယားအစိုးရတပ်ဖွဲ့က ယင်းတို့အား မောင်းထုတ်ခဲ့ပြီး လက်ဘနွန်နိုင်ငံအတွင်း ပြန်ပို့ခဲ့ကြောင်း ဆီးရီးယားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၁၁ ခုနှစ် မတ်လမှစပြီး ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ အစိုးရတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူအများအပြား သေဆုံးခဲ့ရသည်။

....

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်၌ မြေပြိုမှုဖြစ်ပွား၊ လေးဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဘိုဂါမြို့ ဆမ်ပါကျေးရွာတွင် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းက မြေပြိုမှုတစ်ခုဖြစ်ပွားမှုကြောင့် မိသားစုတစ်ခုတည်းမှ လေးဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေး အေဂျင်စီမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဖြစ်ပွား

အဆိုပါမြေပြိုမှုသည် အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ဂျာဗားပြည်နယ်တွင် လေပြင်းများတိုက်ခတ်ပြီး ရုတ်တရက်မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ယင်းနေ့ ဒေသစံတော်ချိန် ၁၆ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မြေပြိုမှုနောက်ပါသွားသည့် နေအိမ်တစ်အိမ်အတွင်း နေထိုင်သူလေးဦးကို သေဆုံးနေလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း ထိပ်တန်းအရာရှိတစ်ဦးဖြစ်သည့် ဆူတိုပိုပါဝူးနူဂရိုဟိုက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

....

ပါလက်စတိုင်းအကျဉ်းသားများ ဗိုင်းရပ်စ်ပိုးများအထိုးခံနေရ

အစ္စရေးအစိုးရက ယင်းနိုင်ငံအတွင်းရှိ အကျဉ်းထောင်များအတွင်း ဖမ်းဆီးထားသော ပါလက်စတိုင်းအကျဉ်းသားများအား ပြန်လွှတ်မပေးမီ အန္တရာယ်ရှိသော ဗိုင်းရပ်စ်ပိုးများ ထိုးနှံပေးလျက်ရှိကြောင်း သတင်းတစ်ရပ်တွင်ဖော်ပြသည်။

အစ္စရေးအကျဉ်းထောင်မှ လွတ်မြောက်လာသော ပါလက်စတိုင်းတစ်ဦးတွင် အဆိပ်ရှိဗိုင်းရပ်စ်ပိုးများ ထိုးနှံထားသည်ကို တွေ့ရကြောင်း ရုရှားနေ့စဉ်သတင်းစာ တွမ်ဆွမ်မိုစကေးယားပရက်ဒါတွင် ဧပြီ ၁၉ ရက်က ရေးသားဖော်ပြသည်။

အကျဉ်းသားအများအပြားသည် ဆီးအိတ်နှင့်အသည်းကဲ့သို့သော ကင်ဆာရောဂါများ ခံစားနေကြရကြောင်း ပါလက်စတိုင်းအကျဉ်းသား တစ်ဦးဖြစ်သည့် ရာနီယာဆာကျာက ပြောကြားသည်။ အစ္စရေးထောင်မှလွတ်ပြီး မကြာမီ ထောင်သားများသေဆုံးသွားကြရကြောင်း ၎င်းသတင်းစာက ရေးသားဖော်ပြသည်။ ယင်းကဲ့သို့ ပြုမူခြင်းကိုရပ်တန့်ပေးပါရန် ပါလက်စတိုင်း အကျဉ်းသားများက နိုင်ငံတကာသို့ တိုက်တွန်းဆော်ဩထားသည်။

မြင့်မောင်စိုး-ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တန်ခူးလေနှင့်လျှောတော့သည်

ဝိသုဇ္ဇက(ပဲခူး)

ရှေးမြန်မာတို့သည် ဆယ့်နှစ်လရာသီတွင် သူ့ရာသီနှင့်သူ ဆီလျော်ရာ ရာသီပွဲတော်များကို ကျင်းပခဲ့ကြ၏။

နှလုံးရည်ပြည့်ဝစေရန် စာတော်ပြန်ပွဲကို ရှေးအခါက ပြုလုပ်ကျင်းပခဲ့၏။ လက်ရုံးရည်ပြည့်ဝစေရေးအတွက် မြင်းခင်းသဘင်ပွဲတော်ကို ကျင်းပခဲ့၏။ ဗုဒ္ဓသာသနာရောင်ဝါထွန်းပြောင်ပြီး တိုင်းပြည်ငြိမ်းချမ်းသာယာစေရေးအတွက် တန်ခူးသင်္ကြန်နှစ်ကူးပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်၊ ဝါဆိုဝါကပ်ပွဲတော်၊ ဝါကျွတ်ပွဲတော်၊ ကထိန်ခင်းပွဲတော်၊ မီးပုံပွဲတော်၊ သဲပုံစေတီပွဲတော် ကျင်းပခဲ့၏။

ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၏ တည်တံ့ခိုင်မြဲမှု၊ တိုးတက်ကြီးပွားမှုသည် ယင်းနိုင်ငံသားတို့၏ နှလုံးရည်နှင့်လက်ရုံးရည်အပေါ်တွင်မူတည်သည်။ မျက်မှောက်ခေတ်အနေဖြင့်ကြည့်လျှင် စာတော်ပြန်ပွဲမှာ ရဟန်း၊ သံဃာတော်များအတွက်သာဟု ပြောလိုက ပြောနိုင်သည်။ သို့သော် ရှေးခေတ်က ယခုခေတ်ကဲ့သို့ စာသင်ကျောင်းများမရှိ၊ ဘုန်းကြီးကျောင်းများသာ တိုင်းပြည်၏ အညွန့်အဖူးဖြစ်သည့် ကလေးသူငယ်များအား ပညာပေးရာ အလိမ္မာပေးရာ ဌာနများဖြစ်ခဲ့သည်။ ထိုဌာနများမှာ လူကောင်းလူတော်များမွေးထုတ်ပေးနိုင်သဖြင့် ဘုန်းတော်ကြီးများသည် တိုင်းပြည်၏ဆရာများဖြစ်သည်။ အချို့သာသနာပိုင်ဘုန်းတော်ကြီးတို့သည် ရှင်ဘုရင်ကိုပင် အုပ်ချုပ်နိုင်စွမ်းရှိကြသည်။

ယင်းသို့သော ရိုးရာယဉ်ကျေးမှုစသည့် အကြောင်းအရာများကို အက္ခရာဗန္ဓ သဒ္ဒအလင်္ကာ သာယာကုံးညှိ၊ ကဝိစာဆိုတို့ကလည်း တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ၊ ကမ္ဘာတန်ဆာအဖြာဖြာကို စိတ်ကူးဝင်လျက်ရှိကြသည်။ တစ်လပြီးတစ်လဖြစ်ပေါ် ပြောင်းလဲနေသည့်ရာသီစက်ဝန်းအတွင်း သြကာသလောက၏ သာယာပုံကို တစ်ဖုံတစ်ဖွဲ့စာချဲ့ကာ သီကုံးဖွဲ့ကြသည်။

မြတ်ဘုရားရှင်သည် "ဝနပ္ပဂုမ္ဗေ၊ ယသဖုဿိတဂ္ဂေ၊ ဂိမှာနမာသေ ပဌမသ္မိံ မေ" နွေလများတွင် နွေဦးစဖြစ်သော တန်ခူးလ၌ကောင်းစွာပွင့်သည့် ခက်ဖြာစုံသော တောအုပ်သည် အသရေရှိလှ၏။ ရာသီဥတု၏ လေးနက်သောအဓိပ္ပာယ်ကို ရတနသုတ်တော်တွင် ဂါထာဖြင့် ကျူးရင့်ခဲ့သည်။

တန်ခူးလသည် နွေရာသီတွင်ပါဝင်၍ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုစကားအရ မြစ်ချောင်းအင်းအိုင်တို့တွင် ရေများပင်ခန်းခြောက်ကြ၏။ သစ်ရွက်တို့ကြွေကာ အကိုင်းအခက်တို့သည် ရိုးတံကျဲကျဲဖြစ်လျက်ရှိ၏။ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"ဟူသော မိုးအလင်္ကာနှင့်အညီ တန်ခူးလတွင် သင်္ကြန်မိုး၊ ဖက်ဆွတ်မိုးတို့ရွာသွန်းတတ်၏။ ထိုအခါ ရိုးတံကျဲကျဲအပင်တို့သည် ရွက်သစ်၊ ရွက်နုကလေးများဖြင့် စိမ်းလန်းဝေလွင်၊ ငယ်ရုပ်တို့ဆင်ကြပေတော့မည်။ မြေသင်းရနံ့တို့လည်း သင်းတပျံ့ပျံ့ရှိချေပြီ။ ရေမြေသဘာဝကယင်းကဲ့သို့ ရှိနေပုံကို စာဆိုတို့က စာပန်းချီခြယ်သခဲ့ကြပြီ။

ထိုသင်္ကြန်မိုးရွာသွန်းဖြိုးလိုက်သည့်အတွက် သစ်ကိုင်းသစ်ခက်များတွင် ရွက်နုရွက်သစ်ကလေးများထွက်ပေါ်လာကြသည်။ ပထဝီမြေကြီး၏ မြေသင်းရနံ့လေးသင်းပျံ့လေ့ရှိပေသည်။ ယင်းမြေသင်းရနံ့သင်းပျံ့ပုံကို ရဟန်းစာဆိုရှင်အဂ္ဂသမာဓိဆရာတော်က ဘုံခန်းပျို့တွင်"...ရွက်ရင့်လျှော၍၊ ရွက်ကျောနုလုန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညှင်းနှင့်၊ မြေသင်းရနံ့၊ တပျံ့ပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည်၊ ချုန်းချုန်းတည်း" စသည်ဖြင့် ဆိုခဲ့၏။

တန်ခူးလသည် မြန်မာလများတွင် အဦးအစဆုံးလဖြစ်၍ အဘိဓာန်ကျမ်းတွင် " စိတ္တကော၊ တန်ခူးလ၊ ရမ္မကော၊ တန်ခူးလ" ဟူ၍ပရိယာယ်နှစ်မျိုးပြထားသည်။ အနက်အဓိပ္ပါယ်မှာ "အထူးထူးသော အပွင့်အသီးတို့ဖြင့် ဆန်းကြယ်သည့်အဖြစ်ကြောင့် လူတို့၏စိတ်နှလုံးကို မွေ့လျော်စေတတ်၏" ဟူ၍ဖြစ်ပါသည်။

တောင်လေသုတ်ဖြူးကာ လေရှူးမြူးသည့်လရာသီတွင် ပိတောက်ပန်းတို့ပွင့်ကြ၏။ ပိတောက်ပန်းဟုဆိုလျှင် မြန်မာတိုင်းသိကြသည်။ နှစ်ဆန်းပန်းဟု အသိအမှတ်ပြုထားကြ၏။ လတန်ခူးသို့ ရောက်လျှင် ပိတောက်ခက်တို့က တဝါဝါ၊ ဥဩငှက်ကတစာစာ၊ ရော်ရွက်တို့ကတဖြာဖြာနှင့် သာယာကြည်နူးရွှင်မြူးဖွယ်ကောင်းလှသည်။ ပိတောက်ပန်းနှင့်ပတ်သက်၍ " စာတော်ဖတ်ဦးကြော့" "စုံနံ့သာမြိုင်ဦးကြော့" "စာရေးတော်ဦးကြော့" "တောင်တွင်းကြီးဦးကြော့" ဟူ၍ နာမည်အမျိုးမျိုးဖြင့် ကျော်ကြားခဲ့သော စာဆို "ဦးကြော့"က "---လမ်းတစ်လျှောက်သင်းပါတိ၊ ဆန်းသလောက် မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း" ဟူ၍ ပိတောက်ပန်း၏ခမ်းနားမှုကို ဖွဲ့ဆိုခဲ့၏။

"သင်္ကြန်တန်ခူး" စာဆိုနှင့်အညီ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသောစကားသည်"သင်္ကြာန္တ"ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု "ဝေါဟာရတ္ထဒီပနီ"တို့၌ ဖွင့်ဆို၏။

တချို့ပညာရှင်များက "သင်္ကန္တ"ဟူသောပါဠိပုဒ်မှ ဆင်းသက်လာသောဝေါဟာရဟု ယူဆကြ၏။ ပါဠိဘာသာ သင်္ကန္တပုဒ်နှင့် သက္ကတဘာသာသင်္ကြာန္တပုဒ်မှ အဓိပ္ပာယ်အားဖြင့် မထူးခြား၊ သင်္ကြန်ဟူသောဝေါဟာရမှာ ကအက္ခရာတွင် ရရစ်ရှိသဖြင့် သင်္ကြာန္တပုဒ်မှ ဆင်းသက်လာသည်ဟူသော အယူအဆက ပို၍သင့်မြတ်အံ့ထင်၏။ ယင်းသင်္ကြန်ဟူသော မြန်မာဝေါဟာရမှာ မူလသင်္ကြန္တပုဒ်၏ အဓိပ္ပာယ်အတိုင်း "ပြောင်းရွှေ့ခြင်းကူးပြောင်းခြင်း" ဟူ၍ရ၏။

ဝေဒပညာရှင်တို့၏ သင်္ချာအရ တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီ တန်ခူးလ ပထမနဝင်းမှစ၍ ဆယ့်နှစ်ရာသီလှည့်ပတ်ခဲ့ရာ မိန်ရာသီ တပေါင်းလ၏ အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်သို့ အရောက်တွင် နက္ခတ်နဝင်းပေါင်း (၁၀၈)နဝင်း၊ လပေါင်း ၁၂လ၊ ရက်ပေါင်း ၃၆၅ ရက် ကြာခဲ့၍ တစ်ပတ်လည်ခဲ့ပြီ။

ထိုသို့ဖြစ်၍ မိန်ရာသီ၏အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီ၏ အစနဝင်းဖြစ်သည့် အဿဝဏီနက္ခတ်သို့ ကူးပြောင်းချိန်ကျရောက်နေသည်။ တနင်္ဂနွေဂြိုဟ်မင်းမိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု ဗေဒင်ရှုထောင့်အရယူဆကြ၏။ ကုန်းဘောင်ခေတ်တွင် မင်းနှင့် မိဖုရားတို့ သင်္ကြန်အခါတွင် ရေဖျန်းခံထွက်ကြွလေ့ရှိပုံကို ဉာဏ်ဝန်ကြီး ဦးဖြေက ၎င်း၏တန်ခူးလဖွဲ့ လေးချိုးကဗျာတွင် "တာဝသန်ငယ်၊ သင်္ကြန်သစ်ညောင်း၊ နှစ်အပြောင်းဝယ်၊ တစ်သောင်းလုံးရှင်၊ ရာဇကင်လဲ၊ ရောကဋ္ဌနာ၊ ညောင်သဋ္ဌာထက်၊ စကြာနှစ်လီ၊ ထွက်ပြန်ချီလို့၊ ညီလာခြံရံ၊ ရေသွန်းပဲခံတော့ပ၊ မြစ်တစ်နယ်ဝယ်၊ တိုင်းကျယ်ပြည်ကြီးမြတ်သူတို့"ဟု စပ်ဆိုခဲ့ပေသည်။

သင်္ကြန်ပွဲတော်သည် မြန်မာများအဖို့ ပျော်ရွှင်ဖွယ်ကောင်းလှသည့် နည်းတူ လွမ်းမောဖွယ်၊ ကြည်နူးဖွယ်လည်းကောင်းလှပါသည်။ မြန်မာသင်္ကြန်၏ အလှအပနှင့် လွမ်းစိတ်ကို စာဆိုတော်ဦးကြော့က "နှစ်သစ်သင်္ကြန်၊ ကူးခေတ်ဆော်စီမံ၍၊ လျှုဒါန် ညောင်ရေပန်းတွေနှင့်၊ ရေဖျန်းကိုယ်စီခံကြ၊ စမည်ပွဲတော်တွင်းပေမို့ လဲ့လဲ့ဝင်းမေ ကညာဖြူတို့နှင့်၊ ပဏာတူအချစ်စမ်းချိန်မို့၊ ငွေသိင်္ဂါရဝေနန်းဆီသို့၊ လွမ်းစိတ်နှင့်ကူး"ဟု ခြယ်သခဲ့ပေသည်။

စာဆိုရှင် ဖိုးသူတော်ဦးမင်းက ဆယ့်နှစ်ရာသီသဖြန်တွင် စန်းယှဉ်နက္ခတ်၊ ရာသီပန်းတို့နှင့် တင့်တယ်နေသော တောတောင်အလှတို့ကို " ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်တဲ့နဲ့ကြိုင်၊ သုတ်ဖြူးလေဆော်က၊ ပိန်းကုံ့ကော်ဝတ်မှုံကျင်း၊ သင်းပျံ့လို့လှိုင်၊ ကြယ်နှစ်မြိုင်၊ သွယ်ဆိုင်ပဝင်း၊ စိတြယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ချာတောင်တော်စွန်းမှာ၊ ထွန်းထိန်လို့လင်း" တန်ခူးလစာပန်းချီအဖြစ် အသက်ဝင်စွာ ခံစားဖွဲ့ဆိုခဲ့သည်။

ဦးယာ၏ ဆယ့်နှစ်လရာသီ အဖြည့်ခံရတုတွင်-

"ရေသွန်းအခါ၊ လျှောက်မည်ပါမူ၊ လက်ျာမက၊ လေးဒီပကို၊ ပိုင်သမည့်ရှင်၊ မယ့်သခင်လျှင်၊ မယ်ပြင်တထူး၊ သူတဦးသို့၊ မကျူးမကျော်၊ သစ္စာတော်နှင့်၊ ညီလျော်နိုင်မျှ..."ဟူ၍ လည်းကောင်း၊ ဦးအောင်ကြီး၏ လူးတားတွင် "...ကောင်းကင်မိုးလ၊ စိတြနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွန့်လျက်၊ ပွင့်ဖတ်ဝေဝေ၊ တောင်လေသုတ်ဖြူး၊ လတန်ခူးကို၊ မြူးတူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ ရရှတည်း--" ဟူ၍ လည်းကောင်း၊ မယ်ခွေ၏ အဲချင်း၌ "ကံ့ကော်ဝတ်မှုံ၊ မွှေးထုံထုံနှင့်၊ ရဂုံမြိုင်ဖျား၊ တောတလွှားလည်း၊ ငှက်ခါးတောင်လို၊ ပူအောင်မယ့်ကိုယ်--" ဟူ၍လည်းကောင်း၊ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့်" "ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဗွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်--" ဟူ၍ လွမ်းသခဲ့ကြ၏။

စာဆိုတော်ကြီး ဦးကြင်ဥက "အော်--ဘုံစိတြာ၊ ယုန်ကင္ဘာလဲ၊ တိတ္တာလုံးညီ၊ တင့်ဆုံးမှီတဲ့၊ ရာသီတော်ခါ၊ သင်္ကြန်တာဝယ်၊ စံရာပန်းသတ်၊ နန်းဝရက်က၊ မြတ်ကမ္ဘာကြွယ်၊ ယဉ်တမွတ်ကျူး၊ လှထွတ်နှုန်းသည့်--" ဟူ၍ ညည်းချင်းဖြင့် ဖွဲ့ဆိုခဲ့၏။

စလေဆရာကြီး ဦးပုညက တေးထပ်ဖြင့် "နှစ်သစ်ဦးတခါ၊ ပန်းကံ့ကော်ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ--" ဟူ၍လည်းကောင်း၊ ကင်းဝန်မင်းကြီး၏ တန်ခူးလဖွဲ့သံပေါက်မှာ "တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွှန်း--" ဟုလည်းကောင်း၊ ဆရာကြီး ဦးပြုံးချိုက လေးဆစ်သဖြန်ဖြင့် "နှစ်လုံးရယ်တဲ့ပါဒ်မှီ၊ ရေသွန်းစံပျော်လို့၊ ငွေကံ့ကော်ပိတောက်ပန်းရယ်၊ လန်းတဲ့ရာသီ--" ဟုသီကုံးခဲ့ကြသည်။

ဖိုးဝဇီရက "လတန်ခူးခေတ်၊ မြဖူးလှစ်တဲ့၊ ထူးသစ်ကယ်ခါနွေ၊ သာသရေတွင်၊ ညာရွှေကံ့ကော်၊ ကြိုင်ဆုံးတုံ၊ ခိုလုံးပုံနှင့်" မှာတမ်းဖြင့် ချယ်သကာ၊ စာရေးတော်ကြီး ဦးမောင်ကလေးကလည်း "...နတ်သင်္ကြန်အိမ်စံပယ်မြန်းလို့၊ ရေဖျန်းဇေယျတုအောင်မင်္ဂလာ၊ ကြည်နူးစေပွဲခါ၊ တုံရည်သန့်နှင့်မှုန်နံ့ပြာအောင်၊ ဘုံမန်းကညာ၊ ပျော်မြူးထွေလှလေး--" ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် စာပန်းချီသခဲ့ကြသည်။

လူဦးမင်း၏ လေးချိုးတွင် "သောင်သာစွတက်၊ နှောင်တစီကျာ၊ ငှက်ညီလာလဲ၊ ပျူငှာကိုယ်စီ၊ ကြင်မူရာပီတော့တယ်၊ မူမှီဝံ့ကုမ္ဘာဝယ်၊ အံ့ညောင်ကြာရွှေတောင်ဝန်းက၊ လွမ်းထိုက်ပေသင့်---" ဟူ၍ အသီးသီး မိမိတို့၏ ကဗျာဉာဏ်ဖြင့် တန်ခူးလအကြောင်းကို မှတ်တမ်းရေးဖွဲ့ခဲ့ကြသည်။

တစ်နည်းအားဖြင့် တန်ခူးလရာသီမှာ လွမ်းဖွဲ့လရာသီဟူ၍ စာဆိုတို့က ဆိုခဲ့ကြသည်။ ဤလိုရာသီမျိုးတွင်

"ပေါ်နွေလလျှင်၊ တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့်၊ ပျံ့ပျူးချုပ်သိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သတ်မှတ်၊ ရောက်ခဲ့လတ်ဟု၊ ချစ်ထွတ်တင်သည်၊ ပြာစင်ရွှန်းလတ်၊ ဖြူဝင်းမွတ်လျှင်၊ ကြာညွှတ်ဖယောင်း၊ နေရှိန်ပြောင်းသို့၊ ဆင့်လောင်းလွမ်းဝှန်၊ ရှိလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်၊ ငှက်သွင် ပျံကြွ၊ မတတ်သော်ဝ်--" ဤသို့ရတုပုဒ်ဖြင့် အတာကူးသည့် တန်ခူးလသို့ရောက်လျှင် ပန်ဆုယူအတာရေသွန်းကာ ချစ်သူအားတမ်းတကြသည်။ နွမ်းလျလျဖြင့် တိမ်ယံစွန်းမှ ငှက်သွင်ပမာ စစ်မြေရှေ့တန်းမှ နတ်သျှင်နောင်က ပံ့ရိပ်ဖော်ခဲ့၏။

လေရှူးမြူးစခါသမယ တောင်လေသုတ်ဖြူး လတန်ခူး၏ လေကဲ့သို့ ချစ်ခြင်းမညီမျှသော ချစ်ရသူနတ်သျှင်နောင်အား ချစ်သူဓာတုကလျာက ကတိမတည်၊ ဝေ့လည်ဝေ့လည်ပြောဆိုတတ်သည့် အကြောင်းကို " ပြဆန်းမဆင်" ချီရတုတွင်-

"---ဆိုသရွေ့မူ၊ ဘယ်ဝေ့ညာကူ၊ ပုံမထူးသည်၊ တန်ခူးလေနှင့်လျှောတော့၏" ဟူ၍ အလိုက်သင့်ပေါ်လွင်သော ဥပမာစကားဖြင့် တန်ခူးလတွင် တိုက်ခတ်သောလေရူးပမာ ပုံတင်ကာဆိုခဲ့လေသည်။

တပေါင်းကုန်ဆုံး၊ ရာသီအခေါင်ဟု ဆိုအပ်သောတန်ခူးလသည် မြန်မာတစ်နိုင်ငံလုံးတွင် သင်္ကြန်ရေသဘင်ပွဲဆင်နွှဲခဲ့ကြသည်။ ကံကော်၊ ရင်ခတ်၊ ရွှေပိတောက်တို့ ရနံ့ဖြာသည့် နှစ်ကူးချိန်ခါ လွမ်းစရာ ရာသီ၊ လတန်ခူးပင်ဖြစ်နေလေတော့သည်။

ကျပ် ၁၅၀၀တန်ဖုန်းများ ရပ်ကွက်နှင့် ဌာနဆိုင်ရာတို့မှ စတင်ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၂၀

မြန်မာတစ်ပြည်လုံး ကျပ် ၁၅၀၀ တန်ဖုန်းများကို အခြေခံအကျဆုံး ရပ်ကွက်အဆင့်၊ ဌာနဆိုင်ရာ အဆင့်များမှနေပြီး တစ်ပြည်လုံး အတိုင်းအတာဖြင့် ဧပြီ ၂၄ ရက်မှ စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ဧပြီ ၂၄ ရက်နေ့မှစ၍ ရပ်ကွက်ဌာနဆိုင်ရာ အဆင့်များတွင် ရောင်းချပေးပုံများနှင့် အချို့ကွဲပြားသော လုပ်ဆောင်မှုအမြင်များ ထွက်ပေါ်လာနိုင်ရာ ဒီမိုကရေစီကျသော လုပ်ငန်းစဉ်များကို ပြည်သူအများ စတင်မြင်တွေ့နိုင်လာသည်ဟု ပြည်သူတစ်ဦးကဆိုသည်။

အသစ်ပြန်လည် ရွေးချယ်လိုက်သော အခြေခံရပ်ကွက်အဆင့် အဖွဲ့အစည်းများသို့ ငွေကျပ် ၁၅၀၀ တန်ဖုန်းများ ပြည်သူအများ လက်ဝယ်မှန်ကန်စွာရောက်ရှိရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ တာဝန်ပေးမှုအပေါ် ရပ်ကွက်အဆင့် တာဝန်ရှိသူများ မည်မျှ စွမ်းဆောင်နိုင်မှုရှိသည်ကို တိုင်းတာခြင်းဖြစ်နိုင်သည်ဟု ရပ်ကွက်နေ ပြည်သူတစ်ဦးကဆိုသည်။

ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းအတိုင်း ပွင့်လင်းမြင်သာစွာ ပြုပြင်ပြောင်းလဲမည်လား သို့မဟုတ် ခေါက်ရိုးကျိုးနေသော စနစ်ဟောင်းအတိုင်း ပြည်သူတို့ မကြိုက်နှစ်သက်သော အမူအကျင့်များကို ဆက်လက်ကျင့်သုံးမည်လားဆိုသော အဖြေတစ်ရပ်ကို ငွေကျပ် ၁၅၀၀ တန်ဖုန်းရောင်းချရေးတွင် ပြည်သူတို့ကိုယ်တွေ့မြင်တွေ့လာရမည်ဟု ဆိုနိုင်သည်။

လတ်တလော ရန်ကုန်မြို့တွင်း မြို့လယ်ရပ်ကွက်အချို့တွင် တစ်ရပ်ကွက်လျှင် ချပေးသည့်အလုံးရေသည် ရာဂဏန်းပင်မပြည့်၊ ရပ်ကွက်တွင်း လူမှုရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သူများဖြင့် အလုံးရေပြည့်သွားပြီ စသည့် တီးတိုး တရားဝင်မဟုတ်သော စကားမျိုးသည် ပြည်သူများအပေါ် ဟုတ်နိုးနိုးအထင်မှားမှုများ ဖြစ်စေကြောင်း၊ ရပ်ကွက်အတွင်း ဗီဇအရ အေးဆေးစွာနေသူများ ဝယ်ယူခွင့် အခွင့်အရေးမရှိနိုင်ဆိုသည့် အတွေးအမြင်မှားများ ဖြစ်ပေါ်စေသော ပြောဆိုမှုများကို အထူးဆင်ခြင်သင့်သည်ဟု ရန်ကုန်မြို့လယ် စီးပွားရေးအချက်အချာကျသော ရပ်ကွက်တစ်ခုအတွင်း နေထိုင်သူ အမျိုးသမီးတစ်ဦးက ဆိုသည်။

ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လူအမျိုးမျိုး၊ စိတ်နေသဘောထားအမျိုးမျိုးရှိရာ အခွန်ကဲ့သို့ တာဝန်တစ်ရပ် ထမ်းဆောင်မှုနှင့်အတူ အခွင့်အရေးလည်း တန်းတူရပိုင်ခွင့်ရှိရာ ငွေကျပ် ၁၅၀၀ တန် ဖုန်းရောင်းချရေးတွင် ပြည်သူများအနေဖြင့် တရားနည်းလမ်းကျသော ဖြောင့်မှန်သည့်ပုံစံမျိုးကို မျှော်လင့်နေသည်ဟု ဆိုသည်။ **ခင်ဆိုင်**

ဂိမ်းကစားသူများအတွက် ကျန်းမာပျော်ရွှင်ရေးလျှို့ဝှက်ချက်

နည်းပညာတိုးတက်လာခြင်းတို့နှင့်အတူ ဆန်းသစ်တီထွင်မှုများကြောင့် အွန်လိုင်းဂိမ်းများမှာ အမျိုးအစားစုံလင်လှသည်။ အချို့ဂိမ်းများသည် ကစားသူများအား တကယ့်လက်တွေ့ဘဝတွင် ကြုံတွေ့နေရသလို စိတ်ထဲတွင်ထင်မြင်လာအောင် ဆွဲဆောင်ထားနိုင်ကြသည်။

ယခုအခါ ဂိမ်းကစားခြင်းကို ကလေးများသာမက လူကြီးများပင် စွဲလမ်းနေကြပြီး ဖုန်းများတွင် ဒေါင်းလုပ်ဆွဲကာ ဘတ်စ်ကားစီးရင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စသော အားလပ်ချိန်အနည်းငယ် ကလေးမှာပင် ကစားနေကြသည်ကို တွေ့လာရသည်။ အချို့မှာ ညဘက်ညဉ့်နက်သည်အထိ အိပ်ပျက်ခံလာကြသည်။

နာရီပေါင်းများစွာ ထိုင်ကာဂိမ်းကစားခြင်း၊ ဂိမ်းစွဲနေခြင်းသည် ကျန်းမာရေးအတွက် ဆိုးကျိုးကိုဖြစ်စေနိုင်ကြောင်း သိရှိကြသော်လည်း အလေ့အကျင့်ကို ဖျောက်ဖျက်ရန် စိတ်မနိုင်ကြချေ။ ညဉ့်နက်သည်အထိ ဂိမ်းကစားခြင်းကြောင့် အိပ်

ရေးပျက်စေနိုင်ရုံသာမက အိပ်တော့မည်ဆိုလျှင်လည်း မြင်ယောင်ပြီး အိပ်ပျော်ရန် ခက်ခဲနေမည်ဖြစ်သည်။

ဂိမ်းကစားခြင်းသည် အကောင်းဆုံး အချိန်ဖြုန်းနည်းတစ်ခုဖြစ်ပြီး ပျော်ရွှင်မှုရရှိစေနိုင်သည့် အားသာချက်လည်းရှိနေသည်။

ထို့ကြောင့် အလွန်အကျွံမဖြစ်စေရန် နားသင့်သည့်အချိန်တွင် ကွန်ပျူတာခလုပ်ပိတ်ပါ။ ဖုန်းနှင့်ဆိုလျှင် Back ခလုတ်နှိပ်ပြီး ပြန်ထွက်လိုက်ပါ။ ကစားနေသည့် ထိုင်ခုံ၊ ခုတင်ပေါ်ကထလိုက်ပါ။ အပြင်ထွက်ပြီး လမ်းလျှောက် (သို့မဟုတ်) ကလေးများနှင့်ကစားပါ။ ခြံဝင်းကို သန့်ရှင်းရေးလုပ်လိုကလည်း ပြုလုပ်လိုက်ပါ။ ဂိမ်းကစားခြင်းသည် စွဲလမ်းစေနိုင်သလို ကျန်းမာရေးကိုလည်း ဆိုးကျိုးဖြစ်စေနိုင်သဖြင့် မည်သည့်ကိုယ်လက်လှုပ်ရှားမှုကိုမဆို ပြုလုပ်ခြင်းသည် တစ်ဆက်တည်းထိုင်ပြီး ဂိမ်းကစားခြင်းထက် များစွာ အထောက်အကူဖြစ်စေနိုင်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။

နန္ဒာဝင်း

ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် တာချီလိတ်၌ ရွှေဝယ်ယူသူများဖြင့် စည်ကား

တာချီလိတ် ဧပြီ ၂၀

ဧပြီ ၁၈ ရက် နံနက် ၁၁ နာရီခန့်မှ စတင်ကာ ကမ္ဘာ့ရွှေဈေး ရုတ်တရက်စံချိန်တင်ကာ ထိုးကျသွားခဲ့ရာ မြန်မာ့ရွှေဈေးကွက်တွင်လည်း မကြုံစဖူးပင် ရွှေတစ်ကျပ်သားလျှင် ကျပ်ခုနစ်သောင်းခန့်အထိ ဈေးထိုးကျသွားခဲ့ရာ ရွှေချစ်သူများအတွက် မင်္ဂလာသတင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။

စည်ကား

ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် တာချီလိတ်မြို့ပေါ်ရှိ ရွှေဆိုင်အချို့မှာ ပိတ်သိမ်းထားလိုက်ကြသော်လည်း နာမည်ကြီးရွှေဆိုင်များမှာမူ ကမ္ဘာ့ပေါက်ဈေး အတက်အကျအတိုင်း ပုံမှန်ရောင်းဝယ်လျက်ရှိရာ ရွှေဝယ်ယူစုဆောင်းသူများဖြင့် စည်ကားလျက်ရှိနေပေသည်။

“ ရွှေဈေးက ဧပြီ ၁၈ ရက်နေ့ နံနက် ၁၁နာရီလောက်မှာ ရုတ်တရက်ထိုးကျသွားပါတယ်။ ဒီတော့ တချို့ဆိုင်တွေလည်း ပိတ်လိုက်ကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ဆိုင်ကတော့ အွန်လိုင်းကို ၂၄ နာရီဖွင့်ထားပြီး အချိန်နဲ့အမျှပြောင်းလဲနေတဲ့ကမ္ဘာ့ပေါက်ဈေးအတိုင်းပဲ ရောင်းချပေးပါတယ်။ ရွှေဈေးကျသွားလို့ အလျော့တွက်တွေ၊ လက်ခတွေပိုယူတာမျိုးမရှိဘဲ ပုံမှန်အတိုင်းပဲ ရောင်းချပေးပါတယ်။ ရွှေဝယ်ယူသူတွေကိုလည်း အရင်ကအတိုင်း လက်ဆောင်ပစ္စည်းတွေကိုလည်း ပေးမြဲပေးပါတယ်။ အရောင်းအဝယ်ကတော့ ဒီနှစ်ရက်အတွင်း အရင်ကထက်သိသိသာသာကို ဝယ်ယူသူတွေများပြားလာပါတယ်။ ရွှေဆိုတာ လူတိုင်းတန်ဖိုးထား မက်မောကြတာပဲလေ။ ခုလိုမထင်မှတ်ဘဲ ဈေးသက်သက်သာသာနဲ့ ဝယ်ယူနိုင်ကြတော့ ကျွန်မတို့လည်း မုဒိတာပွားရတာပေါ့” ဟု တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ထားသော နန်းရွှေကျင်းရွှေဆိုင်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

(ဝဖဝ)

ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေးလည်း ကျဆင်းသဖြင့် ရွှေဝယ်ယူသူများလာသောကြောင့် တာချီလိတ်မြို့ ရွှေဆိုင်တစ်ဆိုင်၌ ရွှေဝယ်ယူသူများဖြင့်စည်ကားနေသည်ကို တွေ့ရစဉ်။

▲ ရှေ့ဖုံးမှ

အကျဉ်းထောင် အခြေအနေများ၊ အစိုးရအဖွဲ့များ၏ အဂတိလိုက်စားမှုများ၊ အလုပ်သမားအခွင့်အရေးများနှင့် အမျိုးသမီးအခွင့်အရေးများကို ယခင်နှစ်အစီရင်ခံစာများထက် အလေးထားဖော်ပြခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၂ခုနှစ်အတွင်း မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ အားထုတ်ဆောင်ရွက်ခဲ့မှုကြောင့် လူ့အခွင့်အရေးအခြေအနေများ သိသာစွာတိုးတက်လာမှုနှင့်အတူ ပဋိပက္ခ ဖြစ်ပွားခဲ့မှုများနှင့် စိန်ခေါ်မှုအချို့ကိုလည်း ဖော်ပြခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စားဝတ်နေရေးထက် ရေရရှိရေးပိုခက်

မြန်မာနိုင်ငံ၏ အပူရှိန်အမြင့်မားဆုံးစံချိန်ချိုးသော အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသခေါ် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ကုန်းကြီးကျေးရွာကလေးသည် လူဦးရေ ၁၀၃၈ဦးနှင့် နွား၊ ဆိတ်အကောင်ရေ ၈၀၀ကျော်ခန့်ရှိသည်။ ဧပြီလအတွင်း အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိရှိပြီး နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အပြင်မထွက်နိုင်လောက်အောင် ပူပြင်းလှသော်လည်း တစ်အိမ်ထောင်လျှင် အနည်းဆုံး လူတစ်ဦးသည် တစ်နေကုန်ရေရှာ၍ အချိန်ကုန်ရပါသည်။ ယခင်နှစ်များက ကျေးရွာ ၁၀ ရွာခန့် မှီခိုသောက်သုံးနေရသော သောက်ရေကန်ကြီးမှာ သုံးနှစ်တစ်ကြိမ်မျှ ရေခန်းခြောက်တတ်ပြီး ယခုနှစ်တွင် မတ်လမှစ၍ ရေခန်းခြောက်ကာ ရွာသူရွာသားများသည် ၎င်းရေကန်အတွင်း သုံးပေခန့်ရှိသော လက်ယက်တွင်းငယ်များ တူးကြ၍ စိမ့်လာသောရေများကို ခပ်ယူကြရသည်။ တစ်နေ့လုံးခပ်လျှင် ဂါလန် ၂၀ ခန့်ရသည်။ သို့သော် အမြဲတမ်းမရ။ မြေကြီးအစိုဓာတ် ခြောက်ခန်းသွားလျှင် ရေမစိမ့်တော့ပါ။ အနီးအနားရှိ ရှေးယခင်က တူးထားသော လက်ယက်တွင်းကြီးမှာ ပေ ၂၀ ခန့်နက်ပြီး ရေပုံးငယ်များနှင့် ငင်ယူရကာ တစ်ခါငင်လျှင် တစ်လီတာခန့်သာရရှိပြီး ရေငန်နေသဖြင့် သုံးရေသာရသည်။ နွားလှည်းများရှိသော တောင်သူများက တစ်မိုင်ကျော်ဝေးကွာသော နေရာမှ ရေချိုလက်ယက်တွင်းများတွင် ငင်ယူ၍ နွားလှည်းဖြင့် သယ်ယူသုံးစွဲကြရသည်။ အစိုးရနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းလှူဒါန်းထားသော စက်ရေတွင်းမှာ တူးဖော်၍ ရေအောင်မြင်သော်လည်း ခြောက်လကျော်အထိ ရေစုပ်စက်မရောက်လာသေးသဖြင့် ရေမရရှိပေ။ ချောက်မြို့နယ်၏ အပူချိန်သည် တစ်နိုင်ငံလုံးထက် ချန်ပီယံ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိနေရာ ရွာသားများမှာ စားဝတ်နေရေးထက် သောက်သုံးရေရရှိရေးက အဓိကဖြစ်နေသည်။

ဦးငွေကျော်

● ရှေ့ဖုံးမှ

ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးကိုယ်တိုင် ဖိတ်ကြားသည်။ တောင်ကိုရီးယားပရိသတ်များသည် မြန်မာအသင်းမပါဝင်လျှင် သူတို့ပြိုင်ပွဲကို စိတ်ဝင်စားကြမည်မဟုတ်ဟု အတွင်းရေးမှူးက ဆိုကြောင်း ဦးရဲညွန့်က ပြောပြသည်။ ထိုစဉ်က မြန်မာ့ဘောလုံးအသင်းသည် ဤသို့ ဤနှယ် တလေးတစားဖိတ်ကြားခံအဆင့် ဖြစ်ခဲ့သည်။

ထိုနှစ်က ၁၉၇၁ ခုနှစ် ပတ်ချ်ဟီးဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ဆုံကြသည်။ အိမ်ရှင်ပရိသတ်များသည် နာမည်ကြီး မြန်မာအသင်း ဗိုလ်လုပွဲသို့ တက်လာပြီး တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံနေသည်ကို ဝမ်းသာအားရ ဖြစ်နေကြသည်။ ပွဲကြီးပွဲကောင်းတစ်ပွဲ ကြည့်ရတော့မည်ဟူ၍ ပျော်ရွှင်နေကြသည်။ ပရိသတ်တွေ တစ်ခဲနက်လာရောက်အားပေးကြသဖြင့် ကွင်းပြင်ဘက် ပတ်ပတ်လည်တွင် မြင်းစီးပုလိပ် လုံခြုံရေးများနှင့် စောင့်ရှောက်ပေးယူရသည်ဟု ဆရာဦးရဲညွန့်က သတိတရပြန်ပြောပြသည်။

မြန်မာအသင်းသည် အိမ်ရှင်အသင်းနှင့် ဗိုလ်လုပွဲကစားရသော်လည်း ပွဲမကြောင်၊ ပရိသတ်မကြောက်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသည်။

တောင်ကိုရီးယားအသင်းသည် အိမ်ရှင်စိတ်အပြည့်ဖြင့် အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း မြန်မာအသင်းသည် သူတင်ကိုယ်တင် ပခုံးချင်း ယှဉ်နိုင်ခဲ့သည်။ သူဖောက်သလို ကိုယ်လည်းဖောက်သည်။ သူတိုက်သလို ကိုယ်လည်းတိုက်သည်။ ထိုစဉ်က တောင်ကိုရီးယားအသင်းသည် မြန်မာအသင်းကို အနိုင်ယူပြီး ဖလားရလျှင် ဖလားနှစ်လုံးရသကဲ့သို့ ရှိချေသည်။ အာရှတွင် တစ်ဟုန်ထိုး နာမည်ကြီးနေသော မြန်မာအသင်းကို အနိုင်ရခြင်းဖလားက ပတ်ချ်ဟီးဖလားထက် ပိုမိုဂုဏ်ကြီးပြီး အတိုင်းအဆမရှိ ဂုဏ်ယူဝင့်ကြွားစရာလည်း ဖြစ်သည်။ သို့သော် မြန်မာအသင်းကို သူတို့ လုပ်ချင်သလိုလုပ်၍ မရပါ။ သူတို့ အနိုင်ရချင်သလိုလည်းအနိုင်မရ။ ပွဲအပြီးတွင် ဂိုးမရှိသရေဖြင့် ပတ်ချ်ဟီးဖလားကြီးကို ပူးတွဲရရှိကြသည်။

မြန်မာ့ဘောလုံးအကျော်အမော် (ဦး)ရဲညွန့်ကို ဆုတံဆိပ်များနှင့် တွေ့ရစဉ်။

တောင်ကိုရီးယားပရိသတ်ကြီးသည် မြန်မာအသင်း၏ ခြေစွမ်းကို ကြည့်မဝနိုင် ဖြစ်နေကြသည်။ သို့အတွက် နောက်တစ်ပွဲထပ်မံကစားပေးရန် သူတို့အဖွဲ့ချုပ်ကို တောင်းဆိုကြသည်။

ပရိသတ်များ၏ တောင်းဆိုမှုများသည် သူတို့အတွက် အကြိုက်တွေ့စရာလည်း ဖြစ်ခဲ့သည်။ မြန်မာအသင်း၏ ခြေစွမ်းကို လေးစားပါသော်လည်း အိမ်ရှင်ဖြစ်ပါလျက်နှင့် မြန်မာအသင်းကို အနိုင်ကစားပြီး တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ် ဖလားမရသည်ကို ချေဖျက်ခွင့်ရတော့မည့်အခွင့်အရေးကောင်းဟု သဘောထားစရာ ဖြစ်လာသည်။ နောက်ဆုံးဖလားမရလျှင်နေ မြန်မာအသင်းကို အနိုင်ရလျှင် ကျေနပ်ပြီဆိုသည့်ပုံစံမျိုး ဖြစ်လာသည်။ မြန်မာအသင်းကို အနိုင်ရရေးသည် ထိုမျှလောက်အထိ ဂုဏ်ရည်ကြွယ်ခဲ့သည်။ ယခုခေတ်ပုံစံနှင့်ဆိုလျှင် ပထမအကျော့သရေကျ၍ ဒုတိယအကျော့ ထပ်မံကစားပေးဖို့ မေတ္တာရပ်ခံလာခြင်းမျိုး ဖြစ်သည်။ အမှန်တော့ ပရိသတ်က မြန်မာအသင်းကစားပုံကို ထပ်မံကြည့်လို၊ မြင်လိုခြင်းသာ ဖြစ်သည်။

ထိုစဉ် မြန်မာအသင်း၏ အဖွဲ့ခေါင်းဆောင်မှာ ဗိုလ်မှူးကြီးကျော်စိန်ထွန်း၊ ၎င်းက မိမိအသင်းသားများကို အကျိုးအကြောင်း ပြောပြပြီး သူတို့တောင်းဆိုချက်အတိုင်း ထပ်မံကစားပေးနိုင်မလား မေးမြန်းသည်။ မမေးလို့လည်း မရပေ။ ပြိုင်ပွဲ၏ ကြိုတင်စည်းကမ်းများအတိုင်း ဗိုလ်လုပွဲကစားပြီးပြီဖြစ်သည်။ သူလည်းမနိုင်၊ ကိုယ်လည်းမနိုင်၊ ပြိုင်ပွဲစည်းမျဉ်းအတိုင်း ပူးတွဲပထမရ ဗိုလ်စွဲပြီး ဖြစ်သည်။

မတော်တဆ ရှုံးနိမ့်သွားခဲ့လျှင် ပထမပွဲ ကစားပြီး ရထားပြီးဖြစ်သည့် ပူးတွဲချန်ပီယံဆိုသော ဂုဏ်သိက္ခာမှာ တစ်ရက်ကျော်အကြာတွင် ပျောက်ကွယ်သွားမည်ဖြစ်သည်။ ကမ္ဘာတွင် “တစ်ရက်ခွဲ ချန်ပီယံအသင်း” အဖြစ် ရာဇဝင်တွင်ရတော့မည်။

သူတို့က တစ်ရက်သာခြားပြီး ထပ်မံကစားရန် ပြောကြားခြင်းဖြစ်ရာ အဖွဲ့ခေါင်းဆောင်အနေဖြင့် မိမိအသင်းသားများ၏ဆန္ဒကို မေးကြည့်ရခြင်းဖြစ်သည်။ အသင်းသားများက မကစားနိုင်ဘူး ငြင်းလျှင် သူတို့ မေတ္တာရပ်ခံချက်ကို ငြင်းပယ်နိုင်သည်။ ပြိုင်ပွဲစည်းမျဉ်းမဟုတ်သဖြင့် အတင်းအကျပ်တော့မပြော။ မကစားချင်လျှင် ငြင်းပယ်နိုင်သည်။

သို့သော် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိနေသော မြန်မာအသင်းသားများသည် အဖွဲ့ခေါင်းဆောင်အား “ချတာပေါ့” ဟု တညီတညွတ်တည်း တုံ့ပြန်ကြသည်။ ဒီပွဲရှုံးလျှင် ပထမပွဲက ဂုဏ်သိက္ခာတွေ ရေစုန်မျောသွားနိုင်သည်ကိုလည်း အသင်းသားများသိကြသည်။ သို့သော် ဘာကိုမျှ မကြောက်။ နောက်ထပ်ဖလားတစ်လုံး ထပ်ရဖို့ ကြိုးစားခွင့်ရရှိခြင်းဖြစ်သည်ဟုသာ သဘောထားကြသည်။ မြန်မာအသင်းသားများသည် သည်လောက်အထိ ယုံကြည်မှု မြင့်မားနေကြသည်။

“ သူတို့က အိမ်ရှင်လေဗျာ။ ပထမပွဲ အနိုင်မရလို့ ဒီလိုနောက်တစ်ပွဲ ထပ်ကန်တာ ကျွန်တော်တို့ကို အနိုင်လိုချင်လို့ပေါ့။ ဒါပေမယ့် မကြောက်ပါဘူး။ သူတို့ တောင်းဆိုချက်ကို လက်ခံပြီး ကစားခဲ့တယ်” ဟု ဦးရဲညွန့်က ပြောပြသည်။

အိမ်ရှင် တောင်ကိုရီးယား၏ မကျေပွဲအဖြစ် နွှဲခွင့်ရသော ထိုဒုတိယပွဲတွင် ပရိသတ်သည် ပထမပွဲထက် ပိုမိုများပြားလာသည်။ ပထမဗိုလ်လုပွဲနှင့် တစ်ရက်သာခြားပြီး ကစားရသော်လည်း မြန်မာအသင်းသည်ကြံ့ခိုင်မှုအပြည့်ဖြင့် တောင်ကိုရီးယားကို အပြန်အလှန် ထိုးဖောက်ကစားသည်။ တောင်ကိုရီးယားကလည်း မြန်မာအသင်းကို အနိုင်ရရှိရေးဟူသော သူတို့ရည်ရွယ်ချက်အောင်မြင်ရန် ကစားအားကို အစွမ်းကုန်မြှင့်တင်ကစားသည်။

တစ်ချိန်က မြန်မာ့ လက်ရွေးစင် ဘောလုံးသမား (ဦး)ရဲညွန့်၏ ဘောလုံးလေ့ကျင့်ဟန်။

သို့သော် မြန်မာအသင်းကို သူတို့စိတ်ကြိုက်လုပ်ခွင့်မရပေ။ သို့နှင့် ပွဲပြီးသည့်အခါ ဂိုးမရှိ သရေရလဒ်သာ ထပ်မံထွက်ခဲ့လေသည်။ ထိုတော့မှပင် တောင်ကိုရီးယားတို့သည် အာရှစတားမြန်မာအဖြစ် မြန်မာအသင်းကို လက်ခံကျေနပ်သွားကြတော့သည်။

မြန်မာအသင်းကို အနိုင်ရလျှင် ဖလားရသည်ထက် ဂုဏ်ယူချင်နေကြသော တောင်ကိုရီးယား၏ ထိုစဉ်က အခြေအနေနှင့်ပတ်သက်ပြီး ဆရာဦးရဲညွန့်ပြောပြသော မှတ်ချက်မှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ဖော်ပြလိုပါသေးသည်။

“ကျွန်တော်တို့ကို ထားတဲ့နေရာက ကျောင်းနဲ့နီးနီးလေးဗျ။ ၁၃ နှစ်၊ ၁၄ နှစ်အရွယ် ကျောင်းသားလေးတွေ ဘောလုံးကွင်းထဲမှာ ထရိန်နင်လုပ်နေတာကို တွေ့ရတယ်။ အဲဒီကျောင်းက ကျွန်တော်တို့ဆီက အား/ကာသိပ္ပံလို ကျောင်း ဖြစ်မယ်ဗျ။ သူတို့ ထရိန်နင်လုပ်နေတာတွေ၊ လုပ်ပုံကိုင်ပုံတွေကို ကြည့်ရင်းကြည့်ရင်းနဲ့ အင်း. . . နောက် လေးငါးနှစ်လောက်ဆိုရင် ငါတို့မလွယ်တော့ဘူး။ ငါတို့ကို ကျော်တက်သွားတော့မယ်လို့ တွေးမိခဲ့တယ်”ဟု ဆရာဦးရဲညွန့်က သူ့အမြင်ကို ပြောပြသည်။

ဦးရဲညွန့် တွေးခဲ့သည့်အတိုင်း ယခုတော့ တောင်ကိုရီးယားဘောလုံးအသင်းသည် ကမ္ဘာ့အဆင့်ကိုပင် ရင်ပေါင်တန်းနေပြီဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဟိုတစ်ချိန်တုန်းက မြန်မာ့အားကစားထဲက မြန်မာဘောလုံးအဆင့်သည် ထိုမျှလောက်အထိ ဂုဏ်ရည်ကြွယ်ခဲ့သည်ကို ယနေ့ ဆီးဂိမ်းပြိုင်ပွဲဝင်ရန် လေ့ကျင့် အားထုတ်နေကြသော အားကစားမောင်မယ် လူငယ်လူရွယ်များ အားကျအတုယူစေနိုင်ဖို့ ဖြစ်ပါသည်။

ပြည်တွင်းသတင်း

❍ ရှေ့ဖုံးမှ

ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် ကွင်းဆင်းလျက်အလုပ်သမားများနှင့်ထိတွေ့၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အသေးစားငွေစု ငွေချေးလုပ်ငန်းကို အလုပ်ရှင်ရော အလုပ်သမားများပါ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်ဖြင့် အစိုးရအလုပ်ရှင်၊ အလုပ်သမားများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်သမားအားလုံး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ခံစားရနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမဝန်ကြီးဌာနအနေနှင့် ပြည်သူကို အခြေပြုပြီး ပြည်သူ့အတွက် တိုက်ရိုက်အကျိုးပြုနေသည့်လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်၏ လုပ်ငန်းစဉ်များနှင့်အညီ ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးတည်ချက်(၂)ရပ်မှာ ကျေးလက်ပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာ၌ သမဝါယမ စီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ်အထောက်အကူပြုဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဦးတည်ချက်(၂)ရပ် အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်ရာ၌ အလုပ်သမားများအတွက် လတ်တလောသက်သာချောင်ချိမှုအတွက်သာမက နောင်(၄)(၅)နှစ်အတွင်း မိမိဘာသာရပ်တည်လာနိုင်ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ အလုပ်သမားများအနေနှင့် အသေးစားချေးငွေလုပ်ငန်းမှာ မိမိတို့ဆန္ဒအလျောက် ပါဝင်လိုသူများသာပါဝင်နိုင်ပြီး မပါဝင်လိုသူများက မပါဘဲနေနိုင်ခွင့်ရှိကြောင်း၊ ပါဝင်လိုသူများ အနေနှင့်လည်း မိမိတို့အချင်းချင်း စိတ်တူ၊ ကိုယ်တူ ယုံကြည်စိတ်ချသူ အနည်းဆုံး(၅)ဦး စီပါဝင်တဲ့ ဝိုင်းကြီးချုပ်အဖွဲ့များ စတင်ဖွဲ့စည်းရန်လိုကြောင်း၊ ဝိုင်းကြီးချုပ်အဖွဲ့ဝင်များပါဝင်တဲ့ အခြေခံသမဝါယမအသင်းများ ဖွဲ့စည်းပြီး အမှုဆောင်များကို မိမိတို့ ဆန္ဒအရ သာရွေးချယ်နိုင်ကြောင်းနှင့် ဌာနဝန်ထမ်းများက လုပ်ထုံးလုပ်နည်း ဥပဒေ၊ စာရင်းဇယားများ ပြုစုထိန်းသိမ်းနည်းတို့ကို သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ ချေးယူလိုသော အလုပ်သမားများအနေနှင့် စုငွေအဖြစ် (၅၀၀၀)ကျပ် မဖြစ်မနေ စုရကြောင်း၊ ချေးယူသူများအနေနှင့် သတ်မှတ်ကာလမှ အရင်းငွေရော ဝန်ဆောင်စရိတ်ပါ ပေးဆပ်ရကြောင်း၊ အသေးစားချေးငွေလုပ်ငန်းဟာ ကျေးလက်ပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများရဲ့ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် လက်တွေ့ကျတဲ့လုပ်ငန်းစဉ်ဖြစ်ပြီး အောင်မြင်ရေးအတွက် ငွေချေးယူကြတဲ့ အသင်းသားများကလည်း

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် လှိုင်သာယာမြို့နယ် စက်မှုဇုန်၌ အသေးစားငွေစုငွေချေး လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊အလုပ်သမားကိုယ်စားလှယ်များအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဝိုင်းကြီးချုပ် စည်းကမ်းများနဲ့အညီ တာဝန်ကျေပွန်အောင် ကြိုးပမ်းကြဖို့လိုကြောင်း၊ သမဝါယမလုပ်ငန်းဟာ နိုင်ငံ့စီးပွားရေး၏ ဒုတိယမဏ္ဍိုင်ဖြစ်တာနှင့်အညီ တိုင်းပြည်စီးပွားရေးကို ထိရောက်စွာအထောက်အကူပြုနိုင်ရန်၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်က သမဝါယမလုပ်ငန်းများ အားနည်းခဲ့ရခြင်းဟာ သမဝါယမစနစ်ကြောင့်မဟုတ်ဘဲ လုပ်ကိုင်ဆောင်ရွက်ကြသူများရဲ့ အားနည်းချက်သာဖြစ်ကြောင်း၊ ဒါ့ကြောင့် သမဝါယမအသင်းသားများနှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းအမှုဆောင်များရဲ့ သဘောထားပြောင်းလဲကြရန်လိုကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာလည်း ခေတ်အဆက်ဆက်မှ လူများ၏လိုအပ်ချက်များပေါ် အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သဖြင့် ယခုကာလ၌လည်း လူသားများ၏ စားဝတ်နေရေး လိုအပ်ချက်များရှိနေသဖြင့် သမဝါယမစနစ်ဖြင့်သာ အံဝင်ခွင်ကျလျက် ရှိခြင်းကြောင့် စနစ်၏ အားနည်းချက်ကြောင့်မဟုတ်ဘဲ ဆောင်ရွက်လျက်ရှိသော လူပုဂ္ဂိုလ်များ၏ အားနည်းချက်ဖြစ်ခြင်းမှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ စက်မှုဇုန်အတွင်းရှိ အလုပ်သမားများအနေနှင့် အသေးစားငွေစုငွေချေးလုပ်ငန်း အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် လုပ်ငန်းရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်သားမြို့နယ်တွင် အိပ်မက်အရ ချုံနွယ်များ တူးဖော်ရှင်းလင်းရာမှ ရှေးဟောင်းရုပ်ပွားတော် ၂၈ ဆူနှင့် စေတီပျက်တစ်ဆူတို့တွေ့ရှိ

ကျောက်ဆည် ဧပြီ ၂၀

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် နွားကူးလေးကျေးရွာနှင့် လောင်းတော်ဦးကျေးရွာအနီး လောင်းတော်ဦးကွင်းအတွင်းတွင် အိပ်မက်အရ ချုံနွယ်များ တူးဖော်ရှင်းလင်းရာမှ လွန်ခဲ့သော နှစ်ပေါင်း ၁၂၈၀ ခန့် ပျူခေတ်နှင့် ပုဂံခေတ်လက်ရာများဟု ယူဆရသော ရှေးဟောင်းရုပ်ပွားတော် ၂၈ ဆူနှင့် စေတီပျက်တစ်ဆူ တို့ကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရှိရသည်။

အိပ်မက်အရ တူးဖော်တွေ့ရှိသည့် ရှေးဟောင်းဆင်းတုတော်များအား ပူဇော်ထားသည်ကို တွေ့ရစဉ်။

လောင်းတော်ဦးကျေးရွာကွင်းတွင် တောင်သူလုပ်ကိုင်လျက်ရှိသောဦးဆန်းဝင်းသည် အိပ်မက်များ အကြိမ်ကြိမ်မက်ပြီး ယခုတွေ့ရှိခဲ့သော ချုံနွယ်များထူထပ်သော နေရာကို ရှင်းလင်းတူးဖော်ရန် နှိုးဆော်လျက်ရှိသောကြောင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် လူအင်အားဖြင့် စတင်ရှင်းလင်းဖော်ထုတ်ရာမှ ရှေးဟောင်းစေတီတစ်ဆူနှင့် ရွှေဘုရား၊ ငွေဘုရား၊ ကြေးဘုရား၊ ဘော်ဘုရား၊ နဂါးမာန်ဘုရား၊ နဂါးရုံဘုရားနှင့် ကျောက်ဆင်းတုတော်နှင့် အသားဆင်းတုတော် လက်ရာစုံ ရုပ်ပွားတော်မြတ် ၂၈ ဆူကို တွေ့ရှိခဲ့သည်။

အိပ်မက်များအရ ချုံနွယ်များကို ရှင်းလင်းရန် နှိုးဆော်သတိပေးမှုများကို မိမိ မိသားစုနှင့် ရွာသူရွာသားများအား ပြောပြရာ မယုံကြည်ကြောင်း၊ ထိုနေရာကို ရှင်းလင်းဆောင်ရွက်ရန် မိမိတစ်ဦးတည်းနှင့် ဆောင်ရွက်၍ မရသောကြောင့် တူးဖော်နိုင်ခြင်း မရှိခဲ့ကြောင်း၊ သို့သော် အိပ်မက်များ အကြိမ်ကြိမ် ထပ်မံနှိုးဆော်မှုကြောင့် ချုံနွယ်များ ရှင်းလင်းတူးဖော်ရန် စိတ်ဆုံးဖြတ်ချက်ချကာ မိမိနှင့် ညီအစ်ကိုလိုချစ်ခင်သော ဦးဇင်ဝင်းနိုင်ထံမှ အကူအညီရယူကာ လူများငှားရမ်းပြီး စတင်တူးဖော်ခဲ့ကြောင်း စတင်တူးဖော်ရာတွင် ရှေးဟောင်းဘုရားစေတီတစ်ဆူနှင့် ဘုရားပရိဝုဏ်ကို တွေ့ရှိခဲ့ပြီး ရွာသူ ရွာသားများနှင့် အနီးပတ်ဝန်းကျင်မှ လူများ လုပ်အားပေးတူးဖော်လာကြကြောင်း၊ ထိုနေရာတွင် စေတီဟောင်းရှိသည်ကို ရှေးလူကြီးများသာ သိရှိကြပြီး မိမိတို့မသိရှိခဲ့ကြောင်း၊ ထိုကဲ့သို့ လူအင်အားဖြင့် ဆက်လက်တူးဖော်ခဲ့ရာ ရှေးဟောင်းရုပ်ပွားတော်များကို စတင်တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် ဆက်လက်တူးဖော်ရာမှ ဓာတ်တော် မွေတော်အိုးများကို တွေ့ရှိရပြီး ဓာတ်တော်အိုးထဲမှ သိကြားမင်းရုပ်တုနှင့် ရဟန်းပုံတော်များကို တွေ့ရှိရကြောင်း၊ မိမိတို့တွေ့ရှိရသော ရှေးဟောင်းရုပ်ပွားတော်များနှင့် ရှေးဟောင်းပစ္စည်းများကို တစ်နေရာတည်းတွင် တွေ့ရှိရခြင်းမဟုတ်ဘဲ ဘုရားပရိဝုဏ်အတွင်း တစ်နေရာစီမှ တွေ့ရကြောင်း၊ ထိုကဲ့သို့ စေတီတော်နှင့် ရုပ်ပွားတော်များတွေ့ရှိပြီးနောက် အနီးဝန်းကျင်ကို ဆက်လက်ရှင်းလင်းရာ ဗောဓိညောင်ပင်ခြေရင်းတွင် စေတီတော်ကို ဦးခိုက်လျက်ရှိသော ဆင်ရုပ်ပုံညောင်မြစ်ကို တွေ့ရှိခဲ့ကြောင်း အိပ်မက်များအရ တူးဖော်သူ ဦးဆန်းဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

ယခုအခါတွင် ရှေးဟောင်းစေတီတော်အား ငုံ၍ ဉာဏ်တော် ၃၁ တောင်အမြင့်ရှိ စေတီတော်တစ်ဆူတည်ထားဆောင်ရွက်လျက်ရှိပြီး ဘုရားပရိဝုဏ်များ ပြုပြင်ခြင်း၊ အိပ်မက်များအရ ဘုရားကို နဂါးသိုက် စောင့်ရှောက်လျက်ရှိသောကြောင့် အကျယ် ပေ ၁၁၀×၁၀၀ ပေရှိ နဂါးရေကန် တစ်ကန်၊ ရှေးဟောင်းရုပ်ပွားတော်၊ နဂါးမာန်ရုပ်ပွားတော်ထားရှိရန် အလျား၂၄၀ ပေရှိ ဘုံ(၇)ဆင့်ပါ စောင်းတန်းပြာသာဒ်တစ်ဆောင်၊ ဂြိုဟ်ပြေနံပြေဘုရား၊ သောမဂြိုဟ်၊ နတ်မင်းကြီး(၄)ပါးတို့ ဆောင်ရွက်လျက်ရှိသည့်အပြင် ဘုရားပရိဝုဏ်နှင့် သာသနာ့နယ်မြေ ကျဉ်းသည့်အတွက် အိပ်မက်အရ စတင်တူးဖော်သူ ဦးဆန်းဝင်းမိသားစုနှင့် အလှူရှင်လေးဦးတို့ စုပေါင်း၍ မြေ ၁၀ ဧက လှူဒါန်းထားရှိပြီး ဦးဆန်းဝင်းက ကမကထပြုကာ အများပြည်သူဘုရားဖူး လာရောက်သူများနှင့် စုပေါင်း၍ သာသနာပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်တူးဖော်မည့် နဂါးကန်ကို တွေ့ရစဉ်။

ဘုရား၏ ဘုန်းတန်ခိုးတော်ကြောင့် အများပြည်သူများ သိရှိကာ နေ့စဉ်ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။ ဘုရားလာရောက်ဖူးမြော်ပြီး ဘုရားကုန်းတော်ပေါ်တွင် သစ္စာအဓိဋ္ဌာန်ပြု၍ မိမိ ဆောင်ရွက်လိုသည်များ ဆောင်ရွက်ပါက အောင်မြင်ကြောင်း ဘုရားလာရောက်ဖူးမြော်သူများက ပြောကြားလျက်ရှိသည်။ ထိုကဲ့သို့ ဘုရားကုန်းတော်ပေါ်တွင် သစ္စာအဓိဋ္ဌာန်ပြုကာ ဘုရားကုန်းတော်ပေါ်တွင် ထီလှည်းလာရောက်ရောင်းချသည်နှင့် တိုက်ဆိုင်၍ ထီထိုးသွားသူ မြစ်သားမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှ ကိုမောင်ကြိုင်သည်(၁၉၁) ကြိမ်မြောက် အောင်ဘာလေထီ သိန်း ၁၅၀၀ အား ဆွတ်ခူးသွားခဲ့သဖြင့် လက်တွေ့ အဓိဋ္ဌာန်အောင်မြင်သည်ဟု ယုံကြည်ကြသောကြောင့် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။ ကိုမောင်ကြိုင်သည် မိမိ၏ အဓိဋ္ဌာန်အောင် နေရာဖြစ်သောကြောင့် နဂါးကန်တူးဖော်ရေးအတွက် ကျပ်သိန်း ၁၀၀ လှူဒါန်းထားရှိသည်။ ယခုကဲ့သို့ အိပ်မက်အရချုံနွယ်များ ရှင်းလင်းတူးဖော်ရာမှ တွေ့ရှိလာသော ရှေးဟောင်းစေတီတော်ပြုပြင်ရန်နှင့် ရှေးဟောင်းရုပ်ပွားတော်များ၏ သာသနာအဓွန့်ရှည်တည်တံ့စေရန်အတွက် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လာရောက်ဖူးမြော်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **ထွန်းထွန်းနိုင်**

&efukef-armfvrdkif txl;tjref&xm; ykHrSefajy;qGJ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မှ မော်လမြိုင်သို့ နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိသည့် အမှတ်(၃၅) အဆန် အထူးအမြန်ရထားနှင့် မော်လမြိုင်မှ ရန်ကုန်သို့ပြေးဆွဲလျက်ရှိသည့် အမှတ်(၃၆) အစုန် အထူးအမြန်ရထားပြေးဆွဲမှုကို မဟာသင်္ကြန်ရက် ဧပြီ ၁၄ ရက်မှ ၁၆ ရက်များအတွင်း ခေတ္တရပ်နားခဲ့သည်။

ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ည ၉ နာရီထွက်ခွာသည့် အမှတ် (၃၅) အဆန် ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားနှင့်မော်လမြိုင် ဘူတာမှ ရန်ကုန်မြို့သို့ နေ့စဉ် ည ၇ နာရီခွဲတွင် ထွက်ခွာသည့် အမှတ် (၃၆) အစုန် အထူးအမြန်ရထားများကို ယခုမြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်မှစတင်ကာ ပုံမှန်အတိုင်းနေ့စဉ် ပြန်လည် ပြေးဆွဲနေပြီဖြစ်သည်။

ရန်ကုန်ဘူတာကြီးမှ နေ့စဉ် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာသည့် အမှတ် (၈၉) အဆန် ရန်ကုန်-မော်လမြိုင် အမြန်ရထားနှင့်နေ့စဉ် ညနေ ၆ နာရီ ၂၅ မိနစ်တွင် ထွက်ခွာသည့်အမှတ် (၁၇၅) အဆန် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်(ဆိပ်ကမ်း)လမ်းပိုင်းအမြန်ရထားများကိုလည်း သတ်မှတ်ချိန်အတိုင်းပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **မွန်လေး**

အောက်ပိုင်းဒေသများ နေ့အပူချိန်အနည်းငယ်တိုး

နေပြည်တော် ဧပြီ ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပို၍ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အင်အားပြင်းထန်သောငလျင်လှုပ်

နေပြည်တော် ဧပြီ ၂၀

ယနေ့ နံနက် ၆ နာရီ ၃၅ မိနစ် ၂၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၇၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ တရုတ်ပြည်သူ့သမ္မတနိုင်ငံ(Sichuan)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

▲ကျောဖုံးမှ

တွက်ချက်လေ့ရှိသည်။ ယခင်က နိုင်ငံတကာရွှေဈေးနှုန်းကို ပြည်တွင်း ဒေါ်လာ ငွေလဲနှုန်းထားနှင့် တွက်ချက်ကာဈေးဖွင့်အရောင်းအဝယ်ပြု ခဲ့ကြပြီး ယခုမူ ဒေါ်လာ ငွေလဲနှုန်း တစ်ပြေးညီဖြစ်သွား၍ မြန်မာ့ရွှေဈေးကွက်သည် နိုင်ငံတကာရွှေဈေးကွက် သဘောသဘာဝနှင့်အညီသာ ပြောင်းလဲသက်ဝင်လျက်ရှိနေသည်။ သို့မို့ကြောင့် မြန်မာ့ရွှေဈေးကွက်သည်ပြီးခဲ့သည့် နှစ်ပိုင်းအတွင်း အထိုက်အလျောက် တည်ငြိမ်မှုရှိသည်ကို လေ့လာတွေ့ရှိရသည်။

သို့သော် ယခုရက်ပိုင်း သင်္ကြန်ကာလအတွင်း ကမ္ဘာ့ရွှေဈေးသည် လန်ဒန်ရွှေဈေးကွက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်မျှ ကျဆင်းသွား၏။ ကမ္ဘာ့ရွှေဈေး၏ မကြုံစဖူး လှုပ်ခတ်မှုကြောင့် ဒိုမီနိုသဘောတရားအရ နိုင်ငံအသီးသီးရှိ ရွှေဈေးကွက်များတွင်လည်း မကြုံစဖူး ရိုက်ခတ်မှုများ ရှိလာခဲ့သည်။

ထိုင်းနိုင်ငံတွင် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် ရွှေတစ်ကျပ်သားလျှင် ဘတ်ငွေနှစ်သောင်းအောက် ကျဆင်းသွား၍ ဗန်ကောက်တွင် ရွှေဝယ်ယူသူများ ကြိတ်ကြိတ်တိုးလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရွှေဈေးကွက်တွင်လည်း ၁၀ နှစ်တာအတွင်း ရွှေဈေးနှုန်းမှာ စံချိန်တင်ထိုးကျသွားခဲ့သည်။ ဧပြီ ၁၂ ရက် ဈေးကွက်ပိတ်ချိန်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၇၃၀၀၀၀ ကျော် ရှိခဲ့ရာမှ ဧပြီ ၁၈ ရက် ဈေးကွက်ပြန်ဖွင့်ချိန်တွင် ငွေကျပ် ၆၆၀၀၀၀ ဖြင့်သာ ဈေးဖွင့်ခဲ့သည်။

ယခုကဲ့သို့ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး ထူးထူးကဲကဲကျတာမျိုးမတွေ့ဖူးကြောင်း၊ သို့သော် မြန်မာ့ရွှေဈေးကွက်တွင် ထူးထူးကဲကဲဝယ်ယူခြင်းမျိုး၊ မရောင်းခြင်းမျိုး၊ ပိုက်ဆံရှိပြီး ရွှေဝယ်ချင်တယ် ဝယ်လို့မရဘူးဆိုသည့်အဖြစ်မျိုး မရှိကြောင်း၊ အရောင်းအဝယ် အကျပ်အတည်းမျိုးမရှိသေးကြောင်း ရွှေလုပ်ငန်းရှင်အချို့က ဆိုကြသည်။

ယခုရက်ပိုင်းအတွင်းမူ ဝယ်လိုအားများ၍ ဈေးနှုန်းတဖြည်းဖြည်း ပြန်တက်လာရာ ဧပြီ ၁၉ ရက် ညနေတွင် မြန်မာ့ရွှေဈေးနှုန်းသည် ငွေကျပ် ၇၃၈၅၀၀ ဖြင့် ပိတ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြင့် လက်ရှိ မြန်မာ့ရွှေဈေးကွက်အခြေအနေနှင့် စပ်လျဉ်း၍

ဦးကျော်ဝင်း

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းတိမ်နှင့် ရတနာရွှေဆိုင်)၏ သဘောထားအမြင်များကို မေးမြန်းတင်ပြလိုက်ရပါသည်။

မေး-လက်ရှိ မြန်မာ့ရွှေဈေးကွက်မှာ ဈေးနှုန်းအနေအထား ဘယ်လောက်ရှိပါသလဲ။

ဖြေ- ဧပြီ ၁၉ ရက်ဈေးက စပြောရရင် တစ်ကျပ်သားကို ငွေကျပ် ၆၉၅၀၀၀ ဈေးနဲ့ စဖွင့်ပါတယ်။ နေ့လယ်မှာ ငွေကျပ် ၇၁၂၀၀၀၊ ညနေမှာ ငွေကျပ် ၇၀၅၀၀၀ နဲ့ ပြန်ပိတ်ပါတယ်။ သင်္ကြန်မတိုင်ခင် ဈေးက ငွေကျပ် ၇၃၈၅၀၀ မှာ ပိတ်သွားတယ်။ သင်္ကြန်တွင်းမှာ ကမ္ဘာ့ရွှေဈေးက တအားပြုတ်ကျ သွားတယ်။ ဒေါ်လာ ၂၀၀ ကျော်အထိ ကျသွားတယ်။ အနိမ့်ဆုံး ဒေါ်လာ ၁၃၀၄ အထိကို ကျသွားတယ်။ သင်္ကြန်အပြီး ဒီမှာဈေးပြန်ဖွင့်တော့ ကုန်သည်တွေက ကမ္ဘာ့ဈေးတောင် ဒီလောက်ပြုတ်တာ ဒီမှာလည်း ပြုတ်ကျတော့မှာပဲဆိုပြီး အချို့ကုန်သည်တွေက နှစ်ဆန်းနှစ်ရက်နေ့မှာ ငွေကျပ် ၆၇၀၀၀၀နဲ့ စရောင်းတယ်။

ကမ္ဘာ့ဈေးနဲ့ တွက်လိုက်ရင် ကျွန်တော်တို့ ငွေကျပ် ၂၇၀၀၀ လောက်များသေးတယ်။ ကုန်သည်တွေ တွက်တာကတော့ ငွေကျပ် ၆၇၀၀၀၀ ရောင်းရင်ကိုက်တယ်ပေါ့။ ဒါ သူတို့တွက်နည်းပေါ့။ ဒီဈေးကို အရပ်ကလည်း တအားကြိုက်သွားတယ်။ သင်္ကြန်မတိုင်မီဈေးနဲ့ သင်္ကြန်ကျော်ပြီးတဲ့ဈေးက ငွေကျပ် ခြောက်သောင်းလောက်ကွာသွားတာပေါ့။ ဒီလောက်ကွာသွားတော့ အရပ်က ဖိဝယ်တာပေါ့၊ ဖိဝယ်တော့ နှစ်ဆန်းနှစ်ရက်နေ့မှာ ငွေကျပ် ၆၇၀၀၀၀ ဈေးကနေ ငွေကျပ် ၆၉၅၀၀၀ ဈေးပြန်ဖြစ်သွားတယ်။

မနေ့က ဧပြီ ၁၉ ရက်မှာ ငွေကျပ် ၆၉၅၀၀၀နဲ့ ဖွင့်ပြီး ငွေကျပ် ၇၁၂၀၀၀ ဈေးပြန်ဖြစ်သွားတယ်။ ညနေပိုင်းမှာ အရပ်ဘက်က တစ်နေ့တည်းကို ဒီလောက်ထိ တက်တယ်ဆိုပြီး အဝယ်နည်းနည်း အေးသွားတဲ့အတွက် ငွေကျပ် ၇၀၅၀၀၀ ဈေးလောက် ပြန်ဖြစ်သွားတယ်။ ဒီနေ့(ဧပြီ ၂၀ ရက်) ကျွန်တော်မှန်းထားတာကတော့ ငွေကျပ် ၇၀၀၀၀၀ နဲ့ ၇၀၅၀၀၀ ဈေးကြားမှာပဲ စဖွင့်မယ်လို့ထင်ပါတယ်။ ဒါပေမယ့် ငွေကျပ် ၇၀၀၀၀၀ ဈေးအောက်ပြန်ကျမယ်လို့လည်း မှန်းဆထားပါတယ်။

မေး-ဒီရွှေဈေး အတက်အကျကြောင့် မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်မှု၊ အကျိုးနဲ့အပြစ်ကို ဝေဖန်သုံးသပ်ပေးပါဦးခင်ဗျား။

ဖြေ-ရွှေဈေးနှုန်းက ရှတ်တရက် ငါးသောင်းကျတာတို့၊ ခြောက်သောင်းကျတာတို့က ကျွန်တော်တို့နိုင်ငံမှာ အင်မတန်ရှားပါတယ်။ ဒါပထမဦးဆုံးအကြိမ်လို့ပဲ ပြောလို့ရပါတယ်။ နိုင်ငံတကာမှာလည်း ရှားတယ်။ ဒေါ်လာ ၁၅၀၀ ကျော်ကနေ ဒေါ်လာ ၁၃၀၀ ကျတာမျိုးက အင်မတန်ရှားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးအရ ရိုက်ခတ်မှုကတော့ ထူးထူးခြားခြားဖြစ်သွားလိမ့်မယ်လို့ ကျွန်တော်မမြင်ပါဘူး။ ဘာမျှမဖြစ်တဲ့ အကြောင်းရင်းက ကျွန်တော်တို့ သင်္ကြန်ကျော်ပြီးတဲ့အချိန်မှာ ကုန်သည်တွေက အလုပ်လုပ်တာ ပုံမှန်မဟုတ်သေးဘူး။ ရွှေဈေး ကွက်မှာဝင်လာတဲ့ရောင်းထွက်တဲ့ ရွှေတွေဟာလည်း ပုံမှန်အနေအထားမျိုးမဟုတ်သေးဘူး။ နောက်တစ်ချက်က ဘဏ်တွေကလည်း တနင်္လာနေ့မှဖွင့်မှာ။ ဘဏ်ဖွင့်မှ ငွေကလည်းထွက်လာမယ် ဆိုတော့ အဲဒီကြားထဲမှာ ထူးထူးခြားခြား ဂယက်ရိုက်တာတော့ မရှိနိုင်ပါဘူး။ ကျွန်တော်မှန်းတာ ဘဏ်ဖွင့်တဲ့ရက်နဲ့ ဒီက လောလောဆယ်ဆယ်အပြောင်းအလဲနဲ့ဆိုရင်တော့ နည်းနည်းနေသားကျသွားမှာဖြစ်တဲ့အတွက် စီးပွားရေးအပေါ် ရိုက်ခတ်မှု၊ ထိခိုက်မှုမရှိနိုင်ဘူး။ ရွှေဈေးတစ်ခုတည်း အပြောင်းအလဲရှိတာ။ ကျန်တာသိပ်ပြီး ထူးထူးခြားခြား မရှိဘူးလေ။

မေး-အခုလို မြန်မာနိုင်ငံမှာ ရွှေဈေး ရှုတ်တရက်ကျသွားတဲ့ အကြောင်းအရင်းကိုလည်း သုံးသပ်ပေးပါဦး။

ဖြေ-အဓိကအကြောင်းအရင်းက နှစ်ခုပဲရှိပါတယ်။ ပထမအကြောင်းအရင်းကတော့ နိုင်ငံတကာရွှေဈေးပေါ့။ ဒုတိယကတော့ ဒေါ်လာငွေလဲနှုန်းပေါ့။ ဒေါ်လာငွေလဲနှုန်းက တစ်ပြေးညီဖြစ်သွားတဲ့အတွက် သိပ်အပြောင်းအလဲမရှိတော့တဲ့ အခါကျတော့ ကမ္ဘာ့ရွှေဈေးကပဲ အဓိကရိုက်ခတ်မှုရှိတယ်။ ကမ္ဘာ့ရွှေဈေးလတ်တလော ကျတာကလည်း အကြောင်းသုံးမျိုးလောက်ရှိတယ်။ ပထမအချက်က ဆိုက်ပရပ်စ်နိုင်ငံငယ်လေးရဲ့ဘဏ်လုပ်ငန်း ငွေရေးကြေးရေးပြဿနာက စီးပွားရေးအကျပ်အတည်းမျိုး သဘောဆောင်ပြီး ဘဏ်မှာ ငွေလည်ပတ်မှုတွေ ရပ်သွားတယ်။ အီးယူကို အကူအညီတောင်းတဲ့အခါမှာ ပြေလည်သလိုမပြေလည်သလိုရှိတဲ့အတွက် သူ့ပြည်တွင်းရေးကို ဖြေရှင်းတဲ့အနေနဲ့ ရွှေတန်ချိန်အတော်များများကို ထုတ်ရောင်းနိုင်တယ်။ ရောင်းမယ်လို့လည်း ကြေညာလိုက်တဲ့အတွက် တစ်ကမ္ဘာလုံးမှာရှိတဲ့ ရွှေလုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေက အဲဒီလောက်ထုတ်ရောင်းရင် ရွှေဈေးကျတော့မှာပဲဆိုပြီး မကျခင် အရင်ကြိုရောင်းမယ်ဆိုတဲ့ အတွေးက အားလုံးသွားတူနေပြီး တစ်ပြိုင်တည်း ထုတ်ရောင်းကြတာ။ အဲဒီမှာ ဒေါ်လာ ၁၅၀၀ ကျော်ကနေ ဆင်းချသွားတာ ၁၃၀၀ ကျော်အထိ ဆင်းသွားတယ်။ အဲဒီမှာ ရွှေလုပ်ငန်းရှင်းနှီးမြှုပ်နှံသူတွေက ရှုံးကြတဲ့အတွက် မရောင်းကြဘဲရပ်လိုက်တော့ အခြေအနေတွေက အဲဒီလိုဖြစ်သွားတာ။

နောက် ဒုတိယအကြောင်းက တော့ တရုတ်နိုင်ငံရဲ့စီးပွားရေး အညွှန်းကိန်းကို ယခုနှစ်အစမှာ အားလုံးကောင်းသွားမယ်လို့ အားလုံးကမှန်းကြတာ။ ဒါပေမယ့် လက်တွေ့မှာ သင်္ကြန်မတိုင်ခင်လေးမှာပဲ ထွက်လာတဲ့အညွှန်းကိန်းက လူတွေထင်သလောက် ကောင်းမလာခဲ့ဘူး။ ဒီတော့ စီးပွားရေးကလည်း သိပ်မကောင်းနိုင်ဘူးဆိုပြီး ရွှေလုပ်ငန်းရင်းနှီးမြှုပ်နှံသူတွေက ရွှေကို သိပ်မဝယ်ကြပြန်ဘူး။ အဲဒီ နှစ်ချက်အပါအဝင် အခြေအနေ အရပ်ရပ်ကိုကြည့်ပြီး လူတွေက ရွှေဝယ်ဖို့ ခဏနေလိမ့်ဦးမယ်ဆိုတဲ့ အတွေးတွေရယ်၊ ခုန ဆိုက်ပရပ်စ်ကလည်း ရောင်းမယ်ပြောတော့ ဝယ်မယ့်သူကလည်း ခဏရပ်သွားပြီး အဲဒီမှာ ရွှေဈေးကျသွားတာပေါ့။ ကျွန်တော်တို့နိုင်ငံမှာတော့ ပြီးခဲ့တဲ့ တစ်နှစ်ခွဲ၊ နှစ်နှစ်ကဈေးနှုန်းကို ပြန်ရောက်သွားတယ်။ ဒီကအမြင်မှာတော့ တအားကျသွားတယ်ပေါ့။ ဒါကြောင့် ပြည်သူက ရွှေဈေးသက်သက်သာသာနဲ့ရတယ်။ ဒါတော့ ကောင်းတာပေါ့။

မေး-မြန်မာ့ရွှေဈေးကွက်ရဲ့ အနာဂတ် အလားအလာအပေါ်ကို သုံးသပ်တင်ပြပေးပါဦး။

ဖြေ-ကျွန်တော်တို့နိုင်ငံမှာ ရွှေကို မြတ်နိုးလို့လည်း ဝယ်တယ်။ စေတီဘုရားပုထိုးဆိုတဲ့ဘာသာရေးအတွက်လည်း သုံးကြတယ်။ ဝယ်တယ်။ နောက်ပြီး ရင်းနှီးမြှုပ်နှံမှုအတွက်လည်းဝယ်တယ်။ ကျွန်တော်တို့နိုင်ငံက ရည်ရွယ်ချက်သုံးခုစလုံးပါတော့ ဈေးကွက်က အလားအလာ ပိုကောင်းပါတယ်။ လက်ရှိမှာလည်း စီးပွားရေးအရ ရိုက်ခတ်မှုရှိသလားဆိုတော့ သိပ်မရှိပါဘူး။ ဒီအချိန်မှာ ရွှေတွေစုထားတဲ့သူတွေက ဈေးကျမှာကြောက်ပြီး ထုတ်ရောင်းတဲ့သူနဲ့ ဈေးကျလို့ ဝယ်တဲ့သူနဲ့ သူ့ဟာနဲ့သူမျှခြေဖြစ်နေတယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံမှာလည်း ဒီရာသီက ရွှေထွက်တဲ့ရာသီဖြစ်နေတော့ သူတွေ၊ အကဲဖြတ်သူတွေကတော့ ကမ္ဘာ့ရွှေဈေးဟာ ၁၂၀၀ အထိကျမယ်။ ၁၂၀၀ အောက်ကျမယ်လို့မှန်းကြတာပေါ့။ ကျွန်တော့်အမြင်အရတော့ ဒီလို ၁၂၀၀ နဲ့ ၁၂၀၀ အောက် ကျသွားမယ်လို့ မထင်ပါဘူး။ ဘယ်ကုန်သည်ပဲဖြစ်ဖြစ် တအားရှုံးရင် လုပ်ဖို့ အခက်အခဲရှိသွားမယ်။ နောက်တစ်ချက်က ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ တအားကျသွားရင် သူတို့အနေနဲ့ဝယ်သိမ်းမှာပဲ။ ရွှေက ပုပ်သွားတာ၊ သိုးသွားတာ မရှိဘူးလေ၊ ဒါကြောင့် ဒီလောက်အထိ ဆင်းသွားမယ်လို့ ကျွန်တော်မထင်ဘူး။ ကျွန်တော့်အမြင်အရတော့ ဒီအချိန်ကဝယ်လို့ ကောင်းပါတယ်လို့ အကြမ်းဖျင်း မှတ်ချက်ပေးချင်ပါတယ်။

မေး-ရွှေကို မြတ်နိုးနှစ်သက်ကြတဲ့ ရွှေမြန်မာတွေကိုရော ဘယ်လိုများ အကြံပြုချင်ပါသလဲ ခင်ဗျား။

ဖြေ- အခုအချိန်မှာ ဝယ်ချင်တဲ့ ဆန္ဒ

ရွှေဆိုင်တစ်ဆိုင်တွင် ရောင်းချရန်ပြသထားသော ရွှေထည်ပစ္စည်းများကို တွေ့ရစဉ်။

ကြိုက်ပြီး ပိုဝယ်ကြတာပေါ့။ ပြည်သူတွေအတွက်တော့ ကောင်းပါတယ်။ ရွှေဝယ်စုတဲ့ သူတွေအတွက်လည်း ရွှေဈေးကျသွားတာကောင်းပါတယ်။ ရွှေကုန်သည်အချို့ကတော့ ရှုံးကြတာပေါ့။ ဒါကလည်း ပစ္စည်းတစ်ခု ဈေးနှုန်းကျသွားတဲ့အခါမှာဆိုရင် အကျိုးဖြစ်ထွန်းတဲ့လူရှိသလို အကျိုးလျော့သွားတဲ့လူလည်း ရှိတာပေါ့။ ဝယ်တဲ့ ပြည်သူအများစုကတော့ ထုတ်လုပ်မှုနဲ့ ဈေးကွက်အဝယ်လိုက်တာနဲ့ အံဝင်ခွင်ကျဖြစ်နေတော့ ဈေးကွက်အနေအထားအရ ပြဿနာမရှိပါဘူး။

မေး-မြန်မာ့ရွှေဈေး ထပ်တက်ဖို့ အလားအလာရှိ၊ မရှိဆွေးနွေးပေးပါဦး ခင်ဗျာ။

ဖြေ-တကယ်လို့များ ကမ္ဘာ့ရွှေဈေး တက်သွားမယ်ဆိုရင် မြန်မာ့ရွှေဈေးလည်းပြန်တက်မှာပဲ။ ရင်းနှီးမြှုပ်နှံ ရှိရင်တော့ဝယ်တာ အကောင်းဆုံးပါပဲ။ ပြီးခဲ့တဲ့သင်္ကြန်မတိုင်ခင်ထက်စာရင် ဒီဈေးနှုန်းဟာ ပြန်တက်လာတဲ့ဈေးနှုန်းဖြစ်သော်လည်း အရင်ဈေးနှုန်းနဲ့စာရင် ငွေသုံးသောင်းလောက် သက်သာသေးတဲ့အတွက် ဝယ်နိုင်တယ်ပေါ့။ ဝယ်ရတာ မဆိုးဘူးပေါ့။ မကြာခင်ရက်ပိုင်းမှာ မြန်မာ့ရွှေဈေးကွက်ပုံမှန် ပြန်ဖြစ်သွားပါလိမ့်မယ်။

မော်လမြိုင်မြို့ သင်္ကြန်ကာလအတွင်း အိပ်ဇောပိုက်ဖြုတ်နှင့် သံစုံဟွန်းတပ် ဆိုင်ကယ် ၂၀၆ စီး အရေးယူ

မော်လမြိုင် ဧပြီ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ ၂၀၁၃ ခုနှစ် သင်္ကြန်ကာလတွင် ပြည်သူများ အထိတ်တလန့်မဖြစ်စေရေး၊ သင်္ကြန်ရေပက်ခံသူများ အန္တရာယ်အယှက် မဖြစ်စေရေး အတွက် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းနှင့် ရဲတပ်ဖွဲ့ဝင်တို့က ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ရေပက်ခံထွက်ရာ၌ ဆိုင်ကယ် အိပ်ဇောများဖြုတ်ခြင်း၊ ပါဝါအိပ်ဇောတပ်ဆင်ခြင်း၊ သံစုံဟွန်းများ တပ်ဆင်ခြင်းတို့ကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခဲ့ရာ ဆိုင်ကယ်စီးရေ ၂၀၆ စီး ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိခဲ့သော ဆိုင်ကယ်များအား ၁၉၈၇ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ(၂၇) ဖြင့် စီမံခန့်ခွဲမှုဒဏ်ငွေ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဧပြီ ၁၈ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ယာဉ်ပိုင်ရှင်ကိုယ်တိုင် ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်လိုင်စင်နှင့် အုပ်ထိန်းသူနှစ်ဦးခေါ်ဆောင်လာ၍ ခံဝန်ကတိလက်မှတ်ရေးထိုးကာ ဆိုင်ကယ် ၆၇ စီး ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ဧပြီ ၁၉ ရက်တွင်လည်း စိစစ်၍ ဆိုင်ကယ် ၅၉ စီး ပြန်လည်ပေးအပ်ခဲ့သည်။ ၎င်းဆိုင်ကယ်များထဲမှ လိုင်စင်မဲ့ဆိုင်ကယ်များအား ပို့ကုန် သွင်းကုန် ဥပဒေပုဒ်မ(၈)ဖြင့် အမှုဖွင့်အရေးယူ သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းနောက် ရရှိခဲ့သောဒဏ်ငွေများအား မွေးမြူရေးနှင့် ရေလုပ်ငန်း ဦးစီးဌာန ဘဏ်ခွဲသို့ ငွေစုစာအုပ် SF အမှတ်(၁၇)ဖြင့် ပေးသွင်းအပ်နှံထားကြောင်းနှင့် ကျန်ဆိုင်ကယ်များကိုလည်းစိစစ်၍ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တင်ထွဋ်(မော်လမြိုင်)

ပြုပြင်ရန်ရပ်ထားသည့် အိပ်စင်ရထားတွဲ မီးလောင်

မန္တလေး ဧပြီ ၂၀

မန္တလေးအဆင့်မြင့် ဘူတာကြီး မြောက်ဘက်ရှိ တွဲပြင်ရုံအနီးတွင် ပြုပြင်ရန် ရပ်ထားသော အိပ်စင်ရထားတွဲတစ်တွဲတွင် ဧပြီ ၁၉ ရက် ည ၁၀ နာရီ ခန့်က တွဲပြင်တစ်ဦးက ခြင်ဆေးခွေထွန်းညှိပြီး အိပ်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ရာ ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ပူးပေါင်းငြိမ်းသတ်

အဆိုပါ မီးလောင်ရာနေရာသို့ မီးသတ်ကားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးရထားဝန်ထမ်းများ၊ တာဝန်ရှိသူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်ပြီး ရထားတွဲအတွင်းရှိ အိပ်ခန်းနှစ်ခန်း မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။

တင်မောင်(ကိုယ်ပွား-မန္တလေး)

မီးသုံးစွဲလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

မန္တလေးအဆင့်မြင့်ဘူတာကြီး မြောက်ဘက်ရှိ တွဲပြင်ရုံအနီးတွင် ပြုပြင်ရန်ရပ်ထားသော အိပ်စင်ရထားတွဲတစ်တွဲမီးလောင်ပြီးနောက် တွေ့မြင်ရစဉ်။ အေးမြ(ကိုယ်ပွား-မန္တလေး)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပညာ့အလင်းခေတ်မီစာကြည့်တိုက် ပြန်လည်နိုးထစေချင်

မော်လူး ဧပြီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ ပညာ့အလင်းခေတ်မီကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် ထိန်းသိမ်းစောင့်ရှောက်မည့်သူ လိုအပ်လျက်ရှိပြီး အလှူရှင်များနှင့် စာပေဝါသနာရှင်များက အိပ်ပျော်နေရာမှ တစ်ရေးနိုး ပြန်လည်ထူထောင်သင့်ပြီဖြစ်ကြောင်း ဒေသခံစာပေဝါသနာရှင်များထံမှ ကြားသိရသည်။

လိုအပ်

မော်လူးဒေသတွင် ကျေးရွာအုပ်စုပေါင်း ၁၀ အုပ်စု၊ တိုက်နယ်ကိုးခုနှင့် ကျေးရွာပေါင်း ၄၃ ရွာရှိကြောင်း၊ ပညာ့အလင်းခေတ်မီစာကြည့်တိုက်သည် ၁၉၈၈ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်စအချိန်တွင် စာပေဝါသနာရှင်များဖြင့် အထူးစည်ကားလှသော်လည်း ယခုအခါ အဆိုပါစာကြည့်တိုက်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး ထိန်းသိမ်းစောင့်ရှောက်မည့်သူ လိုအပ်နေပြီဖြစ်သည်။

ပြောကြား

လူငယ်လူရွယ်များသည် မူးယစ်သောက်စားနေသူများ၊ အပျော်အပါးလိုက်စားနေသူများ များပြားလာသည့်အတွက် ဝမ်းနည်းဖွယ်ရာကြုံတွေ့နေရသဖြင့် လူတိုင်းစာဖတ်သည့် အလေ့အထကို မွေ့လျော်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ပညာ့အလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပြန်လည်ရှင်သန်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီထိန်းသိမ်းသင့်ကြောင်း ပညာရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

(၁၄၉)

ကြက်သွန် ဈေးနှုန်းမြင့်တက်သော်လည်း လှောင်လက်သမားများစတင်ဝယ်ယူ

ပခုက္ကူ ဧပြီ ၂၀

ပခုက္ကူမြို့နယ်နှင့် မိုင် ၃၀ ကွာဝေးသော ပေါက်နယ်ယောချောင်းဒေသမှ ကြက်သွန်များ သင်္ကြန်မတိုင်ခင်နုတ်ယူအခြောက်လှန်းပြီး သင်္ကြန်ကာလကုန်ဆုံးသည်နှင့် ကြက်သွန်ဈေးကွက်ကြီးဖြစ်သော ဦးမေယကျောင်းဝိုင်းသို့ ဧပြီ ၁၈ ရက်နေ့၌ ကြက်သွန်ပိဿာချိန် ထောင်ဂဏန်းဖြင့် စတင်ဝင်ရောက်လာနေကြောင်း သိရသည်။ ကြက်သွန်ဈေးက သင်္ကြန်မတိုင်ခင် တစ်ပိဿာငွေကျပ် ၂၂၀ဈေးရှိခဲ့တယ်။ သင်္ကြန်အပြီးငွေကျပ် ၂၉၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတယ်။ ယောချောင်းကြက်သွန်က အထားခံတော့ လှောင်လက်သမားတွေဝယ်ဖို့ပြင်ဆင်နေကြတယ်။ နောက်ရက်တွေဆို ကြက်သွန်ပိဿာချိန် သောင်းချီဝင်လာတော့မှာပါဟု ပွဲစားတစ်ဦးက ပြောသည်။ ချင်းပြည်နယ် မင်းတပ်ဒေသမှ ချောင်းဖျားခံလာသောနာမည်ကျော် ယောချောင်းကြီးသည် ဆိပ်ဖြူ မြို့အနီး ဧရာဝတီမြစ်အတွင်း ပေါင်းဆုံစီးဝင်သည်။ ပေါက်နယ်-ပခုက္ကူနယ်-ဆိပ်ဖြူနယ် ဒေသခံများသည် ယောချောင်းဘေးဝဲယာတစ်လျှောက် ကြက်သွန်ကို အဓိကအားထားစိုက်ပျိုးကြသည်။ ပေါက်နယ်မှ-ဆိပ်ဖြူနယ် ယောချောင်းတစ်လျှောက် ရွာပေါင်း ၁၀၀ ကျော်ခန့်ရှိသည်ဟု သိရသည်။ ယောချောင်းဘေးရွာများသည် ယောချောင်းရေနည်းပါးချိန် ပြာသိုလ၌ ကြက်သွန်စတင်စိုက်ပျိုး၍ သင်္ကြန်မရောက်ခင် ယောချောင်းရေမတိုးခင် နုတ်သိမ်းကြသည်ဟု သိရသည်။ တစ်အိမ်ထောင်ကို ကြက်သွန်ကျင်း ၁၀၀ အထိ လုပ်ကိုင်ကြပါတယ်။ တစ်ကျင်းကို ၁၀ တောင်ပတ်လည်ရှိပါတယ်။ တစ်ကျင်းကို ကြက်သွန်အချိန် ၃၀ မှ ပိဿာ ၅၀ အထိထွက်ပါတယ်ဟု ယောချောင်းဒေသ ပေါက်နယ်ပျဉ်းချောင်းရွာ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။ ယခုနှစ် ကြက်သွန်ထွက်နှုန်းအားမှာ ယခင်နှစ်ထက်ကောင်းကြောင်း၊ ယခင်နှစ် ပခုက္ကူဒေသထွက်နှုန်းအချိန်ပိဿာ သိန်း ၁၀၀ ထိရှိခဲ့သော်လည်း ယခုနှစ်တွင် အချိန်ပိဿာ သိန်း ၁၅၀ မှ ၂၀၀ ထိ ထွက်ရှိနိုင်ကြောင်း ကြက်သွန်ပွဲစားတစ်ဦးက ပြောသည်။ **နေဦးမောင်(ပခုက္ကူ)**

ဗုဒ္ဓဘာသာ စာမေးပွဲဖြေဆို

အမရပူရ ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နန်းတော်ရာစံပြရပ်ကွက် စံပြမူလတန်းလွန်ကျောင်း၌ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းခွဲ ၁၄၆ ဦးဆောင်မှုဖြင့် အသက် (၁၇ နှစ်)အောက် ပထမအကြိမ် ဗုဒ္ဓဘာသာစာမေးပွဲကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ) ဆရာတော်ဟောကြားတော်မူသော တရားများထဲမှ သရဏဂုံအစွမ်းနှင့် သီလအစွမ်းဖြင့် ဗုဒ္ဓဘာသာသာသနာအား စွဲမြဲစွာ ယုံကြည်နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ ကျင်းပခဲ့သည်။

ချီးမြှင့်

ထို့နောက် အသက် (၁၇ နှစ်) အထက် ဗုဒ္ဓဘာသာစာမေးပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီ တွင်ကျင်းပရာ တစ်မျိုးလျှင် ပထမဆုသုံးသိန်း၊ ဒုတိယဆုနှစ်သိန်း၊ တတိယဆု တစ်သိန်းနှင့် နှစ်သိမ့်ဆု ၂၀ ချီးမြှင့်သွားမည်ဖြစ်၍ အသက် (၁၇ နှစ်)အောက် ၂၉၃ ဦးနှင့် အသက်(၁၇ နှစ်) အထက် ၂၇၀ ပါဝင်ဖြေဆိုခဲ့ကြသည်။

ဖြေဆို

အဆိုပါ ဗုဒ္ဓဘာသာစာမေးပွဲဖြေဆိုသူများ၏ အောင်စာရင်းနှင့် ဆုရသူများစာရင်းကို ဧပြီ ၂၂ ရက် တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဆုချီးမြှင့်ခြင်းနှင့် အောင်ပွဲခံမွေ့သဘင်အား အရှင်ဇဝန (မေတ္တာရှင် ရွှေပြည်သာ)ဆရာတော်မှ ချီးမြှင့်ဟောကြားသွားမည်ဖြစ်သည်။ ဗုဒ္ဓဘာသာစာမေးပွဲအား အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ ငါန်းဇွန်၊ တံတားဦး၊ ပခုက္ကူ မုံရွာ၊ ဝက်လက်၊ မြင်းမူ၊ ထီးတံဆောင်နှင့် ရှမ်းပြည်နယ်တို့မှ ဝင်ရောက်ဖြေဆိုသူ ၅၆၃ ဦးရှိကြောင်း သိရသည်။

ကျော်ထူး

စေတနာအလင်္ကာရအသင်း သက်ကြီးပူဇော်

ကလေး ဧပြီ ၂၀

ကလေးမြို့ အောင်ဇေယျရပ်ကွက် မဟာသန္တာရုံကျောင်း စေတနာအလင်္ကာရအသင်း၏ ဒုတိယမြောက် အသက် ၈၀ ကျော်သက်ကြီးအဘိုးအဘွား ၅၇ ဦး ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းနှင့်မဟာသန္တာရုံကျောင်း စေတနာအလင်္ကာရအသင်းသူအသင်းသား လူငယ်မောင်မယ်များက အဘိုးအဘွားများအား ဂါရဝပြုကန်တော့ကြပြီး ကန်တော့ပစ္စည်းအစုစုတို့ကို ပေးအပ်ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **ဂျူနိုင်း**

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

အင်းတော် ဧပြီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု နန့်သာကျေးရွာ၌ ဧပြီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်ထိန်းဒုရဲအုပ်ထွန်းထွန်းနှင့်အဖွဲ့သည် မော်တိတ်ရဲကင်းမှူး ဒုရဲအုပ်ဇော်သန်းထွဋ်နှင့်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်ပြင်း၊ ရာအိမ်မှူး ဦးမြင့်လွင်တို့နှင့်အတူ နန့်သာကျေးရွာနေ ဦးမြင့်ငွေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အနောက်ဘက်ရှိ သောက်ရေတွင်းအတွင်းသို့ အိတ်အနက်တစ်ထုပ်အားပစ်ချ၍ ၎င်း၏ဇနီးမမော်က ရေငင်ပုံးဖြင့် ၎င်းအထုပ်အား ရေတွင်းထဲနစ်မြုပ်နေသည်ကို တွေ့ရှိ၍ သက်သေများရှေ့တွင်ဆယ်ယူပြီး စစ်ဆေးရာ ရေပုံးအတွင်းမှ အနက်ရောင်အိတ်အတွင်း ပင်နီဆီလင်ပုလင်းဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် (၀ ဒသမ ၂၇)ဂရမ်ပါတစ်လုံးနှင့်အလေးချိန်(၀ ဒသမ ၀၆၈) ဂရမ်ခန့်ပါ ပင်နီဆီလင်တစ်လုံး စုစုပေါင်းအလေးချိန် (၀ ဒသမ ၃၃) ဂရမ်ခန့်အား သိမ်းဆည်းရမိ၍ ဦးမြင့်ငွေး၊ မမော်နန့်သာကျေးရွာနေသူတို့နှစ်ဦးအား အရေးယူပေးပါရန် တိုင်တန်းထားကြောင်း သတင်းရရှိသည်။ **ကျော်သီဟ**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

မကွေးမြို့ ဖြူစင်ပရဟိတအခမဲ့ဆေးခန်း

မကွေး ဧပြီ ၂၀

မကွေးမြို့ အောင်ရတနာရပ်ကွက် မြို့ပတ်လမ်းနှင့် လမ်း ၂၀ ထောင့်၌ ဖြူစင်ပရဟိတ အခမဲ့ဆေးခန်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြူစင်ပရဟိတ အခမဲ့ဆေးခန်းကို အမှုဆောင် ၁၅ဦးဖြင့် ဖွဲ့စည်းထားပြီး အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးချို့တဲ့သော မရှိဆင်းရဲနွမ်းပါးသူများကို ဆေးဖိုးဝါးခမယူဘဲ အခမဲ့ကုသပေးလျက်ရှိသည်။ ဆေးခန်းကို တစ်ပတ်တွင် လေးရက် စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့ များတွင် နံနက် ၇နာရီမှ ၉နာရီအထိ ဖွင့်လှစ်ပေးကာ စေတနာဆရာဝန် ၁၀ ဦးက အလှည့်ကျထိုင်ပေးသည်။ ဖြူစင်ပရဟိတ အခမဲ့ဆေးခန်း၏ အတွင်းရေးမှူး ဦးဝင်းကျော်က "ဒီဆေးခန်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လက မှတ်ပုံတင်ပြီး စဖွင့်ခဲ့တာ တစ်နှစ်ကျော်သွားပြီ၊ ဒီဆေးခန်းမှာ အရိုးအကြောသမားတော်ကြီး အပါအဝင် လူငယ်ဆရာဝန် ၁၀ ဦး အလှည့်ကျ ထိုင်ပေးကြပါတယ်။ ဆေးခန်းကို ကြီးကြပ်ဖို့အတွက် အမှုဆောင်နှစ်ဦးနဲ့ ကြီးကြပ်ရေးအဖွဲ့သုံးဦး အလှည့်ကျတာဝန်ယူကြပါတယ်။ ဒီဆေးခန်းကို လာတဲ့လူနာတွေဟာ မြို့ပြနဲ့ ကျေးလက်က ဆေးဝါးကုသဖို့ ငွေကြေးမတတ်နိုင်တဲ့ ဆင်းရဲနွမ်းပါးသူများ ဖြစ်ပါတယ်။ တစ်နေ့ကို လူနာ ၃၀ နဲ့ ၄၀ ကြားမှာ ရှိပါတယ်။ စားဆေးရော ထိုးဆေးပါ အားလုံးအခမဲ့ပါ၊ လိုအပ်ရင် ဓာတ်မှန်တို့ E.C.G တို့ကို အခမဲ့ဆောင်ရွက်ပေးပါတယ်။ တစ်နေ့ကို စားဆေး၊ ထိုးဆေးဖိုး ငွေကျပ် ၅၀၀၀၀ ကျပ်လောက် ဖြူစင်ဆေးခန်းက အခမဲ့ဆောင်ရွက်ပေးပါတယ်။ ဆေးခန်းဖြစ်မြောက်အောင်စတည်ခါစကမကွေးမြို့က ကုန်သည်ပွဲစားတွေ၊ ပဲခွဲစက်သမားတွေ၊ မြို့ပေါ်က လုပ်ငန်းရှင်တွေ အားလုံးစုပြီး သိန်း ၁၈၀ နဲ့ မတည်ခဲ့တာ၊ သိန်း ၃၅၀ လောက်ထိ အလှူငွေရခဲ့တယ်။ ဆေးခန်းဖွင့်လို့ တစ်နှစ်ကျော်သွားတဲ့အခါ သိန်း ၁၃၀ လောက်ကုန်သွားပြီး ခုကျွန်တော်တို့လက်ထဲမှာ သိန်း ၂၅၀ လောက်ကျန်ပါတယ်၊ ဒီဆေးခန်းကိုလာပြီး ကူညီကြတဲ့ဆရာဝန်တွေကလည်း တကယ့်စေတနာဆရာဝန်တွေပါ၊ ကိုယ်ပိုင်ကားတို့ ဆိုင်ကယ်တို့နဲ့ ကိုယ့်ဆီကိုယ်ဖြည့်ပြီး လာကူညီကြတာပါ။ တာဝန်ကျဆရာဝန်နဲ့ သူနာပြုတွေကို ကျွန်တော်တို့က နံနက်စာကျွေးမွေးပါတယ်" ဟု အသေးစိတ်ရှင်းပြသည်။ ဖြူစင်ပရဟိတအခမဲ့ဆေးခန်းတွင် ဝန်ထမ်းလေးဦး၊ သန့်ရှင်းရေးတစ်ဦး၊ အနာဆေးထည့်တစ်ဦး၊ စာရေးမတစ်ဦး၊ စာရေးကြီးတစ်ဦးအတွက် တစ်လငွေကျပ်၁၅၀၀၀၀ အသုံးပြုပြီးဆေးခန်းနေရာငှားခ တစ်လ ငွေကျပ် ၅၀၀၀၀ ပေးရကြောင်း သူကဆိုသည်။

ဖြူစင်မေတ္တာအခမဲ့ဆေးခန်းတွင် ဖြူစင်သွေးလှူရှင်အသင်းကိုလည်း ဖွဲ့ထားပြီး သွေးလိုအပ်သူများအတွက် သွေးရှာပေးသည်။ ဆင်းရဲနွမ်းပါးသူများအတွက် ဦးစားပေးဆောင်ရွက်သည်။ ယခုအခါ သွေးလှူရှင်ပေါင်း ၁၅၀ ခန့်ရှိနေပြီဟု သိရသည်။

"ကျွန်တော်တို့ဆေးခန်းသည် အစကတည်းက ကိုယ့်အားကိုယ်ကိုးပြီး ရုန်းကန်ခဲ့ရတာဖြစ်တော့မရှိနွမ်းပါးသူများကို ရေရှည်ကုသပေးနိုင်ဖို့အတွက် ဘဏ္ဍာရေးပိုင်းမှာ အခက်အခဲရှိပါတယ်။ တစ်နေ့ ပုံမှန်သတ်မှတ်ချက်က ဆေးပစ္စည်းဖိုး ငွေကျပ်၃၀၀၀၀ ဆိုပေမယ့် လက်တွေ့မှာ ဆေးဝယ်ရတာ ငွေကျပ် ၅၀၀၀၀ အထိ ကုန်နေပါတယ်။ လူနာကလည်း တစ်နေ့ ၃၀ မှ ၄၀ ကျော်အထိ လာနေတဲ့အတွက် ဆေးခန်းရေရှည်ရပ်တည်နိုင်ရန် ဆေးအလှူရှင်များလိုအပ်နေပါတယ်။ ရပ်ဝေးရပ်နီးမှ ဆေးအလှူရှင်များ လိုအပ်နေပါတယ်။ ရပ်ဝေးရပ်နီးမှ ဆေးအလှူရှင်များအနေနဲ့ ကုသိုလ်ပြုမယ်ဆိုရင် ဖုန်း- ၀၆၃-၂၅၃၆၂ နှင့် ၀၉-၅၃၄၂၀၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်"ဟု ဦးဝင်းကျော်က ပြောပြသည်။ **မကွေးလှမြင့်**

ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သဖြင့် ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၉ ရက် ည ၇ နာရီ မိနစ် ၃၀ က ပုဗ္ဗသီရိမြို့ ဇဝနဒီပရပ်ကွက် ပုဗ္ဗသီရိဈေးပတ်လမ်းမဘေးရှိ သာကောဆံပင်ညှပ်ဆိုင်ရှေ့မှ ကိုဇော်ဝမ်း (၃၇ နှစ်) လက်သမားလုပ်ကိုင် ဇဝနဒီပရပ် ပုဗ္ဗသီရိမြို့နေသူ မောင်းနှင်လာသော ၂၀ယ/---- streal 110 အနက်ရောင်ဆိုင်ကယ်သည် ပုဗ္ဗသီရိဈေးပတ်လမ်းမပေါ်သို့ မောင်းထွက်စဉ် ပုဗ္ဗသီရိဈေးလမ်းမကြီးအတိုင်း အနောက်မှ အရှေ့ဘက်သို့ ယာဉ်မောင်း ဝင်းကြိုင်(၂၉ နှစ်) ဇေယျာသီရိမြို့နယ်နေသူ မောင်းနှင်လာသည့် ၃ခ/---- တိုယိုတာဒိုင်နာ ခေါင်းဖြူတို့တိုက်မိပြီး ဆိုင်ကယ်မောင်းသူ ဇော်ဝမ်းတွင် ဒဏ်ရာများရရှိပြီး ၎င်း၏သားဖြစ်သူ ထွန်းမင်းလတ်(၄ နှစ်)မှာ ပေါက်ပြဲဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်အားမဆင်မခြင်မောင်းနှင်သူ ဇော်ဝမ်းအား ထုံးဘိုရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

ကိုကိုရူပ (နေပြည်တော်)

ပခုက္ကူမြို့မဈေးကြီး သကြ္ကန်ပြီးကာလ မကြာမီစဖွင့်အထူးစည်ကား

ပခုက္ကူ ဧပြီ ၂၀

သင်္ကြန်တွင်းကာလ ပခုက္ကူမြို့မဈေးကြီးသည် ငြိမ်သက်တိတ်ဆိတ်ခဲ့သော်လည်း ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၉ ရက်(ဧပြီ ၁၉ ရက်)တွင် ပခုက္ကူမြို့မဈေးကြီးသည် လှုပ်ရှားသက်ဝင်လျက် အထူးစည်ကားခဲ့ကြောင်း သိရသည်။ ပခုက္ကူမြို့မဈေးသည် ရေစကြိုနယ်- မြိုင်နယ်-ပေါက်နယ်-ချင်းပြည်နယ်-ယောနယ်-ပုလဲနယ် အပြင် တောင်သာနယ်-ပုဂံ-ညောင်ဦးနယ်များကပါ ကုန်စည်တင်ပို့ရောင်းဝယ်ရာ အဓိကဈေးကြီးဖြစ်သည်။

"ပခုက္ကူမြို့မဈေးကြီးမှာ ဆိုင်ခန်းပေါင်း ၂၀၀၀ ကျော်ရှိတယ်။ ဈေးသည်ပေါင်း ၅၀၀၀ နီးပါးရှိတယ်။ နံနက် ၄ နာရီ ဝေလီဝေလင်းအချိန် ပန်းသည်တွေ၊ ဟင်းသီးဟင်းရွက်သည်တွေနဲ့ စတင်လှုပ်ရှားသက်ဝင်ပြီး ညနေ ၆ နာရီမှာ တိတ်ဆိတ်ငြိမ်သက်သွားပါတယ်"ဟု ပခုက္ကူမြို့မဈေးသည်တစ်ဦးက ပြောကြားသည်။

ပခုက္ကူမြို့မဈေးကြီးအား ဈေးသည် ဈေးဝယ်များ များပြားလွန်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ဈေးသည်များလွန်းမှုကြောင့် အမှတ်(၂) ခန်တောဈေးဖွင့်လှစ်ခဲ့သော်လည်း ဈေးသည်အများစုနှင့် ဒေသခံအများစုသည် ပခုက္ကူမြို့မဈေးကြီးကိုသာ လာရောက်ရောင်းဝယ်ဖောက်ကားကြသည်ဟု သိရသည်။

"ဈေးသည် ဈေးဝယ်များလွန်းလို့ ဈေးကို အဆင့်မြင့်မြင့်တည်ဆောက်ဖို့ စိတ်ကူးပါတယ်။ ဒါပေမယ့် ဈေးသည်အများစုက ဆင်းရဲကြတာများတယ်။ ဆိုင်ခန်းခမတတ်နိုင်ရင် သူတို့ဘဝမ်းစာအတွက် ခက်ခဲသွားမှာမို့ ဈေးကြီးတည်ဆောက်ပြုပြင်ဖို့အတော်လေး စဉ်းစားနေရပါတယ်"ဟု မြို့မဈေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပခုက္ကူမြို့မဈေးကြီးပတ်ပတ်လည်တွင် ပုံကျဈေးသည် ၁၀၀၀ ကျော်နီးပါးရှိ၍ သက်ဆိုင်ရာမှ စည်းကမ်းတကျဖြစ်ရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး နေ့စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ပခုက္ကူမြို့ကြီးသည် စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်၊ ကားလိုင်းများ၊ ရပ်ကွက်ကြီး ၁၅ ရပ်ကွက်၊ စက်မှုဇုန်နှင့် ဒေသရွာများနှင့် ပေါင်းစပ်ထားသောကြောင့် မြို့မဈေးကြီးသည် နံနက်မိုးလင်းမှ ညမိုးချုပ်သည့်တိုင် စည်ကားလှုပ်ရှားသက်ဝင်နေကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

ကျောက်ပန်းတောင်းမြို့တွင် ဈေးသစ်ကြီးဆောက်လုပ်

ကျောက်ပန်းတောင်း ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ဈေးသစ်ကြီးဆောက်လုပ်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် မြန်မာခေတ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော တမ္ပဝတီ ဈေးသစ်ကြီးကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ယနေ့အချိန်တွင် လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြောကြား

အဆိုပါ တမ္ပဝတီဈေးသစ်ကြီးတွင် ငွေကျပ်သိန်း ၈၀ တန် ဆိုင်ခန်းပေါင်း ၉၆ ခန်း၊ ငွေကျပ်သိန်း ၆၀ တန် ဆိုင်ခန်းပေါင်း ၉၆ ခန်း၊ ငွေကျပ် ၁၃ သိန်းတန် သား/ငါး ဆိုင်ခန်းပေါင်း ၇၂ ခန်းနှင့် ငွေကျပ် ၁၁ သိန်းတန် ကုန်စုံတန်းဆိုင်ခန်း ပေါင်း ၄၃၂ ခန်း အပါအဝင် စုစုပေါင်းဆိုင်ခန်း ၉၆၉ ခန်းနှင့် ကားရပ်နားရန် နေရာများပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး အဆောက်အအုံအားလုံးမှာ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်သွားရန် လျာထားကြောင်းဈေးသစ်ဆောက်လုပ်ရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

(၄၁၈)

သက်ကြီးပူဇော်ပွဲကျင်းပ

မြင်းမူ ဧပြီ ၂၀

မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ၁၃၇၅ ခုနှစ် မြန်မာနှစ်သစ်ကူး သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ကျင်းပရာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အသင်းရုံးဆေးခန်းတွင် အခမဲ့ဆေးဝါးများကုသမှုခံယူလျက်ရှိသည့် အဘိုး၊ အဘွား ၇၃ ဦး တက်ရောက်ကြသည်။ အသင်းဒုဥက္ကဋ္ဌမှ ယခုကဲ့သို့နှစ်သစ်ကူးကန်တော့ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အဘိုး၊ အဘွားတို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဆေးခန်းတွင် မြင်းမူမြို့ပေါ်ရှိ အဘိုး၊ အဘွား ၇၃ ဦးတို့အား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆေးဝါးအခမဲ့ကုသပေးခြင်းနှင့် အာဟာရထမင်းဟင်း ကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **ကိုကိုနိုင်(မြင်းမူ)**

မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဓမ္မရိပ်သာတွင် ဝိပဿနာ ခုနစ်ရက်တရားစခန်းသိမ်းပွဲကျင်းပ

မော်လမြိုင်ကျွန်း ဧပြီ ၂၀

မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဓမ္မရိပ်သာကျောင်းတိုက်မှ ကြီးမှူးကျင်းပသော (၂၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းသိမ်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဧပြီ ၁၇ ရက် ည ၇ နာရီက ချမ်းမြေ့ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

ယင်းခုနစ်ရက်တရားစခန်းသို့ မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် ကျေးရွာများမှ သံဃာတော် အပါး ၂၀ နှင့် အမျိုးသား၊ အမျိုးသမီးယောဂီ ၁၀၆ ဦး တရားစခန်းဝင်ရောက်ကြပြီး ချမ်းမြေ့ဓမ္မရိပ်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ နာယက(ကမ္မဋ္ဌာနာစရိယ)က မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်းနိဗ္ဗာန်ရောက်ကြောင်း ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်များကို ဟောကြားပြသခဲ့သည်။

ထို့နောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းအတွင်း လှူဒါန်းပူဇော်ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၆၅)

စဉ့်ကိုင် မေတ္တာရေစင်ပရဟိတလူငယ်အဖွဲ့ သကြ္ကန်ကာလ ရေတွင်း ၃၉ တွင်းဆယ်ယူကုသိုလ်ပြု

စဉ့်ကိုင် ဧပြီ ၂၀

စဉ့်ကိုင်မြို့ မေတ္တာရေစင်ပရဟိတလူငယ်အဖွဲ့က စဉ့်ကိုင်မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ရေတွင်း ၃၉ တွင်းကို အဖွဲ့ဝင် ၂၅ ဦးဖြင့် ဆယ်ယူကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင်ဦးဝင်းတင့်က " ကျွန်တော့်အဖွဲ့ကို ၂၀၁၀ ခုနှစ်က စတင်ထူထောင်လာခဲ့တာ၊ အခုလေးနှစ်ရှိပါပြီ။ နှစ်စဉ်မြို့ပေါ် ရပ်ကွက်တွေနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာတွေက အများသုံးရေတွင်းတွေကို ဆယ်ယူကုသိုလ်ပြုခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ အသုံးပြုတဲ့ ရေစုပ်စက်က မြေအောက် ၃၅ ပေအနက်ထိ ဆယ်ယူနိုင်ပါတယ်။ ရေစုပ်စက်မမီတဲ့အပိုင်းကိုတော့ လူအားနဲ့ ဆယ်ယူကြပါတယ်။ သစ်ရွက်ကြွေတွေနဲ့ ဖုန်မှုန့်တွေကျဆင်းမှုကြောင့် ယခုလိုနှစ်စဉ်မဆယ်ယူနိုင်လျှင် ရေတွင်းတွေဟာကြာရှည်အသုံးမခံဘဲ ပျက်စီးသွားတတ်ပါတယ်။ သင်္ကြန်အကြိုနေ့မှာ ရေတွင်း ရှစ်တွင်း၊ အကျနေ့မှာ ၁၆ တွင်း၊ အကြတ်နေ့မှာ ကိုးတွင်း၊ အတက်နေ့မှာ တစ်တွင်းနဲ့ နှစ်ဆန်းနှစ်ရက်နေ့မှာ ငါးတွင်း စုစုပေါင်း ရေတွင်း ၃၉ တွင်းတူးဖော်ကုသိုလ်ပြုနိုင်ခဲ့ပါတယ်။ အခုတူးဖော်နေတဲ့တွင်းကတော့ ရန်အောင်မြေရပ် ရွှေကျောင်းဘုန်းတော်ကြီးကျောင်းက သောက်ရေတွင်းဖြစ်ပါတယ်။ ဒီရွှေကျောင်းတွင်းဟာ နွေရာသီမှာ တစ်မြို့လုံးကရေတွင်းတွေအားလုံးနီးပါး ရေခန်းတဲ့အချိန် စဉ့်ကိုင်တစ်မြို့လုံးအတွက် သောက်ရေအဖြစ် အသုံးပြုနေရတဲ့တွင်းဖြစ်ပါတယ်ဟု ရှင်းလင်းပြောကြားသည်။

အောင်မင်း(စဉ့်ကိုင်)

မဏ္ဍလေးနှင့်အထက်မြန်မာပြည်သတင်း

အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်သတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံသည် အပူပိုင်းနိုင်ငံဖြစ်၍ နွေရာသီကာလတွင် အပူဒဏ်အန္တရာယ်ကျရောက်လေ့ရှိပါသည်။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်ပူချိန်တက်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းအပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိဖြစ်တတ်ပါသည်။

ခရမ်းလွန်ရောင်ခြည်အန္တရာယ်သည် တစ်နှစ်ပတ်လုံးကျရောက်လျက်ရှိပြီး ပူပြင်းသောဒေသတွင်မက အေးသောအရပ်ဒေသတွင်လည်း ကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှု ကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ မိမိထံတွင် ကျရောက်နိုင်သောအန္တရာယ်ကို ချင့်ချိန်၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင်သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်တွင် အလုပ်လုပ်ပါက မိမိ၏ အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါလုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15 + ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့်နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ပွပွချောင်ချောင် အဖြူရောင်ခြည်ထည်များသည် အပူကို စုပ်ယူမှုရှိ၍ အပူဒဏ်ကို ကာကွယ်နိုင်ပါသည်။

အထက်ဖော်ပြပါအချက်များအပြင် ယခုကဲ့သို့ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း မြင့်တက်နေသောအချိန်တွင်

၅။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကို ဝတ်ပါ။

၆။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် (၉၉%) ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးများကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံ လိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV -4 အဖွင့် Logo
၅:၀၀	ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၂၀	MRTV -4 သတင်း
၅:၄၀	အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဘူး တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၈:၀၀	Cartoon Series (The Adventure of Dalgo The Great)
၈:၃၀	Kid's Show
၉:၀၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ လေညင်းလေးရဲ့ပျော်ရွှင်မှု (အပိုင်း-၈၁)
၁၀:၅၅	Myanmar Cooking Master (Third Season) (Round-3) (Part-2)
၁၀:၄၀	ဓလေ့ရိုးရာမမေ့သာ
၁၂:၄၀	မောတို့ဌာနီရှမ်းတို့မြေမှ အလှတရားများ
၂:၀၀	MRTV -4သတင်း
၆:၀၀	MRTV -4 သတင်း
၆:၁၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ မင်းမရှိလို့မဖြစ် (အပိုင်း-၃၈)
၇:၁၀	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV -4 သတင်း
၈:၁၅	PAST & PRESENT SOE THU Live Show (Part-4)
၉:၃၀	Barclays Premier League LiverPool Vs Chelsea (Live)
၁၂:၁၅	အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဘူး တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၁:၁၅	World Of Knowledge (Is It Real-Haunting)

Barclays Premier Legue ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Tottenham Hotspur - Manchester City	(Fox Sports)
၉:၃၀	Liverpool - Chelsea	(Fox Sports) (MTTV-4)

Spain Laliger ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄:၃၀	Getafe - Espanyol	(Fox Sports)
၁၁:၃၀	Osasuna - Real Sociedad	(Fox Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁:၃၀	Sevilla- Atletico Madrid	(Fox Sports)

ပြည်တွင်းသတင်း

နိုင်ငံခြားသံတမန်အဖွဲ့ဝင်များ တောင်ကြီးမြို့သို့ အလည်အပတ်ရောက်ရှိ ဟိုပုံးမြို့နယ်၏ အထင်ကရ ထန်စန်းသဘာဝလိုဏ်ဂူလေ့လာ

တောင်ကြီး ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော နိုင်ငံ ၁၂ နိုင်ငံမှ နိုင်ငံခြားသံတမန်အဖွဲ့ဝင်များနှင့် မိသားစုများ (UNRC), (UNHCR), (ICRS)မှ တာဝန်ရှိသူများသည် ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီက မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိလာရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ပန်းစည်းဆက်ကြိုဆိုခြင်း၊ ရိုးရာအဆိုအကအတီးများဖြင့် ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော သံတမန်အဖွဲ့များသည် ခေတ္တတည်းခိုမည့် အေးသာယာဂေါက်ကွင်းဟိုတယ်၌ နေ့လယ်စာသုံးဆောင်ပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၏ အထင်ကရဖြစ်သော ထန်စန်းသဘာဝလိုဏ်ဂူသို့ သွားရောက်လည်ပတ် လေ့လာခဲ့ကြသည်။

ထို့နောက် ဧည့်သည်တော်သံတမန်အဖွဲ့ဝင်များသည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ထန်စန်းသဘာဝလိုဏ်ဂူမှ ပြန်လည်ထွက်ခွာခဲ့ပြီး ည ၇ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်က ဧည့်သည်တော်သံတမန်အဖွဲ့အား ခေတ္တတည်းခိုသည့် အေးသာယာဂေါက်ကွင်းဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ ဒေသခံတိုင်းရင်းသားရိုးရာ အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။ ညစာစားပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးက အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေပေးအပ်ခဲ့ပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံခြားရေးဝန်ကြီးနှင့် သံတမန်အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဧပြီ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် ဧည့်သည်တော်သံတမန်အဖွဲ့သည် အေးသာယာဂေါက်ကွင်းဟိုတယ်မှ ထွက်ခွာလာရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၏ အထင်ကရဖြစ်သော ရွှေဥမင် သဘာဝလိုဏ်ဂူဘုရားသို့ ရောက်ရှိဖူးမြော်ကြပြီး ရိုးရာထီးလုပ်ငန်းကို ကြည့်ရှုလေ့လာခဲ့ကြသည်။

၎င်းနောက် ပင်းတယ CONQUEROR HOTEL ၌ ခေတ္တရပ်နားပြီး နေ့လယ်စာသုံးဆောင်ကြ၍ ဟဲဟိုးလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံမှ ပို့အားအပြည့်အဝဖြင့် ၂၄ နာရီ လျှပ်စစ်မီးဖွင့်လှစ်

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်များသို့ တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံမှ ပို့အားအပြည့်အဝဖြင့် ၂၄ နာရီ လျှပ်စစ်မီးဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရသည် ဒေသခံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဗန်းမော်-မြစ်ကြီးနား မော်တော်ယာဉ်လိုင်းကို မတ် ၁၈ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ DUHD ကုမ္ပဏီ ဥက္ကဋ္ဌ၊ မြန်မာပြည်ဌာနေကိုယ်စားလှယ် Mr.Wang Zheng Lin၊ ဒုတိယ အင်ဂျင်နီယာချုပ် ဦးစောဝင်းမောင်၊ အင်ဂျင်နီယာမှူးကြီး ဦးအုန်းဇော်နှင့်အဖွဲ့သည် ဧပြီ ၁၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ပေးပို့နိုင်ရေးအတွက် ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်(၆၆/၁၁)ကေဗွီခွဲရုံအတွင်း၌ သွယ်တန်းလျက်ရှိသော လျှပ်စစ်မီးကြိုးများ၊ ထရန်စဖော်မာများ၊ စက်ပစ္စည်းများကို စစ်ဆေးကြပြီး ညနေ ၅ နာရီ ၅ မိနစ်တွင် ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့များသို့ ၂၄ နာရီ လျှပ်စစ်မီး ဖွင့်လှစ်ပေးခဲ့ကြသည်။ မကြာမီရွှေကူမြို့သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်မည်ဖြစ်ပြီး မြို့သစ်မြို့နယ်ခွဲ၊ မိုးမောက်မြို့နယ်ခွဲတို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် (၆၆/၁၁)ကေဗွီ ၄၀ အမ်ဗွီ အေထရန်စဖော်မာတစ်လုံးနှင့် ACSR (795) MCM ကြိုးများ ရောက်ရှိခဲ့ပြီးဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပို့အားအပြည့်အဝဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိကြ၍ ဒေသခံပြည်သူများ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်လျက်ရှိသည်။

ဆီမီးခုံ-နန်းရီ

အန္တရာယ်ကင်းပရိတ်တရားတော်နှင့် သင်္ကြန်ပူဇော်ပွဲများ ရန်ကုန်မြောက်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၀

"တစ်နှစ်ဟောင်း၏ ၁၃၇၄ ခုနှစ်ဟောင်းသည် ကျန်ရစ်ခဲ့ပြီ" မင်္ဂလာနှစ်သစ် မြန်မာနှစ်ဆန်း ၁ ရက် ၁၃၇၅ ခုနှစ်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၊ ရပ်ကွက်များ၊ ကျေးရွာအုပ်စုများတွင် သံဃာတော်များအား နှစ်သစ်ဆွမ်းဆက်ကပ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း၊ စတုဒိသာများကျွေးမွေးခြင်း၊ ဘိုးဘွားများ ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ကြသည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာ၌ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သံဃာတော်များမှ ရွာစဉ်ပတ်၍ ဆွမ်းဆန်တော်များ အလှူခံခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ ဆောင်ရွက်ပြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်နယ်မြေ(၈)မိသားစုများမှ စုပေါင်းသီလခံယူပွဲ၊ စတုဒိသာကျွေးမွေးခြင်း၊ သင်္ကြန်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားနာယူခြင်းတို့ကိုပြုလုပ်ခဲ့ကြပြီး မြို့သစ်(၈)ရပ်ကွက်တို့တွင်လည်း သင်္ကြန်ပူဇော်ပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **မြင့်ဦး(အင်းစိန်)**

ကြော်ငြာ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၁၃ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် [illegible] MECTel [illegible] CDMA - 800MHz [illegible] CDMA - 800MHz [illegible]

MECTel [illegible] CDMA - 800MHz [illegible] MECTel [illegible]

[illegible] MECTel [illegible] CDMA-800MHz [illegible]



Sim card

ငွေဖြည့်ကတ်

ငွေဖြည့်ကတ်

၁။ နေပြည်တော်ကောင်စီနယ်မြေ
[illegible]
Best One [illegible]
[illegible]
Lami Mobile [illegible]
Sky Light [illegible]

၂။ ကချင်ပြည်နယ်
Best One [illegible]
HVT [illegible]
[illegible]

၃။ ကယားပြည်နယ်
[illegible]
Orbit Mobile [illegible]

၄။ ကရင်ပြည်နယ်
[illegible]
[illegible]
K-Mobile [illegible]

၅။ စစ်ကိုင်းတိုင်းဒေသကြီး
Hello Mobile [illegible]
Mobile One [illegible]
Star Mobile [illegible]
[illegible]
[illegible]

၆။ တနင်္သာရီတိုင်းဒေသကြီး
Aggra [illegible]
Top Mobile [illegible]

၇။ ပဲခူးတိုင်းဒေသကြီး
[illegible]
[illegible]
[illegible]
[illegible]
Power Mobile [illegible]
[illegible]
[illegible]

၈။ မကွေးတိုင်းဒေသကြီး
Advance Telecom [illegible]
[illegible]
[illegible]
[illegible]
[illegible]

၉။ မန္တလေးတိုင်းဒေသကြီး
Best One [illegible]
Lphone [illegible]
Ace Call [illegible]
Win Mobile [illegible]
Easy Call [illegible]
New Mobile [illegible]
[illegible]
[illegible]
Sky Ace [illegible]
[illegible]

၁၀။ မွန်ပြည်နယ်
Best One [illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

၁၁။ ရခိုင်ပြည်နယ်
Super [illegible]
[illegible]
[illegible]
[illegible]

၁၂။ ရန်ကုန်တိုင်းဒေသကြီး
TMHC-ZR [illegible]
MTN [illegible]
Best One [illegible]
MobiTel [illegible]
MTS [illegible]
TN [illegible]
[illegible]
Mobile Kings [illegible]
Mobile Bank [illegible]
ISN Net [illegible]
Shwe Call [illegible]
[illegible]

၁၃။ ရှမ်းပြည်နယ် (မြောက်ပိုင်း)
[illegible]
Pioneer [illegible]
Hello [illegible]

၁၄။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)
[illegible]
[illegible]
[illegible]

၁၅။ ရှမ်းပြည်နယ် (တောင်ပိုင်း)
[illegible]
[illegible]
[illegible]
[illegible]

၁၆။ ဧရာဝတီတိုင်းဒေသကြီး
Best One [illegible]
Hello [illegible]
Mobile World [illegible]
Golden Star [illegible]
Victory [illegible]

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံတကာအားကစားသတင်း

ဗန်ပါစီနဲ့ ဂါရက်ဘေးလ် အကောင်းဆုံးဆု ဘယ်သူဆွတ်ခူးမလဲ

မိုးမြင့်လင်းလက်



၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ တစ်နှစ်တာပရီမီယာလိဂ်အကောင်းဆုံးဘောလုံးသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမားခြောက်ဦးရဲ့ အမည်စာရင်းထွက်ပေါ်လာခဲ့ပြီးနောက်မှာ သူ့အသင်းက ကစားသမားတွေတစ်ဦးမျှ မပါရှိတဲ့အတွက် မန်စီးတီးနည်းပြ မန်ချီနီ စိတ်မသက်မသာဖြစ်နေပါတယ်။





"ပရီမီယာလိဂ်ဖလား လက်ရှိချန်ပီယံ မန်စီးတီးဟာ လက်ရှိ အချိန်မှာလည်း တန်းစီဇယား၌ ဒုတိယနေရာတွင်ရပ်တည်နေတဲ့အသင်းဖြစ်ပြီး အသင်းအတွက် အကျိုးပြုတဲ့ကစားသမားကောင်းတွေ အများကြီးရှိနေတဲ့ အသင်းဖြစ်ပါတယ်။ ကျွန်တော့်အသင်းမှာ ပရီမီယာလိဂ်အတွက် တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု ရနိုင်တဲ့ ကစားသမားတွေရှိနေပါတယ်"လို့ ဆိုနေပါတယ်။

ဒီနှစ်ဘောလုံးရာသီအတွက် ပရီမီယာလိဂ်အကောင်းဆုံးဘောလုံးသမားဆုအတွက် စပါးမှဂါရက်ဘေးလ်၊ မန်ယူတိုက်စစ်မှူး ဗန်ပါစီ၊ မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်၊ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဟာဇက်ဇ်နဲ့ မာတာ၊ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်တို့ကို ရွေးချယ်ထားပါတယ်။

ဒီလိုရွေးချယ်ခံထားရတဲ့ ဘောလုံးသမားခြောက်ဦးထဲမှာ ဂါရက်ဘေးလ်နဲ့ ဗန်ပါစီတို့က ထိပ်ဆုံးကနေပြီး ရေပန်းစားနေကြပါတယ်။ ဂါရက်ဘေးလ်က စပါးအသင်းအတွက် ပရီမီယာလိဂ်မှာ ဂိုးပေါင်း ၁၇ ဂိုးအထိ သွင်းယူပေးထားနိုင်ပြီး အခြားပွဲစဉ်တွေမှာလည်း ဂိုးတွေသွင်းယူခဲ့တာမို့ စုစုပေါင်း ၂၂ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။

ဂါရက်ဘေးလ်ဟာ စပါးအသင်းအောင်မြင်မှုရရှိအောင် အဓိကစွမ်းဆောင်ပေးနေသူတစ်ဦးဖြစ်ပြီး လာမည့်နှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် ကြိုးစားပေးနေသူဖြစ်ပါတယ်။ ဂါရက်ဘေးလ်မပါဝင်နိုင်တဲ့ ပွဲစဉ်တွေ ဆိုရင် စပါးအသင်းဟာ အောင်မြင်မှုရရှိဖို့အတွက် ခက်ခက်ခဲခဲ ရုန်းကန်ရတဲ့အခြေအနေမျိုးနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဒီလိုပါပဲ မန်ယူတိုက်စစ်မှူး ဗန်ပါစီဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ဖို့အတွက် အကောင်းဆုံးပံ့ပိုးနိုင်သူဖြစ်ပါတယ်။ မန်ယူအသင်း ပွဲတိုင်းအောင်မြင်မှုရရှိဖို့အတွက် တိုက်စစ်ပိုင်းကို ဦးဆောင်ကာ ဂိုးတွေအဆက်မပြတ် သွင်းယူနေတဲ့ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။

ဗန်ပါစီဟာ မန်ယူအတွက် ပရီမီယာလိဂ်သွင်းဂိုးပေါင်း ၂၀ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်ပြီး ပြိုင်ဘက်အသင်းရဲ့ ဂိုးဧရိယာအတွင်းမှာ မွှေနှောက်ထိုးဖောက်ကာ ဂိုးရအောင် သွင်းယူနိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာ ကောင်းမွန်သပ်ရပ်ပြီး တွန်းတွန်းတိုက်တိုက်နဲ့ အနေအထားအမျိုးမျိုးမှာ ဂိုးသွင်းနိုင်သူဖြစ်ပါတယ်။

ဒါ့အပြင် လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကလည်း ပရီမီယာလိဂ် အကောင်းဆုံးကစားသမားဆုအတွက် တတိယနေရာကနေပြီး ရေပန်းစားနေသူဖြစ်ပါတယ်။ ဆွာရက်ဇ်ဟာ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ လီဗာပူးအတွက် အခုအချိန်အထိ ဂိုး ၂၂ ဂိုးသွင်းယူပေးထားပြီး လီဗာပူးအသင်းနိုင်ပွဲတွေရရှိဖို့အတွက် စွမ်းအားပြည့် ကြိုးစားနိုင်သူဖြစ်ပါတယ်။

ဒါကြောင့် မာတာ၊ မိုက်ကယ်ကာရစ်၊ ဟာဇက်ဇ်တို့ထက်ပိုပြီး ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဂါရက်ဘေးလ်၊ ဗန်ပါစီတို့က ပိုပြီးဆွတ်ခူးနိုင်တာမို့ စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ☆ ချယ်လ်ဆီးအသင်းသည် ဘေယာလေဗာကူဆင် တိုက်စစ်မှူး အင်ဒရီဘက်ချာလီအား ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။
- ☆ ဗီလာတိုက်စစ်မှူး အသက် ၂၂ နှစ်အရွယ်ရှိ ဘန်ကီကီသည် လာမည့်နွေရာသီ၌ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း အာဆင်နယ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ☆ ပါရာဂွေးတိုက်စစ်မှူး ဆန်တာခရုဇ်သည် မန်စီးတီးသို့ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားသည်။
- ☆ ပရီမီယာလိဂ်သို့ တက်ရောက်မည့် ကာဒစ်အသင်းသည် ရက်ဒင်းတိုက်စစ်မှူး အဒမ်လီဖောင်ဒရီးအား ခေါ်ယူရန် ကြိုးစားနေသည်။
- ☆ ဘာစီလိုနာဂိုးသမား ဗစ်တာဗာလ်ဒက်စ်သည် နူကင့်၌ နောက်ထပ်တစ်နှစ်ဆက်လက်ကစားမည်ဖြစ်သည်။
- ☆ ရှော်လ်ကေးအသင်းမှ အသက် ၂၀ နှစ်အရွယ် ဂရီးလ်အား မန်စီးတီးက ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ☆ အာဆင်နယ်အသင်းသည် ဖရန့်ဖတ်အသင်းမှ ဂျပန်ကွင်းလယ်ကစားသမား တာကာရှီအား စာချုပ်ချုပ်ဆိုနိုင်ရေး ကြိုးစားလျက်ရှိသည်။
- ☆ လီဗာပူးအသင်းသည် ရက်ဒင်းဂိုးသမားအလက်မက်ကာသေးအား ခေါ်ယူမည်ဖြစ်သည်။
- ☆ ဝက်စ်ဟမ်းနည်းပြ ဆမ်အလာဒိုက်က အင်္ဂလန်နည်းပြရွိုင်ဟော့ဆန်အား ပြုပြင်ပြောင်းလဲမှုများကို ရဲရဲတင်းတင်းပြုလုပ်ရန် တိုက်တွန်း လိုက်သည်။
- ☆ စပါးတိုက်စစ်မှူးအဒီဘာယောက အသင်းပြောင်းရွှေ့ရန် စိတ်ကူးမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
- ☆ ရွှန်းနေသည် မန်ယူမှထွက်ခွာပြီး အတွေ့အကြုံသစ်ရှာဖွေသင့်ပြီဖြစ်ကြောင်း အလန်ရှီးယားက တိုက်တွန်းလိုက်သည်။

ရွှန်းနေပြောင်းရွှေ့ရေး ဖာဂူဆန်နှုတ်ဆိတ်နေ

တိုက်စစ်မှူးရွှန်းနေ ပြင်သစ်ကလပ် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ရေး ဆက်သွယ်လာမှုအပေါ် နည်းပြဖာဂူဆန်က လက်ခံဆွေးနွေးခြင်းမရှိဘဲ နှုတ်ဆိတ်နေလိုက်သည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူးရွှန်းနေသည် မေ ၁၇ ရက်က ဝက်စ်ဟမ်းနှင့် ကစားသည့်ပွဲ တစ်ဖက်နှစ်ဂိုးစီသရေကျစဉ် လူစားအဖြစ်သာ ပါဝင်ကစားခဲ့ရသည်။ ရွှန်းနေသည် မန်ယူ၏ပြိုင်ပွဲအစုစုတွင် အကောင်းဆုံး ကစားပေးနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းနှင့်ပွဲတွင် ခြေစွမ်းပြမှုနည်းကြောင်း ဖာဂူဆန်က ပြောသည်။ ရွှန်းနေသည် ၂၀၀၄ ခုနှစ်က ပေါင်သန်း ၂၀ ဖြင့် မန်ယူသို့ ရောက်ရှိလာသည်။ ထိုနေ့က ပြိုင်ပွဲတွင် ကာဂါဝါလောက်ပင် ခြေစွမ်းမပြနိုင်ကြောင်း ဖာဂူဆန်က ပြောသည်။

ကောင်းမြတ်သူ - ရေးသားသည်

ကာဒစ်အသင်းကို လီဗာပူးနည်းပြကြိုဆို

လာမည့် ပရီမီယာလိဂ်တွင် တန်းတက်လာမည့် ကာဒစ်အသင်းအား လီဗာပူးနည်းပြ ဘရီဒန်ရော့ဂျာက ကြိုဆိုလိုက်သည်။ ကာဒစ်အသင်းသည် လာမည့်နှစ်တွင် ဆွမ်ဆီးအသင်းကို ကျော်တက်နိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ရော့ဂျာက ပြောကြားသည်။ ရော့ဂျာသည် ၂၀၁၁ ခုနှစ်က ဆွမ်ဆီးအသင်းကို ပရီမီယာလိဂ်တန်းတက်အောင် ဦးဆောင်ကစားခဲ့သူဖြစ်သည်။

မန်စီးတီးနှင့်ပွဲ ဂါရက်ဘေးလ်ကစားမည်

ပရီမီယာလိဂ်ပွဲစဉ် ၃၄ ပြိုင်ပွဲအဖြစ် စပါးအသင်းနှင့် မန်စီတီးတို့ မေ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စပါးအသင်းမှာ နာမည်ကြီး တိုက်စစ်မှူး ဂါရက်ဘေးလ်ပါဝင်ကစားမည်ဖြစ်ကြောင်း အသင်းနည်းပြ ဗီလက်ဘိုအာ့စ်က ပြောကြားလိုက်သည်။ တိုက်စစ်မှူး ဂါရက်ဘေးလ်သည် ဘေဆယ်နှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ထိခိုက်ဒဏ်ရာရခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ ၎င်း၏ မန်စီးတီးအသင်းကို အဓိကခြိမ်းခြောက်ကစားလိမ့်မည်ဖြစ်ကြောင်း ဗီလက်ဘိုအာ့စ်က ပြောကြားသည်။

ရာဖေးလ်နာဒယ် ၄၅ ပွဲ ရှုံးပွဲမရှိ စံချိန်တင်

စပိန်တင်းနစ်အကျော် ရာဖေးလ်နာဒယ်သည် မွန်တီကာလိုမာစတာဖလားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဘူလ်ဂေးရီးယားမှ ဂရီဂေါဒီမီထရော့ဗ်အား ၆-၂၊ ၂-၆၊ ၆-၄ ဖြင့်အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ရာဖေးလ်နာဒယ်သည် ယင်းပြိုင်ပွဲတွင် အနိုင်ရရှိလိုက်ခြင်းသည် ၄၅ ပွဲမြောက် ရှုံးပွဲမရှိ စံချိန်တင်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရှစ်ကြိမ်မြောက် လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ်သည် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်တင်းနစ်ကစားသမား တီဆွန်ဂါနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်သည် အကြိုဗိုလ်လုပွဲတွင် အီတလီမှ ဖာဘီယိုဖော့နီနီနှင့် ကစားရမည်ဖြစ်သည်။ **(ယာပုံ)**

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက် (၁)၊ အခန်း ၅၀၂နေ ဦးသက်နိုင်-ဒေါ်မိုးမိုးသန်းတို့၏ တစ်ဦးတည်းသောသား **မောင်ရဲနဒီနိုင်**နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ်၁၄၅၊ ရွှေဂုံတိုင်လမ်းနေ ဦးအောင်ဝင်း-ဒေါ်လှလှမေတို့၏သမီးကြီး **မယဉ်မင်းသူ**တို့သည် ၁၀-၄-၂၀၁၃ ရက်တွင် ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့မ(၄)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး မြို့မိမြို့ဖများရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ရဲနဒီနိုင်-မယဉ်မင်းသူ

New Light (အလင်းသစ်)ကုန်အမှတ်တံဆိပ်ပါ ဖိနပ်များကို နှစ်ခြိုက်ဝယ်ယူသုံးစွဲကြသော မိတ်ဆွေအပေါင်းတို့အား ကျေးဇူးတုံ့ပြန်အသိပေးခြင်း

ကျွန်တော် ဦးသက်ဆွေ ၁၂/တမန(နိုင်)၀၀၉၀၁၅သည် အောက်တွင်ပါရှိသော ကုန်အမှတ်တံဆိပ်အမှတ်အသား၏ပိုင်ရှင်ဖြစ်ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၅၀၇၃ အရ ထုတ်လုပ်ဖြန့်ချီရောင်းချနေသူဖြစ်ပါသည်။ သုံးစွဲသူမိဘပြည်သူအပေါင်းတို့အား နှစ်သစ်မှာ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းကြစေရန် မေတ္တာရေချမ်းဆုခြွေတောင်း၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း အသိပေးအပ်ပါသည်။

ဦးသက်ဆွေ
၁၂/တမန(နိုင်)၀၀၉၀၁၅

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အစားမတော်တစ်လုတ်

သန်းဦး(လေးမျက်နှာ)

လူတို့သည် နေ့စဉ်နှင့်အမျှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါး၊ ဥအမျိုးမျိုးကို ဝယ်ယူစားသုံး နေကြရသည်။ အာဟာရဓာတ်ပြည့်ဝသော ဟင်းသီး ဟင်းရွက်၊ အသား၊ ငါးများကို သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းဖြင့် ကျန်းမာစွာနေထိုင်ကြရသည်။ ထို့ကြောင့်လည်း "အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူ၍ ဆိုရိုးစကား ရှိလာခြင်းဖြစ်နိုင်သည်။

ယနေ့ခေတ်ကာလမှာဖြင့် "စားသတိ" ဆိုသကဲ့သို့ ဖြစ်နေသည်။ တွေ့ကြုံရသော လူမှုပတ်ဝန်းကျင်တွင် အစာအဆိပ်သင့်၍ ဆေးရုံ၊ ဆေးခန်းရောက်ရခြင်း၊ အချို့မှာ အသက်ဆုံးရှုံးရခြင်း စသည်ဖြင့် မကြာခဏ ဆိုသလို သတင်းစာ၊ စာစောင်၊ ဂျာနယ်များတွင် ဖတ်နေရသည်။ အစာအဆိပ်သင့်ရခြင်း အကြောင်းရင်းမှာ မတည့်သည့် အစားအစာများကို တွဲဖက်စားသုံးမိခြင်း၊ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်း၊ ဓာတုဆေးဝါးဓာတ်ကြွင်းများပါသော အစားအသောက်များကို စားသုံးမိခြင်းတို့မှဖြစ်သည်။

မတည့်သည့် အစားအသောက်များ တွဲဖက်စားသုံးမိခြင်းဆိုသည်မှာ ဒူးရင်းသီးနှင့် တညင်းသီး၊ ပျားရည်နှင့် အုန်းသီးစသည်ဖြင့် တွဲဖက်စားသုံးမိလျှင် အသက်သေသည်အထိဖြစ်နိုင်သည်။ ဓာတုဆေးဝါး၊ ဓာတ်ကြွင်းများပါသော အစားအသောက်ဆိုသည်မှာ အဝတ်အထည်ရက်လုပ်သည့်ချည်ငင်ကို အရောင်အမျိုးမျိုး ဆိုးသည့်ဓာတုဆိုးဆေးများကို အစားအသောက်ပြုလုပ်သည့်နေရာတွင် အသုံးပြုခြင်း၊ တစ်ဖန် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် ပိုးမွှားအန္တရာယ်ကင်းရှင်းရန် ပိုးသတ်ဆေးဖျန်းပြီး ရက်သတ္တပတ်မပြည့်ခင် ခူးဆွတ်၍ စားသုံးရာမှ ပိုးသတ်ဆေးဓာတ်ကြွင်းများကျန်ရှိသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးမိခြင်းတို့ဖြစ်သည်။

သို့ပါ၍ အန္တရာယ်များနှင့် ဝိုင်းရံနေသော အစားအသောက်များကို သတိထားဝယ်ယူစားသောက်ရမည့် ခေတ်ကာလဖြစ်နေသည်။ စားသုံးသူပြည်သူများကို ဂရုမပြုဘဲ ကိုယ်တစ်ဦးတစ်ယောက်စီးပွားရေးကိုသာ အာရုံထားပြီး အထည်အလိပ်သုံး ဓာတုဆေးများကို အစားအသောက်ထုတ်လုပ်မှုများတွင် သုံးစွဲခြင်းများပြုလုပ်သော ဝိသမလောဘသား စီးပွားရေးသမားများကိုလည်း ဖော်ထုတ်အရေးယူရမည်ဖြစ်သည်။ အချို့သော သစ်သီးများကို အမြန်ရင့်မှည့်ရန်နှင့် ကြာရှည်ခံနိုင်ရန်အတွက် အညှာကို တို့ဆေးဟူသော ဓာတုဆေးဝါးများ အသုံးပြုလာသည်ကိုလည်း သတိထားဝယ်ယူစားသုံးရမည်သာ ဖြစ်သည်။

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အပင်ကြီးထွားစေရန်၊ အသီးအရွက်ကြီးထွားစေရန်သုံးသည့်ဆေးများ၊ စိုက်ခင်းပိုးသတ်ဆေးသုံးခြင်း စသည်ဖြင့် ဓာတုဆေးသုံး၍ ထုတ်လုပ်သည့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှာ ကြွင်းကျန်ခဲ့သော ဓာတုဓာတ်ကြွင်းများတွင် လူတို့ကို အန္တရာယ်ဖြစ်နိုင်သော အဆိပ်အဖြစ် ပြောင်းလဲဖြစ်ပေါ်နိုင်သည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံစိုက်ပျိုး ထုတ်လုပ်သော တောင်သူများအနေဖြင့် ပိုးသတ်ဆေးနှင့် အပင်အရွက် အသီးအပွင့်ကြီးထွားဖွံ့ဖြိုးစေရန်သုံးသည့် အားတိုးဓာတ်မြေဩဇာများမှ အဓိကကူးစက်သက်ရောက်မှုများရှိနိုင်ပါသည်။ ထို့ကြောင့် ဓာတုဆေးဓာတ်ကြွင်းများ ရှိသင့်ရှိထိုက်သည်ထက် ပါဝင်နေခြင်းများကြောင့် ဓာတုဆေးများကို အမျိုးအစားမှန်ကန်စွာ ရွေးချယ်အသုံးပြုရန် လိုအပ်သည့်ပမာဏထက် ပိုမိုသုံးစွဲခြင်း မပြုလုပ်ရန်၊ အရည်အသွေးမီသော ဆေးများကိုသုံးစွဲရန်၊ ဆေးဖျန်းကိရိယာများ အရည်အသွေးကောင်းမွန်ပြီး စနစ်တကျ ကိုင်တွယ်အသုံးပြုရန်၊ သုံးစွဲပြီးပိုလျှံသော ဓာတုဆေးများကို စနစ်တကျစွန့်ပစ်ရန်တို့မှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ပျိုးသော တောင်သူများ၊ အထူးဂရုထား ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်။ ထို့အပြင် ပိုးသတ်ဆေးဖျန်းထားသော စိုက်ခင်းများမှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဈေးကောင်းရလိုမှု တစ်ခုတည်း မကြည့်ဘဲ ရက်သတ္တတစ်ပတ်ကျော်မှသာ ခူးဆွတ် ရောင်းချကြရန် အထူးလိုအပ်လှပေသည်။

ယခုအခါ ငါးဖမ်းရာတွင်လည်းကောင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များတွင်လည်းကောင်း ပိုးသတ်ဆေး၊ အရောင်တင်ဓာတုဆေးများ သုံးစွဲလာသည်ကို သိရှိရသည်။ ထိုအခြင်းအရာများကို မသိရှိဘဲ ပြည်သူများ ဝယ်ယူစားသုံးမိလျှင် ရောဂါကို ဈေးကြီးကြီးပေးဝယ်နေသလို ဖြစ်ပေသည်။

သို့ပါ၍ ဓာတုဆေးများအန္တရာယ်မှ ကင်းဝေးစေရန် ဝယ်ယူသုံးစွဲသူများအနေဖြင့် လိုအပ်မှသာ သုံးစွဲရန်၊ ဓာတုဆေးများ၏ အညွှန်းပါစာအတိုင်း ဆောင်ရန်၊ ရှောင်ရန်များကို စနစ်တကျလေ့လာပြီး အသုံးပြုရန်လိုအပ်ပေသည်။ ဓာတုဆေး၊ ပိုးသတ်ဆေးများကြောင့် အဆိပ်သင့်လျှင် ခေါင်းမူး၊ ခေါင်းကိုက်၊ အော့အန်၊ မူးဝေ၍ ဇောချွေးများပြန်ခြင်း၊ အသက်ဆုံးရှုံးခြင်းများ ဖြစ်နိုင်သည်။ ဓာတုဆေး၊ ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အသားငါးများကို စားသုံးမိသူများမှာ ဗိုက်အောင့်၊ ဗိုက်နာ၊ ဝမ်းပျက်ဝမ်းလျှော၊ တက်ခြင်း၊ အူမကြီးနှင့် အစာအိမ်ဆိုင်ရာရောဂါများ ဖြစ်ပွားခြင်း၊ အသက်အန္တရာယ်ဖြစ်ခြင်းများ ဖြစ်နိုင်သည်။ ထို့ကြောင့် "အသွားမတော် တစ်လှမ်း၊ အစားမတော်တစ်လုတ်"ဟူ၍ မဖြစ်ရစေရန် ပြည်သူများ ဓာတုဆေး၊ ပိုးသတ်ဆေးဓာတ်ကြွင်းများ ပါရှိသော အစားအသောက်များနှင့် ကင်းဝေးကြပါစေ။

ဤစာစုလေးသည် ကိုယ်တိုင်ကြုံတွေ့ရ၍ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ စာရေးသူ၏ အမျိုးသမီးသည် လမ်းဘေးဈေးသည်ထံမှ အသုပ်စုံဝယ်ယူစားသောက်ရာမှ အသုပ်တွင်ထည့်သော ဆိုးဆေးပါ အနီရောင်ဆော့စ်(အချဉ်ရည်)၊ ပိုးသတ်ဆေးဓာတ်ကြွင်းပါသော ဂေါ်ဖီများစားသုံးမိ၍ အစာအဆိပ်ဖြစ်ပြီး အူမကြီးနှင့် အစာအိမ် ပိုးဝင်ခြင်းဝေဒနာကို ခံစားရကြောင်း ဆရာဝန်၏ ဆေးစစ်ချက်အရ သိရှိရပါသည်။ သို့ပါ၍ နေ့စဉ်နှင့်အမျှ ဝယ်ယူစားသုံးနေသော အစားအသောက်များကို သတိထားဝယ်ယူစားသုံးကြပါရန်နှင့် ရောင်းဝယ်ဖောက်ကားနေကြသူများကလည်း မိမိ၏ အကျိုးအမြတ်ရရှိရေးထက် စားသုံးသူများ၏ ကျန်းမာရေးကို ဂရုထား၍ ရောင်းချပေးနိုင်ကြပါရန် စိတ်ရင်းစေတနာမှန်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုယ့်အားကိုယ်ကိုး မိုးစစ်ချောင်းတံတားတည်ဆောက်

ရွှေကူ ဧပြီ ၂၀

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စီသော်ကျေးရွာအုပ်စု မိုးစစ်ချောင်းကူးတံတားမှာ ဧပြီလဆန်းပိုင်းတွင် တည်ဆောက်ပြီးစီးပြီဖြစ်သည်။ စီသော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစီး၍ ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းတည်ဆောက်သော ကျေးရွာချင်းဆက်လမ်းတံတားဖြစ်သည်။ ယခင်က တံတားမရှိခဲ့သောကြောင့် မိုးရာသီရေကြီးချိန်တွင် သွားလာရန် ခက်ခဲခဲ့သည်။ ယခုအခါ စီသော်ကျေးရွာနှင့် စီငန်းကျေးရွာနှစ်ရွာလမ်းချင်းဆက် မိုးစစ်ချောင်းတံတား တည်ဆောက်ပြီးစီးပြီဖြစ်၍ ကူးလူးသွားလာရန် အဆင်ပြေကြတော့မည်ဖြစ်သည်။ **(အပေါ်ပုံ)** (၀၇၃)

ချောင်းဖျား - ကျုံဒိုးလမ်းမကြီး ကတ္တရာလမ်းအဖြစ် စတင်ဆောင်ရွက်

ကျုံဒိုး ဧပြီ ၂၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ ချောင်းဖျားကျေးရွာ သွားသော ချောင်းဖျား-ကျုံဒိုးမြေနီလမ်းသည် နှစ်စဉ်မိုးတွင်းကာလ၌ ကုန်လမ်းဆက်သွယ်ရေး အခက်အခဲများရှိခဲ့သည်။

ယခုအခါ ကျုံဒိုးမြို့ ချောင်းဖျားကျေးရွာအုပ်စု ချောင်းဖျား-ကျုံဒိုး မြေနီလမ်းမကြီးအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဧပြီ ၁ ရက်မှ စတင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၏ ခွင့်ပြုချက်ဖြင့် ချောင်းဖျားကျေးရွာ ဆရာတော် ဘဒ္ဒန္တ ဦးပညာဝံသက ဦးဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်က အလှူငွေကျပ် ၁၇ သိန်း မတည်ကာ မြို့ရွာကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာရပ်မိရပ်ဖများ၊ ရွာသူရွာသားများက ကျေးရွာအတွင်းရှိ ကတ္တရာလမ်းအကျယ် ၁၃ ပေ၊ အရှည် ပေ ၂၈၉၀ ကတ္တရာလမ်းကို တပျော်တပါး စုပေါင်းလုပ်အားပေး၍ ကိုယ့်အားကိုယ်ကိုး ခင်းလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် အင်ဂျင်နီယာ ဦးလှမြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (၀၁၈)

ဘုရားကျောင်းကန်
ခြွင်းမချန်
မီးရန်
သတိထားပါ

မြောက်ဦး၌ လေပြင်းတိုက် မိုးသီးများကြွေကျ

မြောက်ဦး ဧပြီ ၂၀

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် ဧပြီ ၁၆ ရက်က လေပြင်းများတိုက်ခတ်ပြီး မိုးသီးကြွေကျမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ မိုးသီးများကြွေကျမှုကို ထွက်ကောက်ယူသူ ကလေးငယ်နှစ်ဦး ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။ ကျန်မြို့နယ်များဖြစ်သည့် မင်းပြား၊ စစ်တွေ၊ ကျောက်တော်မြို့နယ်များတွင်လည်း လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ကစ္ဆပမီဒီယာ

[illegible] အသသာယဉ်ကျေးမှုသင်တန်း

[illegible] (၂၆-၄-၂၀၁၃) မှ (၃၀-၄-၂၀၁၃)ထိ နေ့စဉ် မွန်းလွဲ (၁း၀၀) နာရီမှ ညနေ (၄း၃၀) နာရီအထိ [illegible] (၁၂း၃၀)နာရီ [illegible] (၃၀-၄-၂၀၁၃) [illegible] ဖုန်း-၀၉ ၅၁၄၇ ၃၈၂ (သို့) ၅၅၇၀၂၂ သို့ ဆက်သွယ် [illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄

မမြရတနာစိုး	နှင့်	မောင်တင်မောင်ထွန်း
အမှတ် ၁၇၁၊ အောင်မင်္ဂလာလမ်း၊		အမှတ် ၄၂၊ ရှမ်းစုလမ်း၊
၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊		မြို့ဟောင်းအနောက်ရပ်ကွက်၊
ရန်ကုန်တိုင်းဒေသကြီး။		သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

အမှတ် ၄၂၊ ရှမ်းစုလမ်း၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့နယ်နေ တရားပြိုင် မောင်တင်မောင်ထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို မမြရတနာစိုးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် မေ ၃ ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ကြူကြူအောင်
ဒုတိယမြို့နယ်တရားသူကြီး(၁)
သာကေတမြို့နယ်တရားရုံး

သန်လျင်၊ ကျောက်တန်း ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း-၀၉-၅၀၄၃၈၅၃

ကျောက်တန်းစံချိန်မီ (၁) အကွက်အမှတ် ၉၈၃၊ ပေ(၄၀×၆၀)၊ ကျပ်သိန်း ၈၀။

သန်လျင်၊အောင်ချမ်းသာ၊ အေးသာယာရပ်ကွက်D,2 - ပေ(၄၀×၆၀)၊ကျပ်သိန်း၁၂၀။

သန်လျင်၊မြို့မတောင်ကွက်သစ် A 41(ဝင်းခတ်ပြီး) ပေ(၄၀×၆၀)၊ကျပ်သိန်း ၄၅၀။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ဗစိုး ၂လမ်း၊ မြေကွက်အမှတ် (၂/၁၁၉၉)၊ အကျယ်ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်ကို ပိုင်ဆိုင်သူ ဦးသိန်းစိုး ISN-၅၅၆၃၅၉ ထံမှ ဒေါ်ခင်စန်းဝင်း ၈/စလန(နိုင်)၀၁၃၉၇၄ က စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဒေါ်ခင်စန်းဝေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထားစု ၁၃/ကလန(နိုင်)၀၆၀၉၀၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဒေါ်သက်ထားစု	**ဦးထွန်းမြင့်**	**ဦးဝင်းမောင်**
	တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
	(စဉ်-၇၇၁၆)	**(စဉ်-၃၂၂၁၇)**

ဒေါ်ခိုင်စပါယ်ဦး
အထက်တန်းရှေ့နေ (စဉ်-၄၀၅၂၅)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖလေးကျေးရွာတောင်ပိုင်းနေ မောင်မျိုးမင်းအောင်သည် မိဘပိုင်ပစ္စည်းများကို အတင်းအဓမ္မယူငင်၍ မိဘမောင်နှမများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ကျူးလွန်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းများကို မိဘ မောင်နှမများအနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင် ဒေါ်တင်မြ
၇/ကဝန(နိုင်)၀၅၅၈၃၈
ဖလေးကျေးရွာ၊ ကဝမြို့နယ်

ကြော်ငြာ

NAING Group Construction Co., Ltd.

(ပြည်တွင်း၌သာခန့်ထားရန်)

NAING Group Construction Co.,Ltd သည်ခေတ်မီမိဘသားစုလူနေမှုဘဝ ပိုင်ဆိုင်ကြစေရန်ရည်ရွယ်ချက်ဖြင့်မြို့ကြီးများ၏နေရာများတွင်(၁၂)ထပ်နှင့်အထက် အဆင့်မြင့်ကွန်ဒိုမီနီယံနှင့်ဟော်တယ်အဆောက်အအုံများကိုမတူညီသည့်ပုံစံဖြင့်ဆောက်လုပ်လျက်ရှိရာ အရည်အချင်းပြည့်ဝကျွမ်းကျင်သူများအနေဖြင့်**နိုင်ငံတကာနှင့်ကိုက်ညီသောလစာ၊အခြားခံစားခွင့်များရရှိ**၍ ကျွန်ုပ်တို့နှင့်အတူလက်တွဲဆောင်ရွက်နိုင်ကြစေရန်အောက်ပါ**ရာထူးနေရာများ**လစ်လပ်လျက်ရှိပါကြောင်းအသိပေးဖိတ်ခေါ်အပ်ပါသည်။

၁။ အမှုဆောင်အင်ဂျင်နီယာ(ရေသန့်) — ကျား(၃)ဦး
M.E/B.E/A.G.T.I(EP/Mechanical)ဖြစ်ရမည်။(၈)ထပ်နှင့်အထက်အထပ်မြင့် အဆောက်အအုံ များတွင်ရေသန့်နှင့်မိလ္လာလုပ်ငန်းအတွေ့အကြုံ(၈)နှစ်အထက်ရှိရမည်။ Projectတစ်ခုလုံးကို Working Scheduleနှင့်အညီဆောင်ရွက်နိုင်ရမည်။ အသက်(၄၀)နှစ်အထက်ဖြစ်ရမည်။

၂။ အမှုဆောင်အင်ဂျင်နီယာ(မီး) — ကျား(၃)ဦး
M.E/B.E/A.G.T.I(EP)ဖြစ်ရမည်။(၈)ထပ်နှင့်အထက်အထပ်မြင့် အဆောက်အအုံ များတွင် မီးသွယ်တန်းခြင်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၈)နှစ်အထက် ရှိရမည်။အသက် (၄၀)နှစ်အထက်ဖြစ်ရမည်။Projectတစ်ခုလုံးကိုကောင်းစွာစီမံဆောင်ရွက်နိုင်ရမည်။

၃။ လက်ထောက်အင်ဂျင်နီယာ(ရေသန့်) — ကျား(၃)ဦး
M.E/B.E/A.G.T.I(EP/Mechanical)ဖြစ်ရမည်။(၈)ထပ်နှင့် အထက်အထပ်မြင့် အဆောက်အအုံများတွင်ရေပိုက်သွယ်တန်းခြင်းနှင့် မိလ္လာလုပ်ငန်း အတွေ့အကြုံ(၅)နှစ်အထက် ရှိရမည်။

၄။ အငယ်တန်းအင်ဂျင်နီယာ(၁)(ရေသန့်) — ကျား(၃)ဦး
B.E/A.G.T.I(EP/Mechanical)ဖြစ်ရမည်။အထပ်မြင့်အဆောက်အအုံများတွင် ရေပိုက်သွယ်တန်းခြင်းနှင့် မိလ္လာလုပ်ငန်း အတွေ့အကြုံ(၄)နှစ်အထက်ရှိရမည်။

၅။ **Finance Manager** — မ(၁)ဦး
အသက်(၃၅)နှစ်ဝန်းကျင် ၊B.Com (သို့မဟုတ်) ACCA/ CPA/ DAစာရင်းကိုင် လက်မှတ်ရှိရမည်။လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိပြီး၊MYOBကျွမ်းကျင်ရမည်။ ဘဏ္ဍာရေးနှင့် ပတ်သက်သောအခြေအနေများအားစီမံသုံးသပ်ပြီးFinancial Report အားကောင်းစွာရေးဆွဲတင်ပြနိုင်ရမည်။

၆။ **Chief Accountant** — မ(၂)ဦး
B.Com(သို့မဟုတ်)ACCA/CPA/DAဖြစ်ရမည်။Chief Accountant လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိပြီး၊MYOB ကျွမ်းကျင်ရမည်။ Final Account ထိရေးဆွဲတင်ပြနိုင်ရမည်။

၇။ **Project Sales Manager** — ကျား/မ(၂)ဦး
ဘွဲ့ရSales& Marketing Management နှင့်ပတ်သက်သော Diploma (or) Certificate ရှိသူဖြစ်ရမည်။ Strategic Marketing Plan အားရေးဆွဲနိုင်ပြီးလုပ်ငန်း အတွေ့အကြုံ(၅)နှစ်ရှိရမည်။ Hotel Sales &Marketing အတွေ့အကြုံနှင့် English 4 Skills ကျွမ်းကျင်ရမည်။

၈။ **Advertising Manager** — ကျား/မ(၁)ဦး
ဘွဲ့ရ Creationကောင်းမွန်သူဖြစ်ရမည်။ Advertisementများ၊Promotion များနှင့်ပတ်သက်သော Planအားရေးဆွဲနိုင်သူဖြစ်ရမည်။Design Concept အားနားလည်ပြီး Advertisement Diploma/ Certificate ရှိသူဦးစားပေးမည်။

၉။ **Advertisement Graphic Designer** — ကျား/မ(၁)ဦး
Adobe Photoshop, Illustrator, Corel Drawများကျွမ်းကျင်စွာအသုံးပြုနိုင် ရမည်။Graphic Design လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။Design Concept နှင့် Art Work Sense ရှိရမည်။

၁၀။ **HR Assistant Manager(Training& Development)** — ကျား/မ(၂)ဦး
ဘွဲ့ရHR Diploma/Certificate လက်မှတ်ရရှိပြီး၊Training& Development နှင့်ပတ်သက်၍လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိ၍ အသက်(၄၀)နှစ်အောက်ဖြစ် ရမည်။

၁၁။ **HR Officer(Legal)** — ကျား/မ(၁)ဦး
အသက်(၃၀-၄၀)ကြားဥပဒေဘွဲ့ရ(သို့မဟုတ်) Any Graduate&DBL ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိပြီး Problem Solving ကျွမ်းကျင်ရမည်။

၁၂။ **HR Officer(Counselling)** — ကျား/မ(၁)ဦး
အသက်(၄၀)နှစ်အထက်၊ဘွဲ့ရ(စိတ်ပညာ)(သို့မဟုတ်)၊Any Graduate&DApsy ဖြစ်ရမည်။Counselling တက်ရောက်ဖူးသူဖြစ်ရမည်။

၁၃။ **HR Officer(Policy)** — ကျား/မ(၁)ဦး
ဘွဲ့ရHR Plan၊ Policy& Procedures များနားလည်ပြီးလုပ်ငန်းအတွေ့အကြုံ ရှိသူဖြစ်ရမည်။

၁၄။ **Site Manager/Site Supervisor** — ကျား(၅)ဦး
အသက်(၃၅)နှစ်အထက်၊ဘွဲ့ရဖြစ်ရမည်။(၈)ထပ်နှင့်အထက်အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်းအတွေ့အကြုံရှိရမည်။ Working Scheduleရေးဆွဲနိုင်ပြီး၊Site တစ်ခုလုံးအားစီမံခန့်ခွဲအုပ်ချုပ်နိုင်သူဖြစ်ရမည်။

၁၅။ **Site Accountant** — မ(၅)ဦး
B.Com(or)LCCI Level(II)စာရင်းကိုင်လက်မှတ်ရှိသူဖြစ်ရမည်။ဆောက်လုပ်ရေး စာရင်းဇယားများရေးဆွဲနိုင်သူဖြစ်ရမည်။

အထက်ပါရာထူးများအတွက်လျှောက်ထားလိုသူများသည်ကာလာဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊မူရင်းအလုပ်သမားမှတ်ပုံတင်မိတ္တူ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူတို့ကို ပူးတွဲလျက် C.V Form ကို အောက်ပါလိပ်စာသို့ (၃၀. ၄. ၁၃) နေ့အထိ အမြန်ဆုံးလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်(၁၀၇/၁၂၇)၃၃-လမ်းအလယ်ဘလောက်၊ကျောက်တံတားမြို့နယ်။
Hot Line-၀၁- ၂၄၈၀၈ ၂၄၈၀၇၀၇၄၇၅၀၄၁(Ext.411)
e-mail:naingroup.h.r@gmail.com

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းအိမ်ရာစခန်းမှ ရန်ရှင်းလမ်းပေါ်ရှိ ခန့်မှန်းဧရိယာ (ပေ၂၁၀×ပေ ၁၈၀)ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ရုံးခန်းနှင့်လူနေအိမ်များ ပါဝင်သော (Office and Residential Complex)အဆောက်အအုံအား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အဖြစ် ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါ လုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁၇-၅-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ် ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အိမ်ရာ အုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် ၄၀၊ နေပြည်တော်တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့် တင်ဒါ အဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၅၄၇နှင့် ၀၆၇-၄၀၇၃၁၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

စားသောက်ဆိုင်ပိုင်ရှင်များအတွက်သတင်းကောင်း

နိုင်ငံတော်၏ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အတူ စားသောက်ဆိုင်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် အတွက် အိမ်နီးချင်းနိုင်ငံများသို့ စားသောက်ဆိုင်လုပ်ငန်းများကို သွားရောက်လေ့လာနိုင်ရန် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင် များအသင်းမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပထမခရီးစဉ်အဖြစ် ၂၂-၅-၂၀၁၃ရက်နေ့တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် World of Food Asia 2013 ပြပွဲနှင့် အခြားတော့သုတရှုခင်းနေရာများသို့ သွားရောက်လေ့လာရန် စီစဉ်ထားပါသည်။ လိုက်ပါလိုသော ဆိုင်ပိုင်ရှင်များအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အသေးစိတ် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

(မှတ်ချက် – လူဦးရေကန့်သတ်ထားပါ၍ ဧပြီလ(၂၅)ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်။)

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း
အမှတ်(၃–က)၊ စေတီယန္တာလမ်းနှင့်သံသုမာလမ်းထောင့်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – (၀၉) ၅၂၈၀ ၈၂၆၈၃၊ ၃၃၁၉ ၂၂၈၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် ၈၃၀၊ ဧရိယာ ပေ ၄၀ Xပေ ၆၀ရှိ မြေချပါမစ်အမည်ပေါက် ဦးစောလစ်လေး (တီတီအီး-၀၀၁၅၄၅)က အဆက်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းဇော်မိုး ၁၂/ဒဂမ (နိုင်)၀၀၂၁၈၈ က ငှင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကိုယုံကြည်၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာ ပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာစိုး (စဉ်-၂၁၉၁၈) အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၉၂၅၂၈၇၉

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၀၆၃)အမည်ပေါက် (ဦးကနေဇာ)၏ ဇနီး ဒေါ်ဆာကြီး ၁၂/ကတန(ပြု)၀၀၁၂၄၉ က မြေကွက်စလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၁၂၂၆)အမည်ပေါက်ဦးတင်ညွှန့်၊ (ခ) ဦးအေးမောင်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးဘဲလူး ၁၂/ကတန(နိုင်)၀၀၀၆၆၀ က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ် ၁၀၃၈၊ မြေကွက်တည်နေရာအမှတ်(၁၀၃၈)၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးသိန်းဟန် (TDI-၀၉၉၃၈၁) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းဟန်နှင့်ဇနီး ဒေါ်အေး မိခင်၊ ဖခင်တို့ အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်လွင်လွင်အေး ၁၂/အစန(နိုင်)၀၈၅၅၈၄၊ (၂)ဒေါ်တင်တင်ထွေး၁၂/အစန(နိုင်)၀၈၇၃၄၂၊ (၃)ဦးရဲဝင်း၁၂/အစန(နိုင်)၁၃၃၃၆၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၇၇၀)အမည်ပေါက်ဦးလှအောင်၁၂/ကတန(နိုင်)၀၀၂၆၈၁၈၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူဦးကျော်ဆွေ ၁၂/ကတန(နိုင်)၀၀၃၄၁၁ က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်း တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၁၀၂)အမည်ပေါက် ဦးမူတူး၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူဦးစောမူး ၁၂/ကတန(ပြု)၀၀၂၇၀၁၁က မြေကွက်စလစ်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z/၂၊ မြေကွက်အမှတ် V ၂၉၊ မြေကွက်တည်နေရာအမှတ်(၁၀၈)၊ ဘုန်းကြီးလမ်း၊ ဦးဘကံ၊ ဒေါ်မမမေ (သာသနာ့ရန်ပုံထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့) အမည်ပေါက် နှစ်(၉၀)ဂရန်သက်ကုန်မြေအား ရွှေတိဂုံစေတီတော်ကြီး၏ကိုယ်စားရွှေတိဂုံဂေါပကအဖွဲ့ဝင် ဦးကျင်အောင် ၉/မရတ(နိုင်) ၀၁၇၃၃၁ ကဂေါပကအဖွဲ့၏ ၂၁-၉-၂၀၁၁ ရက်စွဲပါ အစည်းအဝေး ဆုံးဖြတ်ချက်အရ ရောင်းချခဲ့သော အရောင်းအဝယ် စာချုပ်အမှတ် ၃၇၃/၂၀၁၃(၂၄-၁-၂၀၁၃)နှင့် ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာကိုတင်ပြလျက်ဝယ်ယူသူ ဦးနေထွန်းအောင် ၁၂/ပဘတ(နိုင်)၀၀၀၆၇၉နှင့် ဦးဇော်မင်းထွန်း ၁၂/လသန(နိုင်)၀၀၁၀၅၄ တို့က ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီးဘေးရှောင် မလောင်ခင်တား

GLORY ၁၂၉-ဘီ၊ ပထမထပ်၊ (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ 09-73121717,09-5197817 www.glory-education.com

အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. Handset ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရွန်နစ်သင်တန်း
3. TV , DVD , EVD ပြုပြင်သင်တန်း
4. ကွန်ပျူတာဟာ့ဒ်ဝဲ ပြုပြင်တပ်ဆင်ခြင်း
5. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
6. မော်တာ ဒိုင်နမို ထရန်စဖော်မာ လက်တွေ့သင်တန်း
7. အဆင့်မြင့် Electrical Control သင်တန်း
8. ဒီဇယ် ဓါတ်ဆီ CNG အင်ဂျင်ပြုပြင်ခြင်းသင်တန်း
9. လေအေးပေးစက်နှင့် ရေခဲသေတ္တာပြုပြင်တပ်ဆင်ခြင်းသင်တန်း
10. ဂယ်ဘောက် သင်တန်း (3G,4G,5G,6G)
11. PLC & Automation သင်တန်း
12. CNC (Computerized Numerical Control) သင်တန်း
13. PIC Microcontroller သင်တန်း
14. ပိုက်ဖစ်တာသင်တန်း၊ ဂဟေသင်တန်း
15. Marine Fitter သင်တန်း
16. Marine Electrical သင်တန်း

ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	၈၅၆	[illegible]	၈၅၆၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၂။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	၁၆၄၀	[illegible]	၁၆၄၀၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	၄၄၀	[illegible]	၄၄၀၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၄။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	၄၂၇	[illegible]	၄၂၇၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၅။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	၄၂၉	[illegible]	၄၂၉၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၆။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၇	[illegible]	[illegible]	[illegible] (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၇။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၇	၄၄၃	[illegible]	၄၄၃၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၈။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၇	၁၆၂	[illegible]	၁၆၂၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၉။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၇	၂၆၂	[illegible]	၂၆၂၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၀။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	[illegible]	၃၀၂	[illegible]	၃၀၂၊ [illegible]ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၁။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၇	[illegible]	[illegible]	[illegible] (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၂။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	[illegible]	၄၄၆	[illegible]	၄၄၆၊ [illegible]ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၃။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	[illegible]	၃၇၇	[illegible]	၃၇၇၊ [illegible]ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၄။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	[illegible]	၃၀၅	[illegible]	၃၀၅၊ [illegible]ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၅။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	[illegible]	[illegible]	[illegible]	[illegible] ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၆။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	[illegible]	[illegible]	[illegible]	[illegible] ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၇။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	၁၆၀၂	[illegible]	၁၆၀၂၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၈။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	[illegible]	[illegible]	[illegible] (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၉။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	[illegible]	[illegible]	[illegible] (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၂၀။	[illegible]	[illegible]	ဒဂုံဆိပ်ကမ်း	၇၉	[illegible]	[illegible]	[illegible] (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်

ဥက္ကဋ္ဌ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားစွဲအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	[illegible]	[illegible]	[illegible]	၃၂	[illegible]	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	[illegible]	ဂရန်သစ်
၂။	[illegible]	[illegible]	[illegible]	၃၂	[illegible]	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	[illegible]	ဂရန်သစ်
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၆။	[illegible]	[illegible]	[illegible]	[illegible]	B[illegible]+B[illegible]	[illegible]	B[illegible]+B[illegible] [illegible]	အမည်ပြောင်း
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၁၀။	[illegible]	[illegible]	[illegible]	[illegible] F	[illegible] B[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ဂရန်သစ်
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၁၈။	[illegible]	[illegible]	[illegible]	[illegible]	A [illegible]	[illegible]	A [illegible]	အမည်ပြောင်း
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	အမည်ပြောင်း

ဥက္ကဋ္ဌ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

အများသိစေရန် ကြေညာအပ်ပါသည်
ပုဂံယဉ်ကျေးမှုဇုန်နယ်မြေ နိုင်ငံခြားသားလည်ပတ်သူများထံမှ ဇုန်ဝင်ကြေးကောက်ခံမှုတာဝန်အပ်နှံလို၍ လျှောက်ထားလွှာတင်သွင်းခွင့် ကြေညာချက်

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော အသင်းအဖွဲ့များထဲမှ တစ်ခုခုကို ခရီးသွားလုပ်ငန်း (ပြည်ပ)မြှင့်တင်ရေး (Promotion)ဆောင်ရွက်နိုင်ရန်အလို့ငှာ တစ်ဖက်တစ်လမ်းမှ ကူညီပေးရန် စီမံလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည် ယဉ်ကျေးမှုအခြေခံခြင်း၊ သဘာဝအခြေခံခြင်း အမျိုးအစားများသာဖြစ်သည်ဟု ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်သော အလုပ်ရုံဆွေးနွေးပွဲများအရ သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခရီးသွားလုပ်ငန်း (ပြည်ပ) မြှင့်တင်ရေး ရန်ပုံငွေ တောင့်တင်းခိုင်မာစေရန် အထောက်အကူပြုသောအားဖြင့် ပုဂံဇုန်သို့ လည်ပတ်သော ဧည့်သည်များထံမှ ဇုန်ဝင်ကြေးကောက်ယူသည့်တာဝန်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အသိအမှတ်ပြုသော **မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့** (Myanmar Tourism Federation)သို့ဖြစ်စေ၊ အခြား Tourism အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ အပ်နှံလိုပါသည်။ သို့ဖြစ်ပါ၍ ပုဂံဇုန်ကြေးကောက်ခံသည့်တာဝန်ကို ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား ဆောင်ရွက်ပေးလိုသော အများစုပေါင်းပါဝင်သည့် Tourism အသင်းများသည် အောက်ပါအချက်များ ဖော်ပြလျက် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) မြန်မာနိုင်ငံသားပိုင် အသင်းအဖွဲ့ဖြစ်ရမည်။
(ခ) Non Politic နိုင်ငံရေးမသက်ဆိုင်သော၊ Non Profit အမြတ်အစွန်းမရယူသော အခြေခံမူဖြင့် ဆောင်ရွက်သည့် အသင်း/အဖွဲ့ ဖြစ်ရမည်။
(ဂ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အသိအမှတ်ပြုသော ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်း/အဖွဲ့ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းခွင့်ရရှိပြီး အသင်းအဖွဲ့(သို့မဟုတ်) လွန်ခဲ့သော ခြောက်လ (၁-၉-၂၀၁၂)ရက် မတိုင်မီက မိမိတို့အသင်းဖွဲ့စည်းခွင့် တင်ပြလျှောက်ထားပြီးသော အသင်း/အဖွဲ့ ဖြစ်ရမည်။
(ဃ) ကမ္ဘာနှင့်အဝန်း ကျင်းပလျက်ရှိသော ခရီးသွားလုပ်ငန်းပွဲတော်များ၊ ပြပွဲများ၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးပွဲများတွင် ဈေးကွက်ရှာဖွေရေးအတွက် သွားရောက်ပြသဖူးခြင်း၊ ဦးဆောင်စီစဉ်ဖူးခြင်း၊ မိမိကုမ္ပဏီ၏ ပြခန်းခင်းကျင်းပြသဖူးခြင်းစသည့် အတွေ့အကြုံများနှင့် ခရီးသွားကိုယ်စားလှယ်မိတ်ဆွေများရှိကြောင်း ဆွေးနွေးနိုင်ရမည်။
(င) သက်ဆိုင်ရာ အသင်း/အဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်မှုကို အသင်းသားများက လက်ခံသဘောတူကြောင်း သတင်းစာတွင် ဖော်ပြနိုင်ရမည်။
(စ) မိမိအား ဇုန်ကြေးကောက်ယူပေးရန် တာဝန်အပ်နှင်းခြင်းခံရပါက ပုဂံယဉ်ကျေးမှုဇုန် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် နှစ်စဉ်သုံးစွဲမည့် ငွေပမာဏ ဖော်ပြနိုင်ရမည်။
(ဆ) မိမိအသင်း/အဖွဲ့အား ဇုန်ကြေးကောက်ယူပေးရန် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်နှစ်အတွင်း ဆောင်ရွက်မည့် Promotion Plan ဖော်ပြရမည်။
(ဇ) ဝန်ဆောင်မှုကြေးရရှိသည့် မိမိ(အသင်း/အဖွဲ့)၏ငွေကို အခြေခံ၍ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ခရီးသွားကုမ္ပဏီ ခရီးစဉ်ပြသခြင်းစသော မည်သည့် အရင်းအနှီး၊ အမြတ်အစွန်းလုပ်ငန်းကိုမျှ လုပ်ဆောင်မည်မဟုတ်ကြောင်း ဝန်ခံချက် ရေးထိုးရမည်။
(ဈ) မိမိ(အသင်း/အဖွဲ့)ကို ဇုန်ကြေးကောက်ယူပေးရန် တာဝန်အပ်နှင်းခြင်းခံရပါက တစ်နှစ်လျှင် ယဉ်ကျေးမှုဝန်ကြီးဌာန (နိုင်ငံတော်သို့) အနည်းဆုံး အမေရိကန် ဒေါ်လာနှစ်သန်း သို့မဟုတ် ကောက်ခံရရှိငွေ၏ ၈၅ရာခိုင်နှုန်းအနက် များရာထက်ကျော်လွန်၍ ပေးသွင်းနိုင်ပါသည်ဟူသော တွက်ချက်မှု ပါရှိရမည်။
(ည) အခြားတောင်းခံ/တင်ပြ/အကြံပြုချက်များ တင်ပြရမည်။

၃။ လိုအပ်ပါက မိမိအသင်း/အဖွဲ့အား ထောက်ခံမှုပေးနိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနတစ်ခု၏ ထောက်ခံချက်သော်လည်းကောင်း၊ အစိုးရအသိအမှတ်ပြု စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အသင်းကြီးတစ်ခုခု၏ ထောက်ခံချက်သော်လည်းကောင်း ပူးတွဲတင်ပြနိုင်သည်။

၄။ လုပ်ငန်းအပ်နှံခြင်းခံရပါက ဆက်လက်ဆောင်ရွက်ရန်အတွက် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းလက်ခံရမည်။

၅။ ယင်းအချက်များနှင့်ကိုက်ညီပြီး လုပ်ငန်းတာဝန် လက်ခံဆောင်ရွက်လိုသူ ခရီးသွားလုပ်ငန်းဆိုင်ရာ မည်သည့်အဖွဲ့အစည်းမဆို စိတ်ဝင်စားပါက ၃၀-၄-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး ဦးအောင်နိုင်မြင့် ရုံးအဖွဲ့မှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာနသို့လိပ်မူ၍ ဦးကျော်ဦးလွင် ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ မိတ္တူပေးပို့ လျှောက်ထားရမည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင် ပြိုင်စံမပေါ် နိုင်ငံကျော်

ကိုကျော်ရွှေမြင့်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)

ဧပြီလ ၂၃ ရက်နေ့တွင် ထပ်မံဖွင့်လှစ်မည်

၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခွဲ)
ကျောင်းကား Ferry စီစဉ်ပေးသည်
- အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
- အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ မွေစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့
- ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်ရှိခြင်း

လားရှိုးမြို့၊ ရပ်ကွက် ၁၊ အေးချမ်းသာယာ ၃လမ်းနေ ဦးမောင်သန်း(မြို့နယ်အခွန်ဦးစီးဌာနမှူး၊ အောင်လံမြို့)-ဒေါ်ခင်မြအေး (မြန်မာ့စီးပွားရေးဘဏ်၊ လားရှိုးမြို့)တို့၏သားကြီး

ဗိုလ်ကြီးအောင်ခိုင်သန်း
M.B.,B.S (DSMA)
M.Med.Sc (Surgery) Final year
နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇လမ်း၊ ကန်တော်ကလေးနေ (ဦးမြင့်စန်း၊ ဌာနခွဲမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်နီနီ (မြတ်မြင့်မိုရ်-သင်္ကန်းတိုက်၊ နေပြည်တော်)တို့၏သမီးထွေး

မချောစုစုညီမ်း
B.A (English for Professional Purposes)
Diploma in IT

တို့၏ ၇-၄-၂၀၁၃ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မနိုင်အေးအေးသန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မစုစုလှိုင်နှင့် မချစ်စုကိုကို၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးအောင်ပြည့်စိုးနှင့် ဗိုလ်ကြီး အောင်နိုင်ဝင်း၊ မင်္ဂလာသတို့သမီးအရံ မသန္တာကျော်ဦးနှင့် မမျိုးမြတ်သင်းတို့အားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော 15th Intake (DSA)မှ အရာရှိကြီးများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ခိုင်သန်း-မချောစုစုညီမ်း

ကန့်ကွက်ရန်ကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ် (၁၂၅၄/၁၂၅၆)၊ အခန်းအမှတ် ၃၀၃ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်ဝင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နီနီညို ၁၂/တမန(နိုင်)၀၁၃၉၆၉က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် (၃၂၁၊ ၃၂၂၊ ၃၂၃၊ ၃၂၄) ဧရိယာ ၇၃သမ ၃၄၆ဧက အမည်ပေါက် ဦးထွန်းထွန်းလင်း ၁၂/မဘန(နိုင်)၀၂၄၈၅၄ထံမှ ဦးဘော့စ်နတ် ၁/မကန(နိုင်)၀၃၈၂၇၈က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ဖော်ပြပါရုံးသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါစက်မှုဇုန်၊ မြေကွက်အမှတ် ၂၈၊ ဧရိယာ ၁ဒသမ၈၇၃ဧက အမည်ပေါက် ဒေါ်နီနီ ၁၂/လကန (နိုင်)၀၂၇၃၂၄ထံမှ First Myanmar Investment Co.,Ltd. က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ၎င်းကုမ္ပဏီအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပင်လယ်ကူးသင်္ဘောသားများသို့

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်(MSF) ရွေးချယ်တင်မြှောက်ပွဲတွင် မဲပေးမည့်သူများသည် အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အဖွဲ့ချုပ်အဖွဲ့ဝင်များ ဖြစ်ရပါမည်။

ယခင်(MOSA)အဖွဲ့ဝင်ဟောင်းများသည် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် (MSF)အဖွဲ့ချုပ် အဖွဲ့ဝင်ကတ်ပြားများကို ၁၀-၅-၂၀၁၃ရက် နောက်ဆုံးထား၍ အခမဲ့လာရောက်ထုတ်ယူပါရန် အကြောင်းကြားအပ်ပါသည်။

ဓာတ်ပုံနှစ်ပုံနှင့် (MOSA) ကတ်ပြားဟောင်းယူဆောင်လာပါရန်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
အမှတ် ၅၃၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃/၄၄၊ ဦးပိုင်အမှတ် ၄(ခ)၊ ၁၂(ခ)၊ ၇(ဃ)၊ ၇(င)နှင့် ဧဟုတွင်ပြီး စုစုပေါင်းမြေဧရိယာ ၃၁ဒသမ၃၇၄ ဧကရှိမြေကွက်သည် မြို့မြေစာရင်းတွင် ဦးဘသိန်းပါ(၅၅ဦး)အမည်ပေါက် ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်ကြီးအနက် ဦးပိုင်အမှတ် ၇(ဃ)၊ မစိုးရိမ်ကျောင်းလမ်း၊ မစိုးရိမ်ကျောင်းလမ်းသွယ်(၂)နှင့် စပါယ်လမ်းထောင့်ရှိ ၁ဒသမ၇၅ ဧကခန့်မြေကွက်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်လျက်ရှိပါသည်။ ကျန်မြေကွက်ကြီး၏ တစ်စိတ်တစ်ဒေသကိုမျှ မြေပိုင်ရှင်များ၏သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

ဤတားမြစ်ချက်အားဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မြေရှင်များ၏ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့် တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၅/၅၊ (ဒုတိယထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၂၅၂၉၀၉၅၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ လူနေရပ်ကွက်အမှတ် မြေကွက်အမှတ် ၅၉၂၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ နှစ် ၆၀ဂရန်မြေအမျိုးအစား မြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ် ၅၉၂ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးကြည်(ခ)ရန်ချိန်ကျွင်း ၉/မရမ(နိုင်) ၀၇၈၃၉၅ က အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင် ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၈၂၊ ၈၃၊ ၈၄၊ ဧရိယာ ၉ဒသမ၂၄၀ဧက၊ ၄၀၂၅၀၈ စတုရန်းပေရှိ မြေကွက်သက်သက်များနှင့် မြေကွက်အမှတ် ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ဧရိယာ ၁၀ဒသမ၉၄၉ဧက ၄၇၆၉၇၆ စတုရန်းပေရှိ မြေကွက်သက်သက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးရဲအောင် ၁၂/လသန(နိုင်) ၀၁၀၁၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရွှယ်ထွန်း (စဉ်-၃၆၈၉၉) LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကြော်ငြာ

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်၊ အမှတ် ၂၁၅၊ ဈေးလေးလမ်းနေ (ဦးဖေ-ဒေါ်မယ်မြင့်)တို့၏သား၊ (ဒေါ်လှလှ)၏ခင်ပွန်း၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်း၊ မန္တလေးမြို့နေ ဒေါက်တာအောင်ခိုင်သန်း-ဒေါ်သွယ်သွယ်ဦး၊ ဒေါ်ကြည်ကြည်ဆွေ (အလပြ၊ အထက-၃၊ ဟင်္သာတ)တို့၏ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၇-၄-၂၀၁၃ရက် နံနက် ၁၀း၅၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဟင်္သာတမြို့ ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စိန်(ငြိမ်း) လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
အသက်(၉၀)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ၊ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်ကြီးကျော်စိန်(ငြိမ်း)သည် ၁၇-၄-၂၀၁၃ရက် နံနက် ၁၀း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေမိသားစု
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ထပ်ဆင့်အကယ်ဒမီ(၅)ဆုရှင်

ထိပ်တန်းဦးကိုကိုဌေး(ခ)ဦးဌေးဝင်း
(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)
အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊လက်ပံတန်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ ဦးရွှေဝ-(ဒေါ်ထွေး)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ(ဦးမြအောင်-ဒေါ်ငွေစိန်)တို့၏သားသမက်၊ ဦးသိန်းရွှေ-(ဒေါ်ညိုတင်)တို့၏တူ၊ ဦးလှရွှေ၊ ဒေါ်ခင်ဝင်း၊ ဒေါ်မြင့်ကြည်၊ ဒေါ်သန်းသန်းဆင့်တို့၏အစ်ကို/ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ် ၁၀၉၆/ခနေ မောင်ထွန်းမင်း-မနှင်းဝဿန်၊ မဇာခြည်ဝင့်၊ မောင်ပြည့်ဖြိုးအောင်တို့၏ဖခင်၊ မောင်လင်းလက်ထွန်း၏အဘိုး၊ ဒေါ်တိုးရီ၏ခင်ပွန်းသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှိုင်ထွန်း(ထူးကြီးအသင်း)
ဒုတိယဌာနခွဲမန်နေဂျာ၊သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ M.P.P.E၊ သံတွဲမြို့
အသက်(၅၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီးမြို့နယ်နေ (ဦးလှတင်-ဒေါ်စိန်ဖော့)တို့၏သား၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ (ဦးရွှေမှတ်-ဒေါ်ငြိမ်းတင်)တို့၏သားသမက်၊ ဦးခင်ဝင်း-ဒေါ်စန်းကြည်တို့၏မောင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ M.P.P.E ရေနံဝင်း၊ အမှတ် ၂/ကနေ ဒေါ်အေးအေးထွေး၏ခင်ပွန်း၊ မသင်းစုလှိုင်(သရုပ်ပြ၊ မြိတ်တက္ကသိုလ်)၊ မနှင်းယုလှိုင်(မြို့ပြစီမံကိန်းဌာန၊ Y.C.D.C)၊ မဆုရတနာလှိုင်(နဝမတန်း၊ အထက-၂၊ သာကေတ)တို့၏ဖခင်သည် ၂၀-၄-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၀၅နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ M.P.P.E၊ ရေနံဝင်း၊ အမှတ် ၂/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမြတ်စိုး (အင်းစိန်)
အလုပ်ရုံခွဲမှူး(ငြိမ်း)
အုတ်ကျင်းဂုန်နီစက်ရုံ
မင်းလှအသင်းဝင်
အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးထွန်း-ဒေါ်အိ)တို့၏သား၊ သာယာဝတီ မြေတိုင်းအင်စပက်တော် (ဦးဝေ-ဒေါ်ယုသင်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ရဲမှူးကြီးထွန်းမြင့်၊ ငြိမ်း)-ဒေါ်ကြည်ကြည်တို့၏မောင်၊ အမှတ် ၃၀၄၊ မင်းကြီးလမ်း၊ရွာမအရှေ့၊အင်းစိန်မြို့နယ်နေ ဒေါ်ခင်ထားကြည်၏ခင်ပွန်း၊(ဦးဝင်းကျော်ဦး)-ဒေါ်ထားထားစိုး၊ ဦးခင်မောင်စီ-ဒေါ်နီလာစိုး (အလက-၂၊ အင်းစိန်)၊ ဦးအောင်မြသိန်း - ဒေါ်သီတာစိုး (ရွှေသဇင် ဂုန်နီအိတ် ရောင်းဝယ်ရေး)၊ ဦးကျော်ဆွေ-ဒေါ်ယဉ်ယဉ်စိုး (အမက-၆၊ အင်းစိန်)၊ ဦးကြည်လွင်(နည်းပြ၊ ရန်ကင်းပညာရေးကောလိပ်)-ဒေါ်လှိုင်လှိုင်စိုး(လ/ထ ကထိက၊လှည်းကူးပညာရေးကောလိပ်)၊ (ဦးသောင်းထွဋ်စိုး)တို့၏ဖခင်၊ကိုအောင်ဇော်မြင့်-မသင်းလဲ့စိုး(ခေတ္တ-ကမ္ဘောဒီးယား)၊ ကိုရန်နောင်စိုး၊ ကိုအောင်သူထက်-မရွှေရည်ဝင်းကျော်၊ ကိုစိုးမိုး-မဟန်နီအေးလွင်၊မောင်စည်သူဟိန်းတို့၏အဘိုး၊ မောင်နိုင်ရဲဇော်၊ မပန်းမြတ်ဖူးတို့၏ဘိုးဘိုးကြီးသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်ခ (ရေကြည်မြို့)
ကပအမ-၆၇၈၄
တပ်မတော်(ရေ)(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ရာဇဓိရာဇ်အိမ်ရာ၊ တိုက်အမှတ် ၄၇၂၊ အခန်း ၄၀၃နေ(ဦးစိန်နု-ဒေါ်မဲတူ)တို့၏သား၊ (ဦးထွန်းရှိန်-ဒေါ်စိတ်)တို့၏သားသမက်၊ ဒေါ်စိန်လုံး၏ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း၊ ဦးထွန်းသောင်း-ဒေါ်တင်တင်စန်း၊ ဦးသော်တာ-ဒေါ်ယဉ်ယဉ်စန်း၊ ကိုသန်းလွင်-မနီလာဆွေတို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၃ရက်ညနေ၄း၁၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမင်းဆွေ အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ တိုက်အမှတ် ၄ (ဒုတိယထပ်)၊ ဣန္ဒာသယလမ်းနေ ဦးဝင်းဖေ(နိုင်ငံ့ဂုဏ်ရည်၊ ဒုတိယဆင့်)-(ဒေါ်မြသန်း)တို့၏သား၊ ဒေါ်မေမေခင်၏ခင်ပွန်း၊ ဒေါ်သက်ယဉ်ဝင်း-(ဦးဖြိုးဝေလင်း)၊မောင်ဇာနည်ဝင်း၊ မောင်ဥက္ကာဝင်း၊ မထက်နန္ဒာဝင်း (Y.A.G) တို့၏ဖခင်၊ မောင်လင်းပြည့်ကျော်(Grade-3၊ အထက-၁၊ ဒဂုံ)၏အဘိုး၊ ဦးရဲခိုင်-ဒေါ်ကျင်ထွေး၊ ဦးစောနောင်ဝင်း-ဒေါ်နွယ်နွယ်ဝင်းတို့၏ညီ/အစ်ကိုသည် ၁၉-၄-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစံဝင်း(ခ)ဂျော့(ချ်)ဝင်း (ထားဝယ်အသင်း)
(BEME-Botataung)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ တိုက် ၂၃(လေးလွှာ)နေ [ဒေါ်ခင်ခင်ဝင်း(ခ)Isabel Dewar]၏ခင်ပွန်း၊ (ဦးမြင့်သန်း)-ဒေါ်မေမီဝင်း (UNICEF၊ ငြိမ်း)၊ [ဦးခင်မောင်ဝင်း(ခ)Basil]-ဒေါ်ခင်သန်းအေး၊ ဦးမင်းသူ (Uniteam)-ဒေါ်မေနီဝင်း(စိုက်/မွေး၊ ငြိမ်း)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၄-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် စိန့်မေရီကသီဒြယ်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ရွှေ (ရခိုင်ချောင်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၁၀၄နေ (ဦးချိန် - ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးစိန်-ဒေါ်မျှင်)တို့၏သမီးချွေးမ၊ဦးခင်ညွန့်၏ဇနီး၊ဒေါ်ခင်ခင်စန်း၊ ဦးလှကြည်-(ဒေါ်ခင်ခင်အုန်း)၊ ဦးမောင်မောင်တာ-ဒေါ်ခင်ခင်နိုင်(ပဋ္ဌရူပစက္ကူစက်၊ သရက်မြို့)၊ ဦးမိုးဟိန်း(ဓာတုဗေဒ)-ဒေါ်ခင်ခင်မော်၊ ဦးဇော်လင်းမြင့်(Managing Director) (Best Deco Decorration & Construction Co., Ltd.)-ဒေါ်မိုးမိုး၊ ဦးကျော်အောင်လွင်-ဒေါ်ဌေးဌေးဝင်းတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၀-၄-၂၀၁၃ရက် (စနေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းကျင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၆(မြေညီထပ်)နေ (ဦးသိန်းတန်)၏ဇနီး၊ဦးရွှေရ-ဒေါ်နွဲ့နွဲ့သိန်းတို့၏မိခင်၊ ဦးသူရလင်းကိုကို - ဒေါ်အေးအေးစိုးတို့၏အဘွား၊ မောင်ကောင်းဇင်သူ၊ မောင်ခန့်ဇင်သူ၊ မအေးမမမျိုးတို့၏အဘွားသည် ၁၉-၄-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အရာခံဗိုလ်ကျော်လွင်(ငြိမ်း)
ဆလအခွဲ-၉၄၅၊ (ဟင်္သာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၇၀၉နေ (ဦးဘစိန်-ဒေါ်တု)တို့၏သား၊ ဒေါ်စောမြင့်ကြည်၏ခင်ပွန်း၊ ဦးတင်မြင့်လွင်ဦး (လဝက၊ ငြိမ်း)၊ အရခဗမြင့်ဇော်-ဒေါ်နီနီလွင်(၉၅၈၊ GE)၊ ဦးဝင်းလှိုင်-ဒေါ်မီမီလွင်၊ ဦးစိုးနိုင်-ဒေါ်နုနုလွင်(စင်ကာပူ)၊ တကဌေးလွင်-ဒေါ်အေးအေးမြင့်(၉၆၀၊ GE)၊ ဦးထိန်ဝင်း-ဒေါ်ရီရီလွင်(ရကတ၊ ငွေစာရင်းရုံး)၊ ဒေါ်စန္ဒာလွင်၊ ဦးဝင်းနိုင်ထွေး - ဒေါ်ကေသီလွင်(စင်ကာပူ)တို့၏ဖခင်၊မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၃ရက်(သောကြာနေ့)နံနက်၈း၄၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ထွန်း
အေဂျီတီအိုင်(၁၉၈၃ခုနှစ်)M.T
ဥဿုံသံပန်းသံတံခါးနှင့်သံထည်လုပ်ငန်း
အသက်(၅၀)

တောင်တွင်းကြီးမြို့နယ်နေ(ဦးထွန်းရင်)-ဒေါ်ရင်းစိန်တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် ၆လမ်း၊ အမှတ် ၁၁၁နေ (ဦးဟိန်-ဒေါ်အုန်းကြိုင်)တို့၏သားသမက်၊ မငြိမ်းငြိမ်းစိုး၊ မစိုးစိုးညိမ်းတို့၏ဖခင်၊ ဒေါ်တင်တင်စိုး၏ခင်ပွန်းသည် ၁၉-၄-၂၀၁၃ရက်(သောကြာနေ့) ည ၉း၂၀နာရီတွင် အာရုတော်ဝင်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်အောင်သန်းခင်
ကစလ(ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သုံးခွမြို့နယ်၊ ပျဉ်းမကန်ကျေးရွာနေ (ဦးမောင်တင်-ဒေါ်သိန်းမျှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ ၁လမ်း၊ အမှတ် ၅၉၃/ခနေ (ဦးအောင်မောင်း)၏ဇနီး၊ ဗိုလ်မှူးမြတ်မိုး (၂/၁၀၀ တပ်မတော်ဆေးရုံ၊ ဘားအံ)၊ ဗိုလ်ကြီးဒေါ်သီတာမြင့်(ငြိမ်း)၊ ဒေါ်ရင်ရင်အောင်(လဝက၊ အနောက်ပိုင်းခရိုင်)၊ ဦးဇော်မင်းထွန်း-ဒေါ်တင်တင်အောင်၊ ဗိုလ်ကြီးဆန်းထွန်းအောင်(အထက-၆၊ စစ်တွေ)-ဒေါ်ဝင်းပပသိန်း၊ ဦးအောင်နိုင်ဦး(CP Yangon Co., Ltd.) - ဒေါက်တာသီသီအောင် (လ/ထ ကထိက၊ ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏မိခင်၊ မောင်စွမ်းရည်နိုင်၊ မမြတ်ပွင့်ကေခိုင်၊ မခွာညိုသင်း၊ မောင်သစ်ထူးအောင်၊ မအိမြတ်မွန်၊ မောင်စောမင်းထက်တို့၏ အဘွားသည် ၂၀-၄-၂၀၁၃ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်ဝင်း (မန္တလေး)
(နန်းတော်ဝင်စတိုး)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၉၇၊ ပင်လုံလမ်း၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးဘသိန်း-ဒေါ်အုန်းခင်)၊ ဦးမောင်လေး-ဒေါ်ခွန်တီတို့၏သားသမက်၊ မအေးအေးယဉ်၏ခင်ပွန်း၊ မသဲရီဝင်း၊ မသဲရီလင်း(သတ္တမတန်း-S, အထက-၂၊ ဗဟန်း)တို့၏ဖခင်သည် ၂၀-၄-၂၀၁၃ရက်(စနေနေ့)နံနက် ၆း၁၅နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်သိန်း
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက်၊ ၉၄လမ်း၊ အမှတ် ၃၇/၃၉(သုံးလွှာ)နေ (ဦးမြင့်သိန်း)-ဒေါ်စိန်ရီတို့၏ သမီးငယ်၊ (ဦးခင်အောင်-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ဦးတင်ထွေး-ဒေါ်ခင်စန်းဦး၊ဦးစိန်မြ(CE)-ဒေါ်သက်သက်ဌေး၊ ဦးသန်းညွန့်-ဒေါ်တင်တင်ဝင်း၊ (ဒေါက်တာဦးအေးချို)-ဒေါ်ခင်ဆွေဝင်း၊ ဦးရဲမြင့်အောင်-ဒေါ်ပြုံး၊ ဒေါ်နွယ်နွယ်အောင်တို့၏ညီမငယ်၊ ကိုဝေလင်း-မခိုင်ဇာမွန် (UNICEF Myanmar)၊ မောင်ဖြိုးဟန်ကျော်၊ မောင်ထက်မြက်နိုင်၊ မဆုဖြူစင်နိုင်တို့၏အဒေါ်၊ ဦးဇော်ဝင်းအောင်၏ဇနီးသည် ၂၀-၄-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဟင်္သာတအသင်း

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)
လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
အသက်(၉၀)

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဟင်္သာတအသင်း ဂုဏ်ထူးဆောင်နာယက၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ဖခင်ကြီးသည် ၁၇-၄-၂၀၁၃ရက်တွင် ဟင်္သာတနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက်တွင် ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အမှုဆောင်များနှင့်အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

ဦးစိန်ထွန်း
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၉လမ်း(မြောက်)၊ အမှတ် ၆၅၈နေ (ဦးကျင်မောင်-ဒေါ်လှရွှေ)တို့၏သားကြီး၊ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ ဦးအောင်ကြီး၊ (ဒေါ်အေးစိန်)၊ ဦးမောင်မောင်လွင်၊ ဦးမောင်မောင်ဇင်(ခ)လူရွှင်တော်ဂေါ်ဇီလာ၊ ဒေါ်ခင်ခင်အိ၊ ဦးခင်မောင်ထွန်း၊ ဒေါ်နီလာအေး၊ ဒေါ်သီတာထွေး၊ ဦးနေလင်းထွန်း၊ ဦးအောင်မင်းထွေးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၈-၄-၂၀၁၃ရက် ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ

ဒေါ်အေး(ခ)ဒေါ်ကောက်ပို့
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၀၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသန်းအောင်(ခ)ဦးတူး၏ဇနီး၊ ဦးဇော်မြင့်-ဒေါ်ချိုချိုဝင်း၊ ဦးတင်လှိုင်-ဒေါ်ခင်ခင်မြင့်၊ဦးစောလှိုင်-ဒေါ်ခင်မာမိုး၊ဦးအောင်လှိုင်(ခ)ကိုပေါက်-ဒေါက်တာသင်းသင်းနွဲ့(ကထိက၊ အထူးကုဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ၁၇-၁၈)၊ ဦးမျိုးသန့် - ဒေါက်တာဒေါ်ခင်အေးမြင့်တို့၏မိခင်၊ မြေး၁၁ယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) ည ၈း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ထားဝယ်အသင်း

ဒေါ်ခင်ရွှေ (ထားဝယ်)
ထားဝယ်အသင်းသက်ကြီးကန်တော့ခံ
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ငွေပြည်သာ(၁)လမ်းနေ(ဦးသာကို-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးအောင်)၏ဇနီး ဒေါ်ခင်ရွှေ အသင်းဝင်အမှတ်(၄၈၇၁)သည် ၁၉-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။(အသင်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးတင်အေး (M.P.P.E၊ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ သံသုမာလမ်း၊ ဇီဇဝါအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၁ (ပထမထပ်)နေ(ဦးသာလှိုင်-ဒေါ်အုန်းခင်)တို့၏သား၊ (ဦးကြွေ)-ဒေါ်အေးသွင်၊ ဦးကျော်စိန်တို့၏ညီ/မောင်၊ (ဒေါ်နှင်းနု)၏ခင်ပွန်း၊ ကိုလှိုင်ထွန်းဦး-မမင်းဝိုင်းဝိုင်း၊ ကိုကျော်မင်းဦး - မနီလှိုင်ကြည်တို့၏ဖခင်၊ မအိန္ဒြေမြတ်နိုးဦး၊ မခိုင်သရဖီကျော်တို့၏အဘိုးသည် ၂၀-၄-၂၀၁၃ရက်(စနေနေ့)နံနက်၁နာရီတွင်ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇနိတ မဟာထေရ် (ရုံးသပြေကန်)
သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ဓမ္မိကာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတ မဟာထေရ်သည် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၈ရက်) ၁၈-၄-၂၀၁၃ရက် နံနက် ၁၁း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးဂုဏ်ရည်များကို အာရုံပြု၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) ၂၂- ၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ဓမ္မိကာရုံကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းလိုက်ပါပို့ဆောင်နိုင်ရန်အတွက် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်နေဝင်း (ငြိမ်း)
အသက်(၆၆)နှစ်

မန္တလေးမြို့နေ ဒေါ်နန်းအေးမြ၏ ချစ်လှစွာသောခင်ပွန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး(အငြိမ်းစား) ဗိုလ်မှူးချုပ်နေဝင်း(ငြိမ်း)သည် ၁၈-၄-၂၀၁၃ရက် နံနက် ၁၀း၂၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေမိသားစု
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ဒေါ်ခင်စီ (ကဝ)
အသက်(၉၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးရွှေဥကန်းလမ်းတို၊ အမှတ် ၃၉နေ (ဦးတင်မောင်-ဒေါ်အေးညွန့်)တို့၏သမီး၊ ဦးခင်လှ-(ဒေါ်ခင်ကြည်)တို့၏အစ်မ၊ တူ၊တူမ ကိုးယောက်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) ည ၁၀း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်စောအောင်
ကျောင်းဆရာ(ငြိမ်း)
ပုဏ္ဏားကျွန်းမြို့
အသက်(၇၅)နှစ်

ပုဏ္ဏားကျွန်းမြို့နယ်၊ တန်းခိုးကျေးရွာနေ(ဦးမောင်ဖြူထွန်း-ဒေါ်ကြာဖံ)တို့၏သား၊ (ဦးဖိုးသာ)-ဒေါ်စိန်ဦးသာတို့၏သားသမက်၊ ဒေါ်ခင်စောဟန်-ဦးမောင်ဇော်၊ (မောင်မောင်မြသိန်း)၊ မောင်ညီညီ၊ ဦးထွန်းဝေ-ဒေါ်အာသာဝတီ၊ ဒေါ်ပိုးဝါခိုင်-ဦးမောင်တင်အေး၊ မစောယုခိုင်တို့၏ဖခင်၊ ဒေါ်ဦးသိန်းမေ၏ခင်ပွန်းသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ပြည်တော်သာပတ်လမ်း၊ အမှတ် ၇၂၈/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးစိုးဝင်း
အသက်(၆၇)နှစ်

မိုးကုတ်မြို့၊ အောင်နန်းရပ်နေ (ဦးသောင်းရွှေ - ဒေါ်သန်းရင်)တို့၏သားကြီး၊ ဦးအုံးလွင်-ဒေါ်ကြည်ကြည်ဌေး၊ ရန်ကုန်မြို့နေ ဦးကိုကိုတင်-ဒေါ်လှလှမြင့်၊ မိုးကုတ်မြို့၊ အောင်နန်းရပ်နေ ဒေါက်တာဌေးအောင်ကို-ဒေါက်တာလှလှတင့်၊ ဦးမြင့်အောင်-ဒေါ်ခင်မေသက်၊ဦးဝင်းဇော်-(မော်မှုမှုစိန်)၊ (ဦးမြင့်မောင်)-ဒေါ်အေးအေးကြည်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၆ယောက်တို့၏ဘကြီးသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) ည ၉း၃၀နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မန္တလေးပြည်သူ့ဆေးရုံကြီးမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်သန်းခင်
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်းသွယ်၊ အမှတ် ၁၇/၁နေ (ဦးဘိုးထင် - ဒေါ်မင်းစိန်)တို့၏သမီး၊ (ဦးစောမောရစ်ယာ)၏ဇနီး၊ ဦးအောင်မြင့်-နော်ခလဲမတစ်၊ နော်ချယ်ရီ-(ဦးအောင်ဝင်း)၊ စောသိန်းရွှေ၊ စောဆန်းကျော့-(နော်ပိုးဒီ)၊ နော်သန်းရီ-(ဦးရွှေလင်း)၊ ဦးအောင်လွင်-နော်မေနာသန်း၊ ဒေါက်တာနော်ရီဘက်ခါထင်-ဒေါက်တာစောစိုင်မွန်သာ၊နော်ဖောတာရှူ-စောလားဆဲ့၊ နော်စပယ်တို့၏မိခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၉ယောက်၊ တီနှစ်ယောက်တို့၏အဘွားသည် ၂၀-၄-၂၀၁၃ရက် နံနက် ၂း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၄-၂၀၁၃ရက် နံနက်၇နာရီတွင်အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အမာကြည်(ခ) ဒေါ်ခင်ပြုံးမော်
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းရပ်ကွက်၊ ထီးတန်း ၅လမ်း၊ အမှတ် ၁၆နေ (ဦးကျော်သိန်း-ဒေါ်တင်တင်၊ ရွှေသမင်ဖိနပ်)တို့၏သမီး၊(ဦးအုန်းရွှေ - ဒေါ်အုန်းခင်)တို့၏ သမီးချွေးမ၊ ဦးထွန်းအေး (ကထိက၊ ဌာနမှူး၊ ငြိမ်း၊ လုပ်သားများကောလိပ်၊ မြန်မာစာဌာန)၏ဇနီး၊ ဦးအုန်းမြင့်-ဒေါ်ကြည်ကြည်၊ (ဦးတင်ဦး)၊ ဦးသိန်းလှိုင်-ဒေါ်သန်းသန်းတို့၏ညီမသည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၃ ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးဝေတင်
(မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)
အသက်(၅၆)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နေ (ဦးဝေစိန်-ဒေါ်ပုယိုင်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ စိန်ပန်းမြိုင်ရဲရိပ်သာ၊ အခန်း ၄၊ လိုင်း ၉နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ကိုတင်မင်းထွန်း (လေနုအေးလက်ဖက်ရည်ဆိုင်)၊ ကိုတင်လင်းထွန်း (အကြီးစားစက်မှုလုပ်ငန်း၊ စင်ကာပူ)၊ ဒုရဲအုပ်တင်ဝင်းထွန်း(မြောက်ဥက္ကလာပရဲစခန်း)တို့၏ဖခင်သည် ၂၀-၄-၂၀၁၃ရက်(စနေနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မြန်မာနိုင်ငံအား အကူအညီပေးမည်ဟု ဂျပန်ဝန်ကြီးချုပ် ပြောကြား

ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက တက်ကြွစွာ အကူအညီပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဆိုအာဘေးက ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဧပြီ ၁၈ ရက်က တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့မှုအား ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့အပြင် ဂျပန်ဝန်ကြီးချုပ်က အနာဂတ်ကိုရည်မျှော်သည့် မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းမှုများကို ဂျပန်နိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် ဂျပန်အစိုးရ၏ တရားဝင်အကူအညီများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများဖြင့်လည်းကောင်း ကူညီသွားမည်ဖြစ်ကြောင်းဖြင့် ဂျပန်နိုင်ငံသို့ ရက်သတ္တတစ်ပတ်ကြာ အလည်အပတ်ရောက်ရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖော်ထုတ်နိုင်

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပညာရေးစနစ် မြှင့်တင်ရေးကိုလည်း ဆွေးနွေးခဲ့ကြပြီး ဂျပန်ဝန်ကြီးချုပ်က ဂျပန်နိုင်ငံ၏ အဝေးသင်ပညာရေးနှင့် ညကျောင်းကဲ့သို့သော လုပ်ငန်းခွင်မပျက် ပညာသင်ယူနိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည်လည်း မြန်မာနိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ယမန်နေ့ည ၇ နာရီခန့်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဆိုအာဘေး တို့ ဧပြီ ၁၈ ရက်က တိုကျိုမြို့ ဝန်ကြီးချုပ်ရုံးခန်း၌ တွေ့ဆုံစဉ်။

မြန်မာ့ရွှေဈေးကွက်တွင် (၁၀)နှစ်တာအတွင်း ရွှေဈေးနှုန်းမှာ စံချိန်တင်ထိုးကျ

မောင်မောင်ထွေး

တစ်နေ့တာ၏ ပထမဦးဆုံးရွှေဈေးကွက်ကို ကမ္ဘာ့အရှေ့ဖျား ဩစတြေးလျတိုက်မှ အစပြုသည်။ ထိုမှ အာရှ၊ ဥရောပ၊ အမေရိကသို့ ဆက်တိုက် အရောင်းအဝယ်ဈေးကွက်ဖြစ်၍ တစ်ပတ်လည်ကြောင်း လေ့လာသိရှိရသည်။

တစ်နည်းအားဖြင့် ဩစတြေးလျမှ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ တရုတ်တိုင်ပေ၊ စင်ကာပူ၊ အိန္ဒိယဈေးကွက်များသို့လည်းကောင်း၊ ထိုမှ ဥရောပရှိ လန်ဒန်ရွှေဈေးကွက်သို့လည်းကောင်း လည်ပတ်ပြီး အမေရိကန်နယူးယောက်ဈေးကွက်၌မူ တစ်နေ့တာ အဆုံးသတ်၍ ဈေးကွက်ပိတ်သိမ်းလေ့ရှိသည်။

မြန်မာနိုင်ငံတွင်မူ ရန်ကုန်နှင့် မန္တလေးဈေးကွက်ပေါ် အခြေတည်လျက် ရွှေဈေးကွက်၏ ဈေးနှုန်းကို *စာမျက်နှာ ၉ ကော်လံ ၁* ▲

ရွှေဝယ်သူများဖြင့် များပြားလျက်ရှိသည့် ရန်ကုန်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

ယနေ့ မာတိကာ

စက်လှေလမ်းကြောင်း ဖော်ပေးပါ *စာမျက်နှာ - ၂*

တရုတ်နိုင်ငံ အနောက်ပိုင်း စီချွမ်တွင် အားပြင်းငလျင်လှုပ် အနည်းဆုံး ၁၅၆ ဦး သေဆုံး၊ ၅၅၀၀ ခန့် ဒဏ်ရာရ *စာမျက်နှာ - ၄*

ဆီးရီးယားကို အမေရိကန် ဝင်တော့မှာလား *စာမျက်နှာ - ၅*

နိုင်ငံခြားသံတမန်များ ဟိုပုံးမြို့နယ်၏ အထင်ကရ ထန်စန်းသဘာဝ လိုက်ဂူလေ့လာ *စာမျက်နှာ - ၁၂*

လေကြောင်းသတင်းပြန်ကြားရေးဌာနခွဲ အိုင်အက်စ်အို လက်မှတ်ရရှိမည်

သတင်း - မောင်သစ္စာ

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတကာနှင့် ရင်းနှီးပွင့်လင်းစွာ ထိတွေ့ဆက်ဆံလာသော မြန်မာနိုင်ငံသည် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရှိ လေကြောင်း သတင်းပြန်ကြားရေးဌာနခွဲသည် မကြာမီနိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေး စီမံခန့်ခွဲမှုဖြစ်သော (ISO-9001-2008) လက်မှတ်ကို ရရှိတော့မည်ဖြစ်သည်။

လေကြောင်းသတင်း ပြန်ကြားရေးဌာနခွဲသည် ယခင်ကပင် နိုင်ငံတကာမြို့ပြလေကြောင်း အဖွဲ့ချုပ် (အိုင်စီအေအို)၏ သတ်မှတ်လမ်းညွှန်ချက်များနှင့်အညီ လေကြောင်းသတင်းပြန်ကြားရေးလုပ်ငန်းများကို *စာမျက်နှာ ၃ ကော်လံ ၄* ❖

ဂျပန်အသင်းမှ ကာ ဝါ ရာ ဒါ ၏ ထိုး ဖောက် မှု ကို မြန်မာ ယူ-၁၈(ခ) ကစားသမားတစ်ဦး ဖျက်ထုတ်နေစဉ်။ (သတင်း-၃) (ဓာတ်ပုံ-စိုးညွှန့်)